**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကိုအနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၅၉)

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ ကြာသပတေးနေ့


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။


၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့်အထိမ်းအမှတ်အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

## ရေရှည်မျှော်မှန်းပြီး ဒလသင်္ဘောကျင်းကဲ့သို့ သင်္ဘောကျင်းများမှ လိုအပ်သည့်ရေယာဉ်များကို တည်ဆောက်ကြရမည်ဖြစ်

## နိုင်ငံပိုင်သင်္ဘောကျင်းများအနေဖြင့် ရေရှည်ကိုမျှော်မှန်းပြီး စွမ်းဆောင်ရည်ပိုမိုမြင့်မားစွာဖြင့် ကြိုးပမ်းဆောင်ရွက်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ်(၁၅၀) ပြည့်အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ၁၈၇၅ ခုနှစ်က တည်ဆောက်ထားခဲ့သော ဒလသင်္ဘောကျင်း၏ သမိုင်းဝင်ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံအား ရှေးမူမပျက်အကြီးစားပြန်လည်မွမ်းမံပြီးစီးမှု ကမ္ပည်းမော်ကွန်းကျောက်စာနှင့် သမိုင်းဝင်အဆောက်အအုံဆိုင်းဘုတ်တို့အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်ရှိ သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ်(၁၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊


**စာမျက်နှာ ၁၆ ကော်လံ ၁** ★



ဆိုက်ဘာလုံခြုံရေးဥပဒေပြဋ္ဌာန်း စာ - ၇ သို့

**ဆောင်းပါး** ဇာတိမာန်ကိုထက်သန်စေသည့်တေး စာ - ၃ သို့





## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်)

# ဘိုးဘွားအမွေအနှစ်ထိန်းသိမ်းဖို့တာဝန်

မြန်မာ့သမိုင်းကိုဆစ်ပိုင်းလေ့လာလျှင် ဂုဏ်ယူဖွယ်ကောင်းလှသည့် အင်ပါယာနိုင်ငံတော်ကြီး သုံးရပ်တည်ထောင်နိုင်ခဲ့သည်ကို သိရှိကြပြီးဖြစ်သည်။ အနော်ရထာဘုရင်မင်းမြတ်သည် အကွဲကွဲအပြားပြားဖြစ်နေသော မြို့ပြနိုင်ငံငယ်များကိုစုစည်း၍ ပထမမြန်မာနိုင်ငံတော်အဖြစ်တည်ထောင်နိုင်ခဲ့သည်။ နိုင်ငံတော်ကာကွယ်ရေးမှာ သူရဲကောင်းများထွန်းကားခဲ့သည့်အတွက် ပထမမြန်မာနိုင်ငံတော်၏ သမိုင်းမော်ကွန်းသည် ယနေ့တိုင်အစဉ်ထွန်းလင်းတောက်ပလျက်ရှိသည်။ ဘုရင့်နောင်မင်းမြတ်သည်လည်း ဒုတိယမြန်မာနိုင်ငံတော်ဟုသမိုင်းတွင်မည့် တောင်ငူခေတ်ကိုတည်ထောင်ခဲ့သည်။ ဟံသာဝတီတွင် ထီးနန်းစိုက်ထူ၍ တစုတစည်းတည်းသောနိုင်ငံတော်ကိုတည်ထောင်ခဲ့သည်မှာ ပတ်ဝန်းကျင်နိုင်ငံများကပင် ရိုသေခန့်ညားခဲ့သည်။

ထို့နောက် ရွှေဘိုကိုဗဟိုပြုလျက် ဦးအောင်ဇေယျသည် အလောင်းမင်းတရားဘွဲ့ခံယူကာ မြန်မာတစ်နိုင်ငံလုံးကို စုစည်းသိမ်းပိုက်နိုင်ခဲ့ပြီး တတိယမြန်မာနိုင်ငံတော် ကုန်းဘောင်ခေတ်ကို စတင်ခဲ့သည်။ အလောင်းမင်းတရားသားတော် ဆင်ဖြူရှင်မင်းတရားလက်ထက်တွင် တိုင်းတစ်ပါးသားတို့သည် မြန်မာနိုင်ငံအား စစ်ပွဲလေးကြိမ်ကျူးကျော်လာခဲ့သည်ကို အောင်မြင်စွာတိုက်ထုတ်နိုင်ခဲ့သည်မှာလည်း သမိုင်းတွင် အထင်အရှားရှိသည်။ ကုန်းဘောင်ခေတ်ဦးသည် မြန်မာတို့ကိုယ့်ထီးကိုယ့်နန်းဖြင့် ဂုဏ်ယူဝင့်ကြွားစွာနေနိုင်ခဲ့သည်။ ဘိုးတော်ဘုရားလက်ထက်အထိ မြန်မာတို့ဘုန်းမီးနေလတောက်ပခဲ့သည်။ သို့သော် ကုန်းဘောင်ခေတ် ဘကြီးတော်မင်းလက်ထက် ၁၈၂၄ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်တို့သည် ပထမအကြိမ်ကျူးကျော်စစ်ကိုအစပြုခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် ပုဂံမင်းလက်ထက် ၁၈၅၂ ခုနှစ် ဒုတိယအကြိမ်ကျူးကျော်စစ်ပွဲကို ဆင်နွှဲလာခဲ့ပြန်သည်။ အကြောင်းအမျိုးမျိုးပြ၍ မြန်မာတို့အပေါ် ဝံပုလွေသည် သိုးငယ်အပေါ် ပြုမူဆက်ဆံသကဲ့သို့ ကျူးကျော်စော်ကားခဲ့ခြင်းဖြစ်သည်။ အင်္ဂလိပ်နယ်ချဲ့လက်အောက်တွင် ရောက်ရှိနေသည့် အောက်မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ရန်နှင့် အထက်မြန်မာနိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် မင်းတုန်းမင်းလက်ထက်တွင် ကနောင်မင်းသားက ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ရုံပေါင်းများစွာတည်ထောင်ခဲ့ပြီး ရေမြှုပ်ဗုံးကို အောင်မြင်စွာတီထွင်နိုင်ခဲ့သည်။ သို့သော် မြန်မာတို့နိုင်ငံရေးကံဆိုးခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့က နန်းတော်အတွင်းတွင် သူလျှိုများမွေးမြူထားကာ မြန်မာ့သတင်းများကို စဉ်ဆက်မပြတ်သိရှိနေသည်။ နောက်ဆုံးတွင် မြန်မာတို့၏ စက်မှုရှေ့ဆောင် ကနောင်မင်းသားသည် နယ်ချဲ့လက်ပါးစေတို့၏လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ရသည်။ ဤဖြစ်ရပ်ဆိုးများသည် မျိုးဆက်သစ်အဆက်ဆက်အတွက် သင်ခန်းစာဖြစ်သည်။

ကုန်းဘောင်ခေတ်၏ နောက်ဆုံးမင်းဆက်ဖြစ်သော သီပေါမင်းလက်ထက် ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်တို့က တတိယအကြိမ်ကျူးကျော်စစ်ဆင်နွှဲကာ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်သွားခဲ့သည်။ တိုင်းတစ်ပါးလက်အောက်ကျရောက်ခဲ့ခြင်းနှင့်အတူ မြန်မာဘုရင့်တပ်မတော်သည်လည်း ကွယ်ပျောက်သွားခဲ့သည်။ မြန်မာတို့အဖို့ သီပေါမင်းပါတော်မူကာ လွတ်လပ်ရေးဆုံးရှုံးသွားခြင်းသည် အလစ်အငိုက်ခံလိုက်ရခြင်းဖြစ်သည်။ သီပေါမင်းပါတော်မူပြီးသည်မှ (၁၀)နှစ်တာကာလအတွင်း မြန်မာတိုင်းရင်းသားတို့၏တော်လှန်ရေးကို အင်္ဂလိပ်တို့ခက်ခဲစွာနှိမ်နင်းခဲ့ရသည်။ မြန်မာတို့သည် အကြမ်းအနုစုံလင်စွာ နယ်ချဲ့တော်လှန်ရေးများကို ဆင်နွှဲခဲ့ကြသည်။ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဝိုင်အမ်ဘီအေ)သည် ထင်ရှားစွာပေါ်ထွက်လာသည်။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာအောင် ပထမဆုံးဆောင်ရွက်ပေးသည့် အမျိုးသားရေးအသင်းဖြစ်သည်။

ထို့နောက် ၁၉၂၀ ပြည့်နှစ်တွင် ပထမကျောင်းသားသပိတ်ပေါ်ပေါက်လာခြင်းနှင့်အတူ အမျိုးသားကျောင်းများပေါ်ထွန်းလာခဲ့သည်။ မြန်မာစာ မြန်မာစကားကိုပိုမိုထွန်းကားအောင်ဆောင်ရွက်လာခြင်းနှင့်အတူ မြန်မာလူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ကာ သခင်မျိုးဟော့-တို့ဗမာကြွေးကြော်သံများနှင့်အတူ နယ်ချဲ့ကိုလက်နက်ကိုင်တိုက်ခိုက်နိုင်သည့် တပ်မတော်တစ်ရပ်ပေါ်ထွန်းလာခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)သည် မြန်မာတို့အတွက် အရှေ့က နေဝန်းထွက်သည့်ပမာရှိခဲ့သည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ ဖက်ဆစ်တော်လှန်ရေးကာလတို့တွင် တပ်မတော်သည် ပြည်သူလူထုကို ဦးဆောင်တိုက်ပွဲဝင်ခဲ့သည်။ တပ်မတော်ခေါင်းဆောင် လွတ်လပ်ရေးဖိသုကာ ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံ့လွတ်လပ်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပင်လုံစာချုပ်ဖြင့်တည်ဆောက်ထားခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးစတင်ဆင်နွှဲသည့်နေ့မှာ တပ်မတော်နေ့ဖြစ်လာခဲ့သလို ပင်လုံစာချုပ်ချုပ်ဆိုသောနေ့သည်လည်း ပြည်ထောင်စုနေ့ဖြစ်လာသည်။ တပ်မတော်နေ့၊ ပြည်ထောင်စုနေ့တို့၏အသီးအပွင့်များသည် လွတ်လပ်ရေးနေ့ကို ဖြစ်ပေါ်စေခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည်မှာ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် (၇၇)နှစ်ပြည့်မြောက်မည်ဖြစ်သည်။ ရရှိထားသောလွတ်လပ်ရေးကြီး ကမ္ဘာတည်သရွေ့တည်တံ့နေရေး ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်မှာ နိုင်ငံသားအားလုံးအတွက် သမိုင်းကပေးအပ်ထားသည့် ဘိုးဘွားအမွေအနှစ်တာဝန်ဖြစ်ပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်ရေး။

၅။ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## ကော့သိုက်(ကော့ဒါန်)ကျေးရွာ ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၁**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့နယ် ကော့သိုက်ကွင်းနှင့် ကော့ဒါန်ကွင်းတို့ရှိ စိုက်ဧက ၃၀၀ ခန့်အား အကျိုးပြုနိုင်မည့် ကော့သိုက် (ကော့ဒါန်)ကျေးရွာ ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာလ ၃၁ ရက် နံနက်ပိုင်းတွင် အဆိုပါကုန်ထုတ်လမ်းသစ်မုခ်ဦးတည်နေရာ၌ ကျင်းပကြောင်း သိရသည်။

ကုန်ထုတ်လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကျေးရွာသူ၊ ကျေးရွာသားများအားလုံး မိမိတို့ကိုယ်တိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားကြရန်၊ အကျိုးရှိရှိအသုံးပြုကြရန်နှင့် အစိုးရကဆောင်ရွက်ပေးရန်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနအသီးသီးနှင့် ပေါင်းစပ်တင်ပြဆောင်ရွက်ခြင်းဖြင့် မိမိဒေသဖွံ့ဖြိုးအောင် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ကုန်ထုတ်လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ကော့သိုက်(ကော့ဒါန်)ကျေးရွာ ကုန်ထုတ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါကုန်ထုတ်လမ်းသစ်ကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၁၃၉ ဒသမ ၁၀၀ သန်းဖြင့် ကုန်ထုတ်လမ်းအရှည် ၁ မိုင် ၃ ဖာလုံနှင့် Box Culvert နှစ်စင်းကို ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (၄၀၆)

## သဇင် (FM)အသံလွှင့်အစီအစဉ်

၂-၁-၂၀၂၅(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဇာတိမာန်ကိုထက်သန်စေသည့်တေး

ရန်ကုန်ဌေးဇော်

အချုပ်အခြာအာဏာပိုင်လွတ်လပ်သော နိုင်ငံတိုင်း၌ နိုင်ငံတော်သီချင်းများရှိသည်။ နိုင်ငံတော်သီချင်းဆိုသည်မှာ အမျိုး၊ ဘာသာ၊ သာသနာ၊ သာသနာ့ဂုဏ်ကို ကြီးမြင့်အောင် ချီးမြှင့်ရေးစပ်ထားသည့် သီချင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် အမျိုးသားသီချင်း(ဝါ)ဇာတိမာန်တေးသံ ဟုလည်းခေါ်ဆိုနိုင်သည်။ "ငါတို့လူမျိုးကား ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ထည်ထည်ဝါဝါ ခမ်းခမ်းနားနားနေခဲ့သော သခင်မျိုးဖြစ်သည်။ ငါတို့လူမျိုးကား သယံဇာတပေါကြွယ်ဝ၍ မြင့်မြတ်သော နိုင်ငံတွင် နေထိုင်သောလူမျိုးဖြစ်သည် " ဟူသောအချက်အပေါ်တွင်မှီပြီး အမျိုးဂုဏ် မြင့်မားခြင်း၊ မျိုးချစ်စိတ်ထက်သန်ခြင်း၊ လွတ်လပ်မှုကိုမြတ်နိုးခြင်း၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးခြင်း၊ နိုင်ငံတည်ဆောက်ခြင်း၊ အဖျက်ရန်ကိုတော်လှန်ခြင်း စသည်တို့ကို အကြောင်းပြု၍ ရေးဖွဲ့သီဆိုသောတေး သီချင်းများသည် ဇာတိမာန်တေးများပင် ဖြစ်သည်။

ဇာတိမာန်ဟူသည် ပါဠိနှင့်ပါဠိသက် ဝေါဟာရကိုပေါင်းစပ်ထားသည့်စကားလုံး ဝေါဟာရပင်ဖြစ်သည်။ ဇာတိသည် ပါဠိ စကားဖြစ်၍ မာန်သည် ပါဠိစကား "မာန" မှဆင်းသက်လာသည်။ ဇာတိကို လေးမျိုး တွေ့နိုင်သည်။ ၁။ ပဋိသန္ဓေနေခြင်း သို့မဟုတ် ပဋိသန္ဓေ။ ၂။ အမျိုးအနွယ် သို့မဟုတ် မျိုးရိုး ၃။ မွေးဖွားရာအရပ် ၄။ မူလဖြစ်ခြင်း၊ အစစ်ဖြစ်ခြင်း သို့မဟုတ် ပကတိဟူ၍တွေ့နိုင်သည်။ တေးဟူသည် သီချင်းဖြစ်၍ ဇာတိမာန်တေးသည် ဇာတိ မာန်သီချင်းပင်ဖြစ်သည်။

ရှေးမြန်မာဘုရင်များလက်ထက်က နိုင်ငံ တော်သီချင်းဟူ၍မရှိခဲ့ပြား ဘုရင်မင်းမြတ် များ၏ ဘုန်းတန်ခိုးတေဇအာဏာကို ချီးကျူးရေးစပ်ထားသော ဘုန်းတော်ဘွဲ့ သီချင်းများကို တစ်နည်းအားဖြင့် နိုင်ငံတော် သီချင်း (ဝါ) အမျိုးသားတေးသံဟု မှတ်ယူ နိုင်ပေသည်။ ဘုန်းတော်ဘွဲ့သီချင်းများသည် ကိုယ့်နိုင်ငံကိုသော်လည်းကောင်း၊ ကိုယ့် အမျိုးဘာသာ၊ သာသနာကိုသော်လည်း ကောင်း ချစ်ခင်လေးမြတ်လာစေရန် သီကုံးထားသောကြောင့်ဖြစ်သည်။ ဥပမာ အားဖြင့်–"နန်းဘုံသီဟာသွေ၊ သဠာညောင် ရွှေ၊ ရွှန်းဝေထိန်ပြောင်၊ ညီနောင်ဆက်ခါ၊ ပိုင်စံစိုးတော့သာ။ အို…ဆင်ဖြူဆဒ္ဒန်၊ ဆက်ပြန်လို့ပြား၊ မရှားလိုရာ၊ ဘုန်းတော် တေဇ၊ ဒေဝါနတ်မောင်၊ ရွှက်ဆောင် ကျိုးတော်သာ။ ဘုန်းတော်ကြီး ထီးတစ်ရာ၊ စကြာစိုးတယ် မိုးဖြဟ္မာ၊ ထူးထွေလာ ပြောင်း၊ ကောင်းကြီးပြာ. . ."ဟူသည့်

> ❖ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်လွတ်လပ်သောနိုင်ငံဖြစ်လာ . . .
>
> ❖ အချုပ်အခြာအာဏာပိုင်လွတ်လပ်သောနိုင်ငံဖြစ်လာသည်နှင့် တစ်ပြိုင်နက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် နိုင်ငံတော်အလံ၊ နိုင်ငံတော်တံဆိပ်နှင့် နိုင်ငံတော်သီချင်းတို့ကို ထည့်သွင်းပြဋ္ဌာန်းကြရ . . .

ဘုန်းတော်ဘွဲ့သီချင်းပါ စာသားများ၊ တစ်ဖန်–"မြမန်းဂီရိ သေလာတောင်၊ နန်း တည်ထောင်ဘုန်းရောင်ထွေနေသို့လင်း၊ နောင်ညီ ကို၊ ရွှေဘိုနွယ်တော်ရင်း၊ ရာဆူဆူ ပြည်သူ ခဝပ်စင်း၊ ရွှေဘုန်းတော်နှုန်းလျော်စံပျော်ခင်း၊ တေဇတိုးလို့ဖြိုးဝေ၊ မန်းဌာနေ . . . အောင် ဗေယျာပြည်မင်း…"ဟူသည့်ဘုန်းတော်ဘွဲ့ပါ စာသားများသည် မိမိတို့နိုင်ငံ၊ မိမိတို့၏ လက်ရှိအခြေအနေ စသည်တို့ကို မီးမောင်း ထိုးပြရင်း မိမိတို့ကိုအုပ်စိုးသည့်ရာဇာတို့ အားလည်းကောင်း၊ မိမိတို့ရေမြေနိုင်ငံ ကို ချစ်မြတ်နိုးကြစေရန်လည်းကောင်း အမျိုးသားရေး၊ မျိုးချစ်စိတ်တို့ကို လှုံ့ဆော် သည့်တေးများပင်ဖြစ်ခဲ့တော့သည်။

ဗြိတိသျှနယ်ချဲ့အစိုးရသည် မြန်မာ နိုင်ငံကို စတင်ကျူးကျော်ခြင်းဖြင့် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်–မြန်မာပထမစစ်ပွဲ ဖြစ်ပွားခဲ့ပြီး နယ်ချဲ့အင်္ဂလိပ်က စစ်နိုင်သဖြင့် ရခိုင်နှင့်တနင်္သာရီနယ်မြေများကို အင်္ဂလိပ် တို့ကသိမ်းပိုက်ခဲ့သည်။ တစ်ဖန် ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲ ဖြစ်ပွားပြန်ရာ အင်္ဂလိပ်ကပင်စစ်နိုင်သဖြင့် မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းပိုက်ခဲ့ သည်၊ မြန်မာနိုင်ငံတစ်ခုလုံးကို မတရားကျွန် ပြုသိမ်းပိုက်ရန် ကြံစည်ထားပြီးဖြစ်သော ဗြိတိသျှနယ်ချဲ့အင်္ဂလိပ်အစိုးရသည် ၁၈၈၅ ခုနှစ်တွင် မြန်မာဘုရင်က သစ်ခိုးသော ဘုံဘေဘားမားသစ်ကုမ္ပဏီအား ပြစ်မှု ထင်ရှားသဖြင့် ဒဏ်ငွေကျပ်နှစ်သန်းသုံးသိန်း တပ်ရိုက်သည်ကိုအကြောင်းပြု၍ တစ်ဖက် စီးနင်းတောင်းဆိုချက်များကိုတောင်းဆိုပြီး အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲကို ကျူးကျော် ဆင်နွှဲခဲ့ကြသည်။ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်တွင် မြန်မာတစ်နိုင်ငံလုံးကို တိုက်ခိုက်သိမ်းပိုက်လိုက်ခဲ့ကြတော့သည်။

မြန်မာနိုင်ငံသည် ဗြိတိသျှအင်ပါယာ အတွင်းသို့ သက်ဆင်းကျရောက်ခဲ့ရသည့် နောက်ပိုင်းတွင် "အကျွန်ုပ်တို့၏ဘုရင်ကို ဘုရားသခင် ကာကွယ်စောင့်ရှောက်တော်မူပါ" ဟု အစချီသော ဗြိတိသျှအမျိုးသား သီချင်း(ဝါ) ဗြိတိန်နိုင်ငံတော်သီချင်း သည် မြန်မာနိုင်ငံတစ်ဝန်းလုံး ပျံ့နှံ့ခဲ့ သည်။

မြန်မာ့နိုင်ငံရေးဇာတ်ခုံတွင် တို့ဗမာ အစည်းအရုံးဟူ၍ပေါ်ပေါက်လာသောအခါ မြန်မာနိုင်ငံ၏ပထမဦးဆုံးအမျိုးသားသီချင်း ဟုဆိုရမည်ဖြစ်သော "တကောင်းအဘိ ရာဇာ တို့ဗမာသာကီမျိုးဟာမို့ မညှိုး ဂုဏ်တေဇာ" ဟုအစချီသည့် တို့ဗမာ သီချင်းလည်း ပေါ်ပေါက်၍လာခဲ့ကြလေ သည်။ ယင်းတို့ဗမာသီချင်းကိုရေးစပ်ခဲ့သူ မှာ ဝိုင်အမ်ဘီဆရာတင်ဖြစ်သည်။ ဝိုင်အမ် ဘီဆရာတင်သည်ခေတ်ပညာတတ်ပုဂ္ဂိုလ် တစ်ဦးဖြစ်၍ ဂီတအနုပညာရှင်ကျောင်း ဆရာလည်းဖြစ်သည်။ တို့ဗမာအစည်း အရုံးဝင်ဖြစ်လာသောအခါ သခင်တင်ဟု တွင်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး နောက်တွင် ဆရာတင်အား နိုင်ငံတော် အစိုးရက ဝဏ္ဏကျော်ထင်ဘွဲ့ချီးမြှင့်ခဲ့သည်။ ဆရာတင်သည် တို့ဗမာအစည်းအရုံးဝင် သခင်များ၏တာဝန်ပေးတိုက်တွန်းချက်အရ ရေးစပ်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ် တစ်ခေတ်လုံး တို့ဗမာသီချင်းသည် မြန်မာ တို့၏အမျိုးသားသီချင်းအဖြစ် ရပ်တည်ခဲ့ လေသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံဖြစ်လာသည်။ အချုပ် အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံ ဖြစ်လာသည်နှင့်တစ်ပြိုင်နက် ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေတွင် နိုင်ငံတော် အလံ၊ နိုင်ငံတော်တံဆိပ်နှင့် နိုင်ငံတော် သီချင်းတို့ကို ထည့်သွင်းပြဋ္ဌာန်းကြရသည် ဖြစ်သည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဇွန်လ ၁၈ ရက် ဗုဒ္ဓဟူးနေ့တွင် ကျင်းပသော မြန်မာနိုင်ငံတိုင်းပြုပြည်ပြုလွှတ်တော်၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးတွင် ဥက္ကဋ္ဌကိုကြိုတင်၍ မြင်းခြံကျေးလက် တောင်ပိုင်းအမတ် ဦးဘဂျမ်းက နိုင်ငံတော် အလံ၊ နိုင်ငံတော်တံဆိပ်နှင့် နိုင်ငံတော် သီချင်းတို့အတွက် စဉ်းစားထောက်ခံရေး ကော်မတီခန့်ရန် အဆိုတင်သွင်းသည်။ ယင်းအဆိုကို လွှတ်တော်တစ်ရပ်လုံးက သဘောတူညီခဲ့ရာ ဒီးဒုတ်ဦးဘချိုအား သဘာပတိအဖြစ်ဦးဆောင်စေ၍ကော်မတီ ကိုဖွဲ့စည်းခဲ့လေသည်။ ကော်မတီလူကြီး များမှာ ဦးအောင်ဇံဝေ၊ ဗိုလ်မှူးအောင်၊ မန်းထွန်းရင်၊ ဗိုလ်အောင်ကြီး၊ ဒေါ်ခင်လှ၊ ဆရာလှမင်း၊ မိုင်းပွန်စော်ဘွားကြီး၊ ဒူးဝါး ဇော်လွန်းနှင့် ဦးဝမ်ကိုဟောတို့ဖြစ်ကြ သည်။ ထိုကော်မတီတွင် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သောပညာသည်ကြီးများ ပါဝင် ရန်လိုအပ်သဖြင့် ပန်းချီဆရာ ဦးငွေကိုင်နှင့် ဦးအုန်းလွင် အားလည်းကောင်း၊ ဂီတ ဘက်ဆိုင်ရာ ဦးဘသန်းနှင့် ဒဂုန်ဆရာတင် အားလည်းကောင်း၊ အသံလွှင့်ဌာနခွဲဆိုင်ရာ ဦးခင်ဇော်နှင့်ဦးထင်ဖတ်အားလည်းကောင်း ထပ်ဖြည့်အဖွဲ့ဝင်များအဖြစ် ခန့်ထားသည်။ တိုင်းပြုပြည်ပြုလွှတ်တော်ရုံး အထူးအရာရှိ ဦးသိန်းဟန်ကိုလည်း ကော်မတီ၏အတိုင် ပင်ခံအဖြစ်ထားရှိသည်။

ထိုနှစ် ဇူလိုင်လ ၁၉ ရက် နိုင်ငံတော် လုပ်ကြံမှုကြီးတွင် ကော်မတီ၏သဘာပတိ ဒီးဒုတ်ဦးဘချိုနှင့်ကော်မတီဝင် မိုင်းပွန် စော်ဘွားကြီးတို့လည်း ပါဝင်ကျဆုံးခဲ့ရ သဖြင့် သဘာပတိ ဒီးဒုတ်ဦးဘချိုနေရာတွင် သခင်တင်အားလည်းကောင်း၊ မိုင်းပွန်စော် ဘွားကြီး၏နေရာတွင် မိုးမိတ်စော်ဘွား ကြီးအားလည်းကောင်း အစားထိုး၍ ခန့်အပ်ခဲ့ကြသည်။ ကော်မတီဝင် ဦးဝမ်ကို ဟောမှာလည်း နုတ်ထွက်သွားသဖြင့် ၎င်းနေရာတွင် ဦးငွန်တိုးအား အစားထိုး ခန့်အပ်ခဲ့လေသည်။

ထိုကော်မတီမှ တို့ဗမာသီချင်းစာသား မှစကားလုံးများကိုကောက်နုတ်၍ တေး သွားကို မူလအတိုင်း အပြည့်အဝယူကာ နိုင်ငံတော်သီချင်းမူကို တင်ပြကြသည်။ သခင်တင်အမှူးပြုသော ကော်မတီက တင်ပြသည့် နိုင်ငံတော်သီချင်းမူကို ဝန်ကြီး ချုပ်နှင့် ကော်မတီအဖွဲ့ဝင်အချို့တို့က သီချင်းစာသားအနည်းငယ်ပြင်ဆင်၍ လက်ခံခဲ့ကြလေသည်။ ထိုသီချင်းမှာ–

"အမျိုးသားရေးကြိုးပမ်းစို့လေ၊ တို့ပြည် တို့မြေ၊ အရှေ့ကနေဝန်း ထွန်းသစ်စပုံသို့ တို့ဆောင်သမျှ အောင်ရမည်မှာ မလွဲပေ၊ တို့ပြည်ပေ့ တို့မြေ၊ တို့ပြည်ထောင်စုပေ။ တို့တစ်တွေရဲ့ပြည်၊ တို့တစ်တွေရဲ့မြေ၊ တိုင်းရင်းသားအမွေ။"

"(ကမ္ဘာမကျေ ဗမာပြည် တို့ဘိုးဘွား အမွေစစ်မို့ ချစ်မြတ်နိုးပေ)၂ ဒါ တို့ပြည် ဒါတို့ မြေ၊ တို့ကိုယ်ပိုင်မြေ၊ တို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ၊ တို့ပြည်တို့မြေ၊ အကျိုးကို ကာကွယ်သယ်ပိုးမလေ၊ တို့ ပြည်ထောင်စု အမွေ အဖိုးတန်ဤမြေ တို့တာဝန်ပေ။"

နိုင်ငံတော်သီချင်းမူကိုလက်ခံအတည်ပြု ရန်အတွက် ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၂ ရက်တွင်ကျင်းပသော တိုင်းပြုပြည်ပြု လွှတ်တော် တတိယညီလာခံ၏ အဋ္ဌမ အကြိမ်မြောက်အစည်းအဝေး၌ တင်ပြ ဆွေးနွေးကြသည်၊ ယင်းသို့ဆွေးနွေးရာတွင် မန္တလေးမြို့အနောက်တောင်ပိုင်းအမတ် ဗိုလ်ခင်မောင်လေးက ပြင်ဆင်ချက်တင်သွင်း ၍ မြန်အောင်ဦးတင်က ထောက်ခံခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်သီချင်းမူမှာ ဝိုင်အမ် ဘီဆရာတင်၏ မူလတေးသွားအတိုင်းပင် ဖြစ်သော်လည်း သီချင်းစာသား၌ ပြင်ဆင် ချက်များပါဝင်ခဲ့ရပြန်လေသည်။ သို့သော် အဆိုပါပြင်ဆင်ချက်ကိုပင် လွှတ်တော် တစ်ရပ်လုံးကလက်ခံအတည်ပြုခဲ့သည်။ အတည်ပြုခဲ့သော နိုင်ငံတော်သီချင်းသည် နိုင်ငံရေးလှိုင်းလုံးများအကြားဝယ် ယနေ့ တိုင် ခိုင်မြဲတည်ရှိနေဆဲဖြစ်သည်။ ၂၀၀၈ ခုနှစ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၁၃)၊ ပုဒ်မ ၄၃၉ (က)တွင် "နိုင်ငံတော်သီချင်းအဖြစ် အောက်ဖော်ပြပါ လက်ရှိနိုင်ငံတော် သီချင်းကိုသတ်မှတ်သည်"ဟူ၍ ပြဋ္ဌာန်း ထားသည်ကိုတွေ့ရသည်။

"တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ၊ တို့ပြည် – တို့မြေ၊ များလူခပ်သိမ်း ငြိမ်းချမ်း စေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည်၊ တို့ပြည်– တို့မြေ၊ ပြည်ထောင်စုအမွေ– အမြဲတည်တံ့စေ၊ အဓိဋ္ဌာန်ပြုပေ–ထိန်းသိမ်း စို့လေ။"

စာမျက်နှာ ၄ သို့ ▸▸

▸▸ စာမျက်နှာ ၃ မှအဆက်

“(ကမ္ဘာမကျေ–မြန်မာပြည် တို့ဘိုးဘွား အမွေစစ်မို့–ချစ်မြတ်နိုးပေ)၊ ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ၊ ဒါတို့ပြည်– ဒါတို့မြေ တို့ပိုင်နက်မြေ၊ တို့ပြည်တို့မြေ အကျိုးကို ညီညာစွာ တို့တစ်တွေ ထမ်းဆောင်ပါစို့လေ၊ တို့တာဝန်မလေ၊ အဖိုးတန်မြေ။”

တေးဂီတဟူသည်မှာ အနုပညာတစ်ရပ်ပင်ဖြစ်သည်။ မည်သည့်အနုပညာရပ်တွင် မဆို စံမီသောအနုပညာပစ္စည်းတစ်ခုဖြစ်လာရန်အတွက် အကြောင်းအရာနှင့် ပုံသဏ္ဌာန်နှစ်ရပ်စလုံး ကောင်းမွန်ပြီး အကြောင်းအရာရော ပုံသဏ္ဌာန်ပါ အချိုးအစားကျကျ လိုက်ဖက်ညီထွေရှိရန် လိုအပ်လေသည်။ သို့မှသာ အနုပညာမြောက်မည်ဖြစ်သည်။ အနုပညာမြောက်မှသာ သီဆိုသူတိုင်း၏နားထဲ နှုတ်ထဲတွင် စွဲမြဲခိုင်ကျည်နေမည်ဖြစ်သည်။

အနုပညာသည် သာယာမှုသဘောသက်သက်ဖြင့် အဆုံးသတ်နေသည် မဟုတ်ပေ။ အနုပညာသည် ခေတ်အဆက်ဆက်ကိုဖြတ်သန်းကာ စနစ်များ ဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် သူကလည်း ဖွံ့ဖြိုးတိုးတက်လာလေသည်။ အနုပညာသည် လက်ရှိဘဝကိုဖွဲ့သည်။ လူ့လောကကြီး၏ အခြေအနေများကို ဖော်ပြသည်၊ ယင်းမှတစ်ဖန် လူတို့၏စိတ်ကို နိုးကြားလာအောင်၊ တက်ကြွလာအောင် လှုံ့ဆော်ပေးသည်။ တော်စတွိုင်းက “အနုပညာသည်လူအများကိုညီညွတ်ပေါင်းစည်းစေရာနည်းလမ်းဖြစ်သည်”ဟု ရေးဖူးသည်။ အနုပညာက ဆက်သွယ်ဖော်ကျူးလိုက်သောခံစားမှုကို အတူတကွခံစားကြကာ နီးစပ်ပေါင်းစည်းမိလာခြင်းသဘောကို ဆိုလိုခြင်းဖြစ်သည်။ ပလက်ကင်းနော့က လည်း “အနုပညာသည် လူအများအား စုစည်းရာ နည်းလမ်းတစ်ခု” ဟုပြောပြခဲ့သည်။ “ကမ္ဘာမကျေ ဗမာတစ်တွေ၊ ဒါတို့ပြည်၊ ဒါတို့မြေ၊ ဒါငါတို့ပြည်” စာသားပါ“တို့ဗမာ” သီချင်းမှာ အမျိုးသားလွတ်မြောက်ရေးစိတ်ဓာတ်ကို နိုးကြားအောင် လှုံ့ဆော်နိုင်စွမ်းရှိသည်။ ပြည်သူတို့မှာ အဆိုပါသီချင်းကိုသီဆိုရင်း ကြက်သီးမွေးညင်းထခဲ့ကြသည်။ ပြည်သူတို့မှာ လွတ်လပ်ရေးရရှိရန်အလို့ငှာ တိုက်ပွဲဝင်လာကြသည်။ လွတ်လပ်ရေးရရှိရန် ဟူသည့် ခံစားမှုပါသောကြောင့်ဖြစ်သည်။

ဇာတိမာန်တေးမည်သော နိုင်ငံတော်သီချင်းတွင် ပီပြင်သော၊ အနုပညာမြောက်သော၊ စံမီသောဇာတိမာန်တေးဖြစ်လာရန်

**▪ သီချင်းစာသားအကြောင်းအရာက ထက်သန်သောမျိုးချစ်စိတ်ကို ပေါ်ထွန်းစေသောစာသားများဖြစ်ပြီး ပုံသဏ္ဌာန်ပိုင်းက တေးသွားသံစဉ် ဆန်းသစ်နက်နဲလှ . . .**

**▪ ထိုနှယ်ခိုင်ကျည်လှသဖြင့် တင်ကျန်ရစ်ခဲ့သော ဇာတိမာန်သီချင်းကို ရင်မှလာသောစေတနာများဖြင့် ဟစ်ကြွေးသီဆိုနေသင့် . . .**

**▪ ဟစ်ကြွေးသီဆိုရင်း ဇာတိမာန်တေးသည် အနာဂတ်ကာလများတိုင် မယိမ်းမယိုင်တည်တံ့နေမည်ဖြစ် . . .**

အကြောင်းအရာရော ပုံသဏ္ဌာန်ပါကောင်းမွန်နေသည်ကို တွေ့ရသည်။ အကြောင်းအရာဟူသည်မှာ တွေးခေါ်ယူဆပုံ မှန်ကန်ခြင်းနှင့် စာသားပီပြင်ပြောင်မြောက်ခြင်းပင်ဖြစ်ပြီး ပုံသဏ္ဌာန်ဟူသည်မှာ သံစဉ်တေးသွားဖွဲ့စည်းပုံ ပြေပြစ်သာယာညက်ညောခြင်းပင်ဖြစ်သည်။

၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုလွှတ်တော်သည် မြန်မာနိုင်ငံရေးကို အရှည်မြော်တွေးခဲ့ကြကြောင်း နိုင်ငံတော်သီချင်း၏ စာသားပါ စကားလုံးတစ်လုံးချင်းစီက ပြောပြနေပေသည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်းသည် နိုင်ငံသားတိုင်း လိုလားသောဆန္ဒဖြစ်သည်၊ တရားမျှတခြင်း ရှိမှသာလျှင် စိတ်သည်တည်ငြိမ်အေးချမ်းနေမည်ဖြစ်သည်။ လွတ်လပ်ခြင်းရှိမှသာလျှင် ကိုယ်သွားတိုင်းစိတ်ပါကာ သာယာချမ်းမြေ့မည်ဖြစ်လေသည်။ နိုင်ငံတော်ဟူသည့်မျက်နှာကိုမကြည့်သရွေ့ အယူအမျိုးမျိုးရှိကြမည်ဖြစ်သည်။ နိုင်ငံတော်၊ တိုင်းပြည်နှင့် လူမျိုးတို့၏အရေးကို စဉ်းစားတွေးတောပေးလာပါက အယူစင်ကြယ်သွားလိမ့်မည်ဖြစ်သည်။ အယူရှိခြင်း၊ မရှိခြင်းကို လက်ခံပေးနိုင်သော်လည်း အယူဖြူစင်မှသာလျှင် နိုင်ငံအားလုံးတူညီသော အခွင့်အလမ်း၊ အင်အားများသူက အင်အားနည်းသူကို နိုင်ထက်ကလူပြုမှုသည့်ကိစ္စများ ချုပ်ငြိမ်းသွားမည်ဖြစ်သည်။

အမွေဟူသည် မိဘ၊ ဘိုးဘွား စသည်တို့ထံမှ ဆက်ခံရရှိသော ပစ္စည်းဥစ္စာ၊ ဆက်ခံရရှိသောပညာ စသည်တို့ကိုခေါ်ခြင်းဖြစ်သည်။ ဘိုးဘွားဟူသည်မှာ မိမိ မိဘနှစ်ပါး၏ အဖေနှင့်အမေတို့ပင်ဖြစ်သည်၊ ဘိုးဘွားအစဉ်အဆက်တစ်လျှောက် ဆက်ခံထိန်းသိမ်းသယ်ဆောင်လာသည့် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ခွင့်တူညီမျှခြင်း၊ ဝါဒအယူဖြူစင်ခြင်းတို့ကို မိမိတို့သားမြေးများက မလွဲမသွေဆက်ခံရမည်ဖြစ်သည်။ ဆက်ခံသည့်အရာတို့သည်လည်း တည်တံ့စေရန်အရေးကြီးသည်။ တည်ဟူသည် မြို့၊ ရွာ၊ နိုင်ငံ၊ တိုက်တာကို တည်ထောင်ထားခြင်းပင်ဖြစ်သည်။ တံ့ဟူသည် ခိုင်မြဲခြင်းသဘောကို ဆောင်လေသည်။ ဘိုးဘေးတို့တည်ထောင်ထားခဲ့သည့် နိုင်ငံကိုရေရှည်ခိုင်မြဲနေရန် အမွေဆက်ခံသူတို့သိသင့်သည်။ အဓိဋ္ဌာန်ပြုခြင်းသည် စိတ်ကိုအခိုင်အမာဆောက်တည်ခြင်းဖြစ်သည်။ ထိန်းသိမ်းမည်ဟူသောစိတ်ကို အခိုင်အမာဆောက်တည်ကြရန် တိုက်တွန်းပါသည်။ “ထိန်း”ခြင်းသည် ကြည့်ရှုစောင့်ရှောက်ခြင်းပင်ဖြစ်သည်။ အဘိုးတို့ အဘွားတို့ တည်ထောင်ထားခဲ့ကြသည့် ရေမြေတောတောင်အချုပ်အခြာအာဏာကို ထိန်းသည့်သဘောဖြင့် ကြည့်ရှုစောင့်ရှောက်ရမည်ဖြစ်သည်။ ကြည့်ရှုစောင့်ရှောက်ရုံသာမက တည်တံ့ခိုင်မြဲစေရန်လည်း သိမ်းဆည်းရမည်ဖြစ်သည်။ “သိမ်း” ခြင်းသည် လုံခြုံအောင် ထားခြင်းပင်ဖြစ်သည်။ သို့ကြောင့်ထိန်းသိမ်းခြင်းသည်လုံခြုံအောင် ကြည့်ရှုစောင့်ရှောက်ခြင်းပင်ဖြစ်သည်။ လုံခြုံအောင် ကြည့်ရှုစောင့်ရှောက်မည်ဟူသည် ခိုင်မြဲသောစိတ်ကိုမွေးမြူကြရန် ယခင်ရှေးကတည်းက တိုက်တွန်းခဲ့သည်။ လိုအပ်ချက်အရဖြစ်သည်။ အမြဲလိုအပ်နေမည်ဖြစ်သည်။

သီချင်း၏ခြေဆင်းပြီးသည်နှင့် ကမ္ဘာမကျေမြန်မာပြည်ဟူ၍ စတင်သီဆိုကြသည်၊ စကားလုံးတစ်လုံးချင်းစီသည်များစွာ သက်ရောက်သည်။ “ကျေ” ဟူသည် ပျောက်ပျက်သွားသည်၊ ပြေငြိမ်းပြီးပြတ်သည်ဟုဆိုသည်။ မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာကြီးမပျောက်ပျက်သွားသရွေ့ တည်ရှိနေရမည်၊ ကမ္ဘာတည်သရွေ့ မြန်မာဟူသည် ရှိနေရမည်ဟူသည့် ကြက်သီးဖြန်းဖြန်းထလောက်အောင် စကားလုံးတို့ဖြင့် စတင်ဖွင့်လှစ်ပြလာသည်။

မြန်မာနိုင်ငံ၏ သမိုင်းရေလျှိုင်းသည် ထန်လွန်းလှသည်။ တင်ပြေပါ ဇာတိမာန်တေး(ဝါ)ဇာတိမာန်သီချင်းအတိုင်း အဓိဋ္ဌာန်မြောက်နိုင်ရန် ဒို့တာဝန်အရေးသုံးပါးသည် လိုအပ်လာတော့သည်။ ဒို့တာဝန်အရေးသုံးပါးသည် ဇာတိမာန်တေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်လာခဲ့တော့သည်။ ထိန်းသိမ်းစောင့်ရှောက်လိုစိတ်တို့လည်း ပိုမိုခိုင်မြဲကြသင့်သည်။ သီချင်းစာသားအကြောင်းအရာက ထက်သန်သောမျိုးချစ်စိတ်ကို ပေါ်ထွန်းစေသောစာသားများဖြစ်ပြီး ပုံသဏ္ဌာန်ပိုင်းက တေးသွားသံစဉ် ဆန်းသစ်နက်နဲလှသည်။ ထိုနှယ်ခိုင်ကျည်လှသဖြင့် တင်ကျန်ရစ်ခဲ့သော ဇာတိမာန်သီချင်းကို ရင်မှလာသောစေတနာများဖြင့် ဟစ်ကြွေးသီဆိုနေသင့်သည်။ ဟစ်ကြွေးသီဆိုရင်း ဇာတိမာန်တေးသည် အနာဂတ်ကာလများတိုင် မယိမ်းမယိုင်တည်တံ့နေမည်ဖြစ်သည်။ ယင်းသည် နိုင်ငံသားတိုင်း ဆက်ခံရမည့် အမွေသာဖြစ်ပါတော့သတည်း။ ။

---



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇– ၃၄၀၄၉၁၁၊ ၀၆၇– ၃၄၀၄၉၂၂၊ ၀၆၇– ၃၄၀၄၉၃၃၊ ၀၆၇–၃၄၀၄၉၄၄၊ ၀၆၇–၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇–၄၅၅၀၄၈၈၊ ၀၆၇–၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁– ၂၀၃၂၀၉၁၊ ၀၇၁– ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉– ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉– ၂၀၂၄၀၃၇၊ ၀၅၉– ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂– ၂၂၀၁၉၃၉၊ ၀၅၂– ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃–၂၀၂၈၈၇၈၊ ၀၆၃– ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂– ၄၀၂၁၂၄၅၊ ၀၂– ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉– ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ – ၂၀၂၇၉၃၅၊ ၀၅၇– ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉– ၂၅၅၀၀၂၅၁၇၊ ၀၉– ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁– ၈၃၀၀၀၁၆၊ ၀၁– ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁– ၂၁၂၄၅၄၀၊ ၀၈၁– ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉– ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂– ၂၀၂၅၉၉၃၊ ၀၄၂– ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉– ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



# အရှည်ကိုမျှော်တွေးကြရန် အရေးကြီး

ယနေ့အချိန်အခါတွင် ပြည်တွင်းမှ ပြည်ဖျက်သစ္စာဖောက်များနှင့် အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားအတွက် မိမိတို့တိုင်းရင်းသားများကို ဆင်းရဲဒုက္ခရောက်စေပြီး မိမိတို့နေထိုင်ရာဒေသဖွံ့ဖြိုးတိုးတက်မှုနှင့်အရင်းအမြစ်များကိုဖျက်ဆီးနေမည့်အစား မိမိတို့ရှင်သန်ကြီးပြင်းခဲ့ရာဒေသနှင့် နိုင်ငံတော်၏အကျိုးအတွက် အားလုံးက အရှည်ကိုမျှော်တွေးကြရန် အရေးကြီးသည့်အချိန်ဖြစ်ပါသည်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ
နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)
၁၅.၁၂.၂၀၂၄

# ကျိုင်းတုံမြို့နယ်၊ လွိုင်မွေဒေသ၌ ချယ်ရီပန်းပွဲတော်(၂၀၂၅) ဖွင့်လှစ်




ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများက ချယ်ရီပန်းပွဲတော်(၂၀၂၅)ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁**

ချယ်ရီပန်းပွဲတော် (၂၀၂၅) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ လွိုင်မွေဒေသ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ချယ်ရီပန်းပွဲတော် (၂၀၂၅) အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ချယ်ရီပန်းပွဲတော်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အသေးစား၊ အငယ်စား၊ အလတ်စား MSME ထုတ်ကုန်ပြပွဲကိုယ်စား အာခါတိုင်းရင်းသားကိုယ်စားလှယ် ဦးမင်းညိုက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကများနှင့် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ၎င်းနောက် ချယ်ရီပန်းပွဲတော်တွင် ကပြဖျော်ဖြေပေးကြသော တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များအား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြပြီး ချယ်ရီပန်းပွဲတော်တွင် ပြသရောင်းချကြသည့် ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ၂၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ်(၃)မျိုး ရောင်းချပေးမည်

**နေပြည်တော် ဇန်နဝါရီ ၁**

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းသည် **"(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်"** ၂၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် (၃) မျိုးအား **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၄) ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း (၆) ရက် (စနေနေ့)၊ နံနက် ၉ နာရီခွဲ**မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။










အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၄) ရက်၊ (စနေနေ့)** တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# ကျိုက်မရောမြို့နယ်၌ ၂၀၂၅ ခုနှစ် နှစ်သစ်ကူးကောင်းမှုကုသိုလ်ပြုသူများ၊ ပျော်ပွဲရွှင်ပွဲဆင်နွှဲသူများဖြင့်အထူးစည်ကား

**ကျိုက်မရော ဇန်နဝါရီ ၁**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ၂၀၂၅ ခုနှစ် နှစ်သစ်ကူးကိုကြိုဆိုသောအားဖြင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများက ၂၀၂၅ ခုနှစ် နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆိုနိုင်ရန်အတွက် ကောင်းမှုကုသိုလ်ပြုသူများ၊ ပျော်ပွဲရွှင်ပွဲများဆင်နွှဲကြသူများဖြင့် နေရာအနှံ့စည်ကားသာယာလျက်ရှိကြောင်းသိရသည်။



ကျိုက်မရောမြို့ပေါ်ရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားများဖြစ်သည့်ဆုတောင်းပြည့်ဘုရားကြီးတွင် ဘုရားဖူးပြည်သူများ၊ စေတီတာကျွေးမွေးသူများ၊ လာရောက်စားသုံးသူ ရပ်ဝေးရပ်နီးမှဧည့်သည်များဖြင့် စည်ကားလျက်ရှိပြီး အထင်ကရနေရာများဖြစ်သည့် ခရိုဂူ၊ စပယ်ဂူ၊ ဘားဘောင်ဂူ စသည့်နေရာများတွင်လည်း ဇာတ်ပွဲများ၊ စတိတ်ရှိုးများဖြင့် ကပြဖျော်ဖြေလျက်ရှိရာ မိတ်ဆွေသူငယ်ချင်းများအစုအဖွဲ့လိုက် ပါဝင်ဆင်နွှဲကြသူများဖြင့် နေရာအနှံ့၌ အထူးစည်ကားသာယာလျက်ရှိကြောင်း သိရသည်။ **ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် | |
|---|---|---|
| နေပြည်တော် | ၁၆°c / | ၃၂°c |
| ရန်ကုန် | ၁၉°c / | ၃၂°c |
| မန္တလေး | ၁၇° / | ၃၁°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နံနက်စာကို အသားရောအသီးအနှံပါ စုံလင်စွာစားသောက်သင့်သည်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာ ကွင်းအမှတ် (၁၆၁၈) တွင် TBLမျိုးစေ့ထုတ်ကုမ္ပဏီမှ စိုက်ပျိုးမြေ ၅ ဧက၌ ချည်မျှင်ရှည်ဝါ၊ နှမ်း၊ နေကြာနှင့် ပဲတီစိမ်းသီးနှံများ မျိုးစေ့ထုတ်စိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စုအတွင်းရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (တည်ဆောက်ရေး-၅)က တာဝန်ယူတည်ဆောက်နေသည့် ပေါင်းလောင်းတမံ ရေပိုလွှဲတွင် Hydraulic Elevator Dam (HED) တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် သာယာစုကျေးရွာ ကွင်းအမှတ် (၁၅၇၅ )ရှိ ရေကြီးနစ်မြုပ်ခဲ့သည့် စိုက်ပျိုးမြေများတွင် မတ်ပဲ၊ နေကြာ၊ ဖူးစားပြောင်းနှင့် ပဲကြီးသီးနှံစသည့် သီးထပ်သီးညှပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့်ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆောင်းသီးနှံနှင့်နွေသီးနှံများကို စိုက်ဧရိယာများတွင် ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ သွင်းအားစုများနှင့် စိုက်ပျိုးရေများကို စနစ်တကျသုံးစွဲရေး၊ သီးထပ်သီးညှပ်စိုက်ပျိုးရေး၊ သီးနှံများပန်းတိုင်အထွက်နှုန်းထွက်ရှိရေးတို့ကို အလေးထားလိုက်နာဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားပြီး တင်ပြချက်များအပေါ်ပေါင်းစပ်ဆောင်ရွက်ပေးကာ တောင်သူများထံ သွင်းအားစုမြေသြဇာများ ပေးအပ်သည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီးရှိ ပေါင်းလောင်းရေလွှဲဆည်သို့ ရောက်ရှိပြီး ပေါင်းလောင်းရေလွှဲဆည်မှတစ်ဆင့် ဆည်ရေသောက်ဧရိယာ ၂၁၁၂ ဧကအားစိုက်ပျိုးရေပေးဝေနေမှုနှင့် ပိုလျှံသည့်ရေများကို အသေးစားရေအားလျှပ်စစ်ထုတ်ယူနိုင်ရေး အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ နေပြည်တော်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တိုင်းဦးစီးမှူးက ပေါင်းလောင်းရေလွှဲဆည်မှ စိုက်ပျိုးရေပေးဝေနေမှုနှင့် အသေးစားရေအားလျှပ်စစ်ထုတ်ယူနိုင်ရေး လေ့လာဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကိုမှာကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

# ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်(သာကေတ) ဆိုင်သစ်ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်သည်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင်ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်(သာကေတ) ဆိုင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်သယံဇာတရေးရာဝန်ကြီးတို့က ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်(သာကေတ) ဆိုင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် ရေနံဓာတ်ငွေ့ရည်ကို ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)၊ အမှတ်(၂)နှင့် အမှတ်(၃) ရေနံဓာတ်ငွေ့ရည်စက်ရုံတို့မှ မီးဖိုချောင်သုံးရေနံဓာတ်ငွေ့ရည်(ဖြူတိန်း)နှင့် စက်မှုလုပ်ငန်းသုံး(ပရိုပိန်း)တို့ကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ရေနံဓာတ်ငွေ့ရည်ကို မော်တော်ယာဉ်များတွင်အသုံးပြုမည်ဆိုပါက စက်သုံးဆီအသုံးပြုမှုထက် ကုန်ကျစရိတ်ပိုမိုသက်သာစေပြီး ပြည်ပမှ စက်သုံးဆီတင်သွင်းမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် ရေနံဓာတ်ငွေ့ရည်ကို ပြည်ပမှမှာယူတင်သွင်းပြီး ကျယ်ပြန့်စွာဖြန့်ဖြူးပေးနိုင်ရန်ရည်ရွယ်၍ ယခုအရောင်းဆိုင်ကို နိုင်ငံတကာအဆင့်မီတည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေနံဓာတ်ငွေ့ရည်အသုံးပြုရာတွင် သုံးစွဲသူများအနေဖြင့် အသိပညာဗဟုသုတရရှိပြီး လုံခြုံစွာအသုံးပြုနိုင်ရေး၊ သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးနိုင်ရေးတို့ကို ရတနာစုကုမ္ပဏီအနေဖြင့် ဆောင်ရွက်ပေးရန်၊ ရေနံဓာတ်ငွေ့ရည်သည် မီးလောင်လွယ်သည့် ပစ္စည်းဖြစ်သဖြင့် ရေနံဓာတ်ငွေ့ရည် သိုလှောင်ဖြန့်ဖြူးရောင်းချရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် Standard Operating Procedure များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ကြရန်နှင့် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားရန် ပြောကြားသည်။




ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီးက ခေတ်နှင့်အညီဆောင်ရွက်သွားနိုင်ရေးအတွက် IT နည်းပညာကိုအသုံးချနိုင်ရေး Research Team ဖွဲ့စည်းဆောင်ရွက်သွားရေးပြောကြားပြီး ရတနာစုကုမ္ပဏီ မန်နေးဂျင်းဒါရိုက်တာက ဆိုင်သစ်ဖွင့်လှစ်နိုင်ရေး တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့မှုနှင့် ရေနံဓာတ်ငွေ့ရည်ဖြန့်ဖြူးရောင်းချမည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်တွင် ရေနံဓာတ်ငွေ့ရည်သိုလှောင်ဖြန့်ဖြူးရောင်းချနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

(၅၀၀)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဆိုက်ဘာလုံခြုံရေးဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ဆိုက်ဘာလုံခြုံရေးဥပဒေ**
**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁ / ၂၀၂၅ )**
၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်
( ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် စီရင်ပိုင်ခွင့်

၁။ ဤဥပဒေကို **ဆိုက်ဘာလုံခြုံရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၃။ (က) မည်သူမဆို ဤဥပဒေအရ အရေးယူနိုင်သော အောက်ဖော်ပြပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည် -

(၁) ပြည်တွင်းတွင်ဖြစ်စေ၊ နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ်တစ်ခုခုပေါ်တွင်ဖြစ်စေ ကျူးလွန်သည့် ပြစ်မှုများ၊

(၂) အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း၌ ဖြစ်စေ၊ အမျိုးသားဆိုက်ဘာနယ်ပယ်နှင့် ချိတ်ဆက်နေသော အခြားဆိုက်ဘာနယ်ပယ်တစ်ခုခု၌ဖြစ်စေ ကျူးလွန်သည့် ပြစ်မှုများ၊

( ခ ) ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်အား ပြည်ပရောက် မြန်မာနိုင်ငံသားက ကျူးလွန်လျှင် ဤဥပဒေအရ စီရင်ပိုင်ခွင့် ရှိစေရမည်။

## အခန်း (၂)
## အဓိပ္ပာယ်ဖော်ပြချက်

၄။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

( ခ ) **ဗဟိုကော်မတီ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

( ဂ ) **ဦးစီးကော်မတီ** ဆိုသည်မှာ ဗဟိုကော်မတီက ဖွဲ့စည်းသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဦးစီးကော်မတီကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဝန်ကြီးဌာနကို ဆိုသည်။

( င ) **ဆက်စပ်ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်း** ဆိုသည်မှာ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပါအဝင် ပြည်ထောင်စုအစိုးရအဖွဲ့က ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်သည်ဟု သတ်မှတ်သည့် ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။

( စ ) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(ဆ) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းစစ်ဆေးရေးလုပ်ငန်းဆောင်ရွက်ရန် ဦးစီးကော်မတီက ဗဟိုကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

( ဇ ) **ဆိုက်ဘာလုံခြုံရေး** ဆိုသည်မှာ သတင်းအချက်အလက်၊ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အီလက်ထရောနစ် သတင်းအချက်အလက်ကို ခွင့်ပြုချက်မရှိဘဲ ရယူမှု၊ ထုတ်ဖော်ရေးသားမှု၊ ပြောဆိုမှု၊ ပေးပို့မှု၊ ဖြန့်ဝေမှု၊ အသုံးပြုမှု၊ နှောင့်ယှက်မှု၊ ပြုပြင်ပြောင်းလဲမှု၊ ဖျက်ဆီးမှု သို့မဟုတ် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံကို ခွင့်ပြုချက်မရှိဘဲ အသုံးပြုမှု၊ နှောင့်ယှက်မှု၊ ပြုပြင်ပြောင်းလဲမှု၊ ဖျက်ဆီးမှုနှင့် ၎င်းတို့ကို ပြုလုပ်ရန်ကြိုးပမ်းအားထုတ်မှုအား ကာကွယ်ခြင်းလုပ်ငန်းကို ဆိုသည်။

( ဈ ) **ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြု၍ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုပေးသောလုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ဝန်ဆောင်မှုလုပ်ငန်းလည်း ပါဝင်သည်။

(ည) **ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ** ဆိုသည်မှာ နိုင်ငံတော်အတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

( ဋ ) **ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကိုအသုံးပြု၍ အွန်လိုင်းတွင် သတင်းအချက်အလက်ကို သုံးစွဲသူမှ ဖော်ပြခြင်း၊ ပေးပို့ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် အသုံးပြုခြင်း ပြုလုပ်နိုင်စေရန် ဝန်ဆောင်မှုပေးသောလုပ်ငန်းတစ်မျိုးမျိုးကိုဆိုသည်။

( ဌ ) **ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ**ဆိုသည်မှာ နိုင်ငံတော်အတွင်း အသုံးပြုနိုင်သည့် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

( ဍ ) **သတင်းအချက်အလက်** ဆိုသည်မှာ အချက်အလက် (Data)၊ အချက်အလက်အစုအဝေး (Database)၊ အသံ၊ စာသား၊ ပုံရိပ်သဏ္ဌာန်၊ ကုဒ်သင်္ကေတ (Code)၊ လက္ခဏာသင်္ကေတ (Sign)၊ အချက်ပြသင်္ကေတ (Signal)၊ ဗီဒီယို (Video)၊ ဆော့ဖ်ဝဲ (Software) သို့မဟုတ် အပလီကေးရှင်း (Application) တို့ကို ဆိုသည်။

( ဎ ) **အီလက်ထရောနစ်သတင်းအချက်အလက်** ဆိုသည်မှာ ဖက်စ်၊ အီးမေးလ်တို့ အပါအဝင် အီလက်ထရောနစ်နည်းပညာဖြင့်ဖြစ်စေ၊ လျှပ်စစ်သံလိုက်လှိုင်းနည်းပညာဖြင့်ဖြစ်စေ၊ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဖန်တီးထားသော၊ ပေးပို့သော၊ လက်ခံသော သို့မဟုတ် သိုမှီးထိန်းသိမ်းထားသော သတင်းအချက်အလက်ကို ဆိုသည်။

(ဏ) **အချက်အလက်** (Data) ဆိုသည်မှာ ကွန်ရက် သို့မဟုတ် ကွန်ပျူတာစနစ်တစ်ခုအတွင်းတွင် ပုံစံအမျိုးမျိုးဖြင့် သိမ်းဆည်းထားနိုင်သည့်အချက်အလက်ကို ဆိုသည်။

(တ) **ဆိုက်ဘာအရင်းအမြစ်** ဆိုသည်မှာ ကွန်ပျူတာ၊ ကွန်ပျူတာစနစ်၊ ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ်၊ ကွန်ရက်၊ ကွန်ရက်အထောက်အကူပြုပစ္စည်း၊ အချက်အလက်အစုအဝေး သို့မဟုတ် ယင်းတို့နှင့်စပ်လျဉ်း၍ တိုးတက်ဖြစ်ပေါ်လာသော နည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို ဆိုသည်။

(ထ) **ကွန်ပျူတာ** ဆိုသည်မှာ သတင်းအချက်အလက်ကို ရယူခြင်း၊ ထားရှိခြင်း၊ တစ်နေရာမှ တစ်နေရာသို့ ပေးပို့ခြင်း၊ သိုမှီးထိန်းသိမ်းခြင်း၊ လုပ်ငန်းစဉ်အလိုက်ဆောင်ရွက်ခြင်းနှင့် လိုအပ်သောအချိန်၌ ပြန်လည်ဖော်ထုတ်၍ အသုံးပြုခြင်းတို့ကိုလည်းကောင်း၊ သင်္ချာနှင့် ယုတ္တိဗေဒဆိုင်ရာ နည်းလမ်းများအသုံးပြုခြင်းကိုလည်းကောင်း အီလက်ထရောနစ်နည်းပညာဖြင့်ဖြစ်စေ၊ လျှပ်စစ်သံလိုက်လှိုင်း နည်းပညာဖြင့်ဖြစ်စေ၊ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့် ဖြစ်စေ ပြုလုပ်နိုင်သည့် ပစ္စည်းကိရိယာကို ဆိုသည်။

( ဒ ) **ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ်** ဆိုသည်မှာ ကွန်ပျူတာစနစ်တစ်ရပ်ကို လုပ်ဆောင်လည်ပတ်ရာတွင် ကွန်ပျူတာစနစ်မှ လုပ်ဆောင်ချက်တစ်ရပ်ရပ်ကို ဆောင်ရွက်စေနိုင်မည့် အချက်အလက်များကို ရည်ညွှန်းသည့် လမ်းညွှန်ချက် သို့မဟုတ် ဖော်ပြချက်ကို ဆိုသည်။

( ဓ ) **ကွန်ပျူတာစနစ်** ဆိုသည်မှာ ပရိုဂရမ်တစ်ခုခုဖြင့် အချက်အလက်များကို အလိုအလျောက် လုပ်ဆောင်လည်ပတ်စေနိုင်မည့် ပစ္စည်းတစ်မျိုးမျိုး၏ စနစ်ကိုဖြစ်စေ၊ အပြန်အလှန် ဆက်သွယ်တည်ဆောက်ထားသော သို့မဟုတ် ဆက်စပ်လျက်ရှိသော ပစ္စည်းများပါဝင်သည့် ပစ္စည်း၏ စနစ်ကိုဖြစ်စေဆိုသည်။ ယင်းစကားရပ်တွင် ကွန်ပျူတာစနစ်နှင့် ချိတ်ဆက်အသုံးပြုသော အချက်အလက်သိမ်းဆည်းသည့်ပစ္စည်း (Removable Storage Medium) တစ်မျိုးမျိုး၏ စနစ်လည်း ပါဝင်သည်။

( န ) **ကွန်ရက်** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို ဆက်သွယ်ရေးနည်းပညာဖြင့် အချင်းချင်းအပြန်အလှန် ချိတ်ဆက်အသုံးပြုရန် ပြုလုပ်ထားသော ချိတ်ဆက်မှုအစုအဝေးကို ဆိုသည်။

( ပ ) **ဗီပီအန် (Virtual Private Network)** ဆိုသည်မှာ ကွန်ရက်တစ်ခုနှင့်တစ်ခု ချိတ်ဆက်ရာတွင် လုံခြုံမှုရှိစေရန် နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ မူလကွန်ရက်အတွင်း ထပ်ပိုးကွန်ရက်အဖြစ် သီးသန့်ထူထောင်ထားသည့် စနစ်ကို ဆိုသည်။

( ဖ ) **ကွန်ရက်အထောက်အကူပြုပစ္စည်း** ဆိုသည်မှာ ကွန်ရက်လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသည့် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံ၏ ပစ္စည်းတစ်ခုခုကိုသော်လည်းကောင်း၊ ယင်းပစ္စည်းများ ပေါင်းစပ်ထားရှိမှုကိုသော်လည်းကောင်း ဆိုသည်။

( ဗ ) **အချက်အလက်ဆန်းစစ်ခြင်း** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူ နည်းပညာနှင့် ဆက်စပ်ပစ္စည်းများကိုအသုံးပြု၍ ဆောင်ရွက်သည့် သတင်းအချက်အလက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ဆိုက်ဘာလုံခြုံရေး အလို့ငှာ ရယူ၍ ဆန်းစစ်ခြင်း၊ သရုပ်ခွဲခြင်း၊ စစ်ဆေးခြင်း စသည့် လုပ်ဆောင်ချက်တစ်ခုခုပြုလုပ်ခြင်းကို ဆိုသည်။

(ဘ) **မောလ်ဝဲရ် (Malware)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ်အား အနှောင့်အယှက်ဖြစ်စေသော သို့မဟုတ် အန္တရာယ်ဖြစ်စေသော အဖျက်အမှောင့်ကုဒ်သင်္ကေတ (Malicious Code) ကို ဆိုသည်။

( မ ) **ဆိုက်ဘာနယ်ပယ် (Cyber Space)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြု၍ အီလက်ထရောနစ် သတင်းအချက်အလက်များအား ကွန်ရက်တစ်ခုအတွင်း ဖြစ်စေ၊ ကွန်ရက်အချင်းချင်းချိတ်ဆက်၍ဖြစ်စေ အပြန်အလှန်အားဖြင့် ပေးပို့ခြင်း၊ ဆက်သွယ်ခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် လက်ခံခြင်းများ ဆောင်ရွက်နိုင်သည့် နယ်ပယ်ကို ဆိုသည်။

(ယ) **ဆိုက်ဘာတိုက်ခိုက်ခြင်း** ဆိုသည်မှာ ဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကိုအသုံးပြု၍ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားလုံခြုံရေး၊ အများပြည်သူ၏ လုံခြုံရေးနှင့် အသက်အိုးအိမ်စည်းစိမ်တို့အား ထိခိုက်ပျက်စီးစေခြင်း သို့မဟုတ် သတင်းအချက်အလက် ဆက်သွယ်မှုကို တစ်နည်းနည်းဖြင့် နှောင့်ယှက်ခြင်း၊ မှားယွင်းစေခြင်း၊ ရပ်ဆိုင်းစေခြင်း သို့မဟုတ် ပျက်စီးစေခြင်းဖြစ်စေရန် ပြုလုပ်မှုတစ်ခုခုကို ဆိုသည်။

( ရ ) **ဆိုက်ဘာမှုခင်း** ဆိုသည်မှာ ဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့်ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြု၍ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကိုဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုတစ်ရပ်ရပ်ကိုဖြစ်စေ ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် ကြံရာပါအဖြစ် ဆောင်ရွက်ခြင်းကို ဆိုသည်။

**စာမျက်နှာ ၈ သို့ ○**

○ စာမျက်နှာ ၇ မှအဆက်

(လ) **ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း** ဆိုသည်မှာ ဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာအရင်းအမြစ်သို့မဟုတ်အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြု၍ ဆိုက်ဘာလုံခြုံရေးကိုထိခိုက်စေရန် တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းကို ဆိုသည်။

(ဝ) **ဒီဂျစ်တယ်ဓာတ်ခွဲခန်း** ဆိုသည်မှာ အီလက်ထရောနစ်စနစ်ဖြင့် သိမ်းဆည်းထားသော အချက်အလက်များကို ဖော်ထုတ်ခြင်း၊ ရယူခြင်း၊ စီမံဆောင်ရွက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အစီရင်ခံခြင်းတို့ကို ဆောင်ရွက်နိုင်သည့် နည်းပညာအထောက်အကူပြု ဓာတ်ခွဲခန်းကိုဆိုသည်။

(သ) **အွန်လိုင်းလောင်းကစားစနစ် (Online Gambling System)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို လောင်းကစားကိရိယာအဖြစ်အသုံးပြု၍ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှုကစားခြင်းတစ်ခုခုတွင် အကောက်အစားယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ ငွေကြေးအတွက်သော်လည်းကောင်း၊ ငွေကြေးကဲ့သို့ တန်ဖိုးရှိသော သို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် လွှဲပြောင်းသတ်မှတ်ရန် သဘောတူပြီးဖြစ်သော ပစ္စည်း သို့မဟုတ် သတ်မှတ်ချက် တစ်စုံတစ်ရာအတွက်သော်လည်းကောင်း လောင်းကစားခြင်း ပြုလုပ်နိုင်သည့်စနစ်ကိုဆိုသည်။

(ဟ) **ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့** ဆိုသည်မှာ နိုင်ငံတော်အတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာလှုပ်ရှားမှုများကို အကျိုးအမြတ်ရယူခြင်းမရှိဘဲ ဆောင်ရွက်ရန် ဦးစီးကော်မတီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုထားသည့်အဖွဲ့ကိုဆိုသည်။

**အခန်း (၃)**

**ရည်ရွယ်ချက်**

၅။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ဆိုက်ဘာအရင်းအမြစ်၊ အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံများနှင့် အီလက်ထရောနစ်သတင်းအချက်အလက်များအား လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန်၊

(ခ) အီလက်ထရောနစ်နည်းပညာများအသုံးပြု၍ ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေခြင်းမှ ကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ဂ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) ဆိုက်ဘာမှုခင်းများကို ထိရောက်စွာ စုံစမ်းဖော်ထုတ် အရေးယူနိုင်ရန်၊

(င) ဆိုက်ဘာအရင်းအမြစ်ကို အခြေခံသော ဒီဂျစ်တယ် စီးပွားရေးစနစ်ကို အထောက်အကူပြုနိုင်စေရန်။

**အခန်း (၄)**

**ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် –

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ ဒုတိယသမ္မတတစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာန၏ပြည်ထောင်စုဝန်ကြီးကို ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆက်စပ်ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် ဆက်စပ်ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီကိုဖွဲ့စည်းရမည်။

(ခ) ဗဟိုကော်မတီကို ဖွဲ့စည်းရာတွင် အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးရမည်။

(ဂ) ဗဟိုကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဗဟိုကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) နိုင်ငံတော်တွင် ကောင်းမွန်လုံခြုံသော အမျိုးသားဆိုက်ဘာနယ်ပယ်ပေါ်ထွန်းရေးအတွက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ သို့မဟုတ် လုပ်ငန်းစီမံချက်များ ချမှတ်ခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ သို့မဟုတ် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် ယှဉ်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့်ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်းတားဆီးကာကွယ်ရေးတို့အတွက် လိုအပ်သောအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(င) ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာမှုခင်းတားဆီးကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးအား အထောက်အကူဖြစ်စေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့်လမ်းညွှန်မှုပေးခြင်း၊

(စ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံများ၏ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို ဆိုက်ဘာလုံခြုံရေးစီမံချက်နှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းညွှန်မှုပေးခြင်း၊

(ဆ) အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း အများပြည်သူက ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံ၏ သတင်းအချက်အလက်သိမ်းဆည်းမှုကို သတ်မှတ်ခြင်း၊

(ဇ) အမျိုးသားဒီဂျစ်တယ်ဓာတ်ခွဲခန်းနှင့် ဒီဂျစ်တယ်ဓာတ်ခွဲခန်းများကို သတ်မှတ်ချက်နှင့်အညီ တည်ထောင်ခွင့်ပြုခြင်း၊

(ဈ) အွန်လိုင်းငွေကြေးဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ လိုအပ်ပါက မူဝါဒ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းကို လမ်းညွှန်မှုပေးခြင်း၊

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း (၅)**

**ဦးစီးကော်မတီ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၈။ ဗဟိုကော်မတီသည် –

(က) ဤဥပဒေပါ ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်နှင့် ကြီးကြပ်နိုင်ရန် ဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်များ၊ ဆက်စပ်ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ဒုတိယဥက္ကဋ္ဌများ သို့မဟုတ် အမြဲတမ်းအတွင်းဝန်များ၊ ဆိုက်ဘာလုံခြုံရေးကျွမ်းကျင်ပညာရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်စေလျက် ဦးစီးကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ဦးစီးကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဦးစီးကော်မတီဝင်များအား ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ပြုနိုင်သည်။

၉။ ဦးစီးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ဗဟိုကော်မတီက ချမှတ်ထားသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ သို့မဟုတ် လုပ်ငန်းစီမံချက်များကို လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဆောင်ရွက်ခြင်း၊

(ဂ) ဆိုက်ဘာတိုက်ခိုက်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက အချိန်မီတုံ့ပြန်ကာကွယ်မှုစနစ်အား စီမံထားရှိနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဃ) အမျိုးသားဆိုက်ဘာနယ်ပယ်လုံခြုံမှုရှိစေရန် ဆက်စပ်ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) ဆိုက်ဘာလုံခြုံရေး သို့မဟုတ် ဆိုက်ဘာမှုခင်းများနှင့် သက်ဆိုင်သောကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များ၊ သဘောတူညီချက်များတွင် နိုင်ငံတော်မှ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ရန် သင့် မသင့် ဗဟိုကော်မတီသို့ လေ့လာတင်ပြခြင်း၊

(စ) နိုင်ငံတော်မှ အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်သော ဆိုက်ဘာလုံခြုံရေး သို့မဟုတ် ဆိုက်ဘာမှုခင်းဆိုင်ရာကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များ၊ သဘောတူညီချက်များနှင့်အညီ အကောင်အထည်ဖော်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်း သို့မဟုတ် ဆိုက်ဘာမှုခင်းများနှင့်သက်ဆိုင်သည့်သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ အရေးယူခြင်းတို့နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အကြံပြုချက်များအား အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း၊ အသိပေးကြေညာခြင်းနှင့် ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာခြိမ်းခြောက်မှုဖြစ်စဉ်တို့ကို သတင်းထုတ်ပြန်ခြင်း၊ အသိပေးကြေညာခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း၊

(ဈ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ ကာကွယ်ခြင်းလုပ်ငန်းများကို ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ၏ သတင်းအချက်အလက်များအား သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းခြင်း ရှိ မရှိ စိစစ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(ဋ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့ကို စိစစ်ခွင့်ပြုပေးခြင်း၊ ယင်းအဖွဲ့များ လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်ထုတ်ပြန်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ဖွဲ့စည်းတည်ထောင်ထားသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့ကို စိစစ်အရေးယူခြင်း၊

(ဌ) ဤဥပဒေအရ ကောက်ခံရမည့် လိုင်စင်ကြေး၊ မှတ်ပုံတင်ကြေး၊ ဒဏ်ကြေး သို့မဟုတ် အခြားအခကြေးငွေများကို သတ်မှတ်ခြင်း၊

(ဍ) ပြည်တွင်းပြည်ပမှ ထုတ်လုပ်သည့်၊ တပ်ဆင်သည့်၊ ပြည်ပမှတင်သွင်းလာသည့် ဆိုက်ဘာအရင်းအမြစ်များနှင့် ပတ်သက်၍ မူဝါဒများချမှတ်ခြင်းနှင့် စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊

(ဎ) ဤဥပဒေပါလုပ်ငန်းများကို ဆောင်ရွက်ရာတွင်စုံစမ်းစစ်ဆေးရန်လိုအပ်ပါက ဗဟိုကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖွဲ့စည်းခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊

(ဏ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သောအစီရင်ခံစာများအား အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ်တင်ပြခြင်း၊

(တ) ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၀။ ဦးစီးကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည် –

(က) ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းကော်မတီ၊

(ခ) ဆိုက်ဘာမှုခင်းဆိုင်ရာလုပ်ငန်းကော်မတီ၊

(ဂ) ဆိုက်ဘာကာကွယ်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၊

(ဃ) အခြားလိုအပ်သော လုပ်ငန်းကော်မတီများ။

စာမျက်နှာ ၉ သို့ ○

○ စာမျက်နှာ ၈ မှအဆက်

## အခန်း (၆)
## ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၁။ ဦးစီးဌာနသည် ဗဟိုကော်မတီနှင့် ဦးစီးကော်မတီတို့၏ အတွင်းရေးမှူးရုံးအဖွဲ့အဖြစ် ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၁၂။ ဦးစီးဌာနသည်နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဦးစီးကော်မတီဝင်များ၏ စရိတ်နှင့် ချီးမြှင့်ငွေများကို ကျခံရမည်။

၁၃။ ဦးစီးဌာနသည်–

(က) နိုင်ငံတကာနှင့် ဒေသတွင်းဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာ ဆိုက်ဘာလုံခြုံရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ ဆိုက်ဘာလုံခြုံရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်သည်။

(ခ) နိုင်ငံတကာသတ်မှတ်ချက်နှင့်အညီ ဆိုက်ဘာလုံခြုံရေးနည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာအရည်အချင်းစစ်ဆေးခြင်း သို့မဟုတ် ပြိုင်ပွဲများကျင်းပခြင်းပြုလုပ်ပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်သည်။

(ဂ) နိုင်ငံတော်အတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ ကဏ္ဍအလိုက် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဃ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းလိုင်စင်စည်းကမ်းချက်များနှင့် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း မှတ်ပုံတင်စည်းကမ်းချက်များကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

(င) ဤဥပဒေအရ ကောက်ခံရမည့် လိုင်စင်ကြေး၊ မှတ်ပုံတင်ကြေး၊ ဒဏ်ကြေး သို့မဟုတ် အခြားအခကြေးငွေများကို သတ်မှတ်ချက်နှင့်အညီ ကောက်ခံရမည်။

(စ) ဗဟိုကော်မတီက ချမှတ်ထားသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များနှင့် လမ်းညွှန်ချက်များကို တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရမည်။

## အခန်း (၇)
## အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ ကာကွယ်ခြင်း

၁၄။ အောက်ပါ အခြေခံအဆောက်အအုံများသည် အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံများဖြစ်သည် –

(က) နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက် အခြေခံအဆောက်အအုံ၊

(ခ) အီလက်ထရောနစ်အစိုးရ (e-Government) ဝန်ဆောင်မှုစနစ် အခြေခံအဆောက်အအုံ၊

(ဂ) ဘဏ္ဍာရေးဆိုင်ရာအီလက်ထရောနစ် သတင်းအချက်အလက် အခြေခံအဆောက်အအုံ၊

(ဃ) သယ်ယူပို့ဆောင်ရေးဆိုင်ရာ အီလက်ထရောနစ်သတင်းအချက်အလက် အခြေခံအဆောက်အအုံ၊

(င) ဆက်သွယ်ရေးဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက်အခြေခံအဆောက်အအုံ၊

(စ) ကျန်းမာရေးဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက် အခြေခံအဆောက်အအုံ၊

(ဆ) လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ အီလက်ထရောနစ်သတင်းအချက်အလက်အခြေခံအဆောက်အအုံ၊

(ဇ) ဗဟိုကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အခါအားလျော်စွာသတ်မှတ်သည့် အီလက်ထရောနစ်သတင်းအချက်အလက် အခြေခံအဆောက်အအုံ။

၁၅။ ဗဟိုကော်မတီသည် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံများသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်းနှင့် အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံ စီမံထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကို ညွှန်ကြားရမည်။

၁၆။ အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် အောက်ပါအချက်များကို ဆောင်ရွက်ရမည် –

(က) ဆိုက်ဘာလုံခြုံရေးစီမံချက်များအား သတ်မှတ်ချက်နှင့်အညီ ရေးဆွဲခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊

(ဂ) သင့်လျော်သော ပုဂ္ဂိုလ်အား အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံစီမံထိန်းသိမ်းရန် တာဝန်ရှိသူအဖြစ် တာဝန်ပေးအပ်ခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးအစီရင်ခံစာကို ဦးစီးကော်မတီသို့ ပြက္ခဒိန်နှစ် တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်တင်သွင်းခြင်း။

၁၇။ အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံစီမံထိန်းသိမ်းရန် တာဝန်ရှိသူသည်–

(က) အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို အချက်အလက်အဆင့်အတန်းပေါ်မူတည်၍ သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းထားရှိရမည်။

(ခ) အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ ထုတ်ပြန်ခြင်း၊ ပေးပို့ခြင်း၊ လက်ခံခြင်းနှင့် သိမ်းဆည်းခြင်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ၏ ဆိုက်ဘာလုံခြုံရေးအစီရင်ခံစာကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှတစ်ဆင့် ဝန်ကြီးဌာနသို့ ပြက္ခဒိန်နှစ်တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် တင်သွင်းရမည်။

၁၈။ ဝန်ကြီးဌာနသည် ဦးစီးကော်မတီ၏ ကြီးကြပ်မှုဖြင့် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ စီမံထိန်းသိမ်းရန် တာဝန်ရှိသူက ဆောင်ရွက်ထားသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အဆင်သင့်ဖြစ်မှုအပေါ် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ထားခြင်း ရှိမရှိကို ကြီးကြပ်စစ်ဆေးရမည်။

## အခန်း (၈)
## လိုင်စင်ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်ခြင်း

၁၉။ ဦးစီးဌာနသည် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်သက်တမ်းနှင့် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း မှတ်ပုံတင်သက်တမ်းတို့ကို အနည်းဆုံး သုံးနှစ်မှ အများဆုံးတစ်ဆယ်နှစ်အထိ သတ်မှတ်နိုင်သည်။

၂၀။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ရမည့်အပြင် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၁။ ဦးစီးဌာနသည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) လျှောက်ထားချက်သည် သတ်မှတ်ချက်နှင့်ကိုက်ညီပါက လျှောက်ထားသူကို လိုင်စင်ကြေးပေးသွင်းစေ၍ လိုင်စင်ထုတ်ပေးခြင်း၊

(ခ) သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိပါက လျှောက်ထားသူကို ပြင်ဆင်လျှောက်ထားစေခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း။

၂၂။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်း မကုန်ဆုံးမီ ခြောက်လကြိုတင်၍ သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လိုင်စင်သက်တမ်းတိုး လျှောက်ထားရမည်။

၂၃။ ဦးစီးဌာနသည် –

(က) လိုင်စင်သက်တမ်းတိုးလျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) လိုင်စင်သက်တမ်းတိုးခြင်းကို ငြင်းပယ်ပါက ထိုသို့ငြင်းပယ်ခြင်းသည် ကျန်ရှိသော လိုင်စင်သက်တမ်းကို ထိခိုက်ခြင်းမရှိစေရ။

၂၄။ နိုင်ငံတော်အတွင်း အသုံးပြုသူဦးရေ တစ်သိန်းနှင့်အထက်ရှိသော ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသောကုမ္ပဏီဖြစ်ရမည့်အပြင် မှတ်ပုံတင်ခွင့်ပြုရန်သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၅။ ဦးစီးဌာနသည် ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည် –

(က) လျှောက်ထားချက်သည် သတ်မှတ်ချက်နှင့် ကိုက်ညီပါက လျှောက်ထားသူကို မှတ်ပုံတင်ကြေးပေးသွင်းစေ၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

(ခ) သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိပါက လျှောက်ထားသူကို ပြင်ဆင်လျှောက်ထားစေခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း။

၂၆။ ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုပါက မှတ်ပုံတင်သက်တမ်း မကုန်ဆုံးမီ ခြောက်လကြိုတင်၍ သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားရမည်။

၂၇။ ဦးစီးဌာနသည် –

(က) မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) မှတ်ပုံတင်သက်တမ်းတိုးခြင်းကို ငြင်းပယ်ပါက ထိုသို့ငြင်းပယ်ခြင်းသည် ကျန်ရှိသော မှတ်ပုံတင်သက်တမ်းကို ထိခိုက်ခြင်းမရှိစေရ။

၂၈။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့သည် နိုင်ငံတော်အတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လှုပ်ရှားမှုများကို အကျိုးအမြတ်ရယူခြင်းမရှိဘဲ ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးကော်မတီ၏ ခွင့်ပြုချက်ကို ရယူရမည်။

## အခန်း (၉)
## ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ၏တာဝန်များ

၂၉။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်–

(က) ဆောင်ရွက်မည့်လုပ်ငန်း သို့မဟုတ် ကဏ္ဍအလိုက် သက်ဆိုင်ရာဥပဒေများနှင့်အညီ လိုအပ်သော ခွင့်ပြုမိန့် သို့မဟုတ် အထောက်အထားရယူခြင်း၊

(ခ) ဦးစီးဌာနနှင့် ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့များအား အထောက်အကူပြုနိုင်သည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုအစီအမံများချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပျက်စီးဆုံးရှုံးမှု အလားအလာကို သတိပေးခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ လုပ်ငန်းများကို အကြံပေးခြင်း၊

(ဃ) မောလ်ဝဲရ် (Malware) သို့မဟုတ် ဆိုက်ဘာတိုက်ခိုက်ခြင်းကို အရေးပေါ်တုံ့ပြန်ရန် အစီအစဉ်နှင့် ဖြေရှင်းနည်းများ ရေးဆွဲထားရှိခြင်း၊

(င) မောလ်ဝဲရ် (Malware) သို့မဟုတ် ဆိုက်ဘာတိုက်ခိုက်ခြင်း ဖြစ်ပေါ်သည့်အခါ သင့်လျော်သော အရေးပေါ်တုံ့ပြန်ရန် အစီအစဉ်ကို ချက်ချင်းအကောင်အထည်ဖော်ခြင်း၊ တုံ့ပြန်ဖြေရှင်းခြင်းနှင့် အကျိုးသက်ဆိုင်သူအား အသိပေးခြင်း၊

(စ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နည်းပညာနှင့် လိုအပ်သော နိုင်ငံတကာစံနှုန်းများကို ကျင့်သုံးခြင်း၊

(ဆ) ဝန်ဆောင်မှုကို ရယူအသုံးပြုသူများ၏ သတင်းအချက်အလက်များ ပေါက်ကြားခြင်း၊ ပျက်စီးခြင်း သို့မဟုတ် ဆုံးရှုံးခြင်းများ မဖြစ်ပေါ်စေရန် ကာကွယ်ခြင်း၊

(ဇ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ထူးခြားဖြစ်စဉ်ဖြစ်ပေါ်ပါက ဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားခြင်း၊

(ဈ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာခြင်း၊

(ည) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းအစီရင်ခံစာကို သတ်မှတ်ချက်နှင့်အညီပြုစုပြီး ဦးစီးဌာနသို့တင်ပြခြင်း။

စာမျက်နှာ ၁၀ သို့ ○

○ စာမျက်နှာ ၉ မှအဆက်

၂၀။ ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည် –

(က) ဆောင်ရွက်မည့်လုပ်ငန်း သို့မဟုတ် ကဏ္ဍအလိုက် သက်ဆိုင်ရာဥပဒေနှင့်အညီ လိုအပ်သော ခွင့်ပြုမိန့် သို့မဟုတ် အထောက်အထားရယူခြင်း၊

(ခ) ဝန်ဆောင်မှုကိုရယူအသုံးပြုသူ၏ အချက်အလက်အဆင့်အတန်းအပေါ် မူတည်၍ အချက်အလက်များ သိမ်းဆည်းထားသောပစ္စည်းကို သတ်မှတ်ချက်နှင့်အညီထားရှိခြင်း၊

(ဂ) ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းမှ တစ်ဆင့်ဆက်စပ်စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် အကျိုးအမြတ်ရယူ ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လိုပါက သက်ဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာခြင်း။

၂၁။ ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် ဝန်ဆောင်မှုပေးသည့် ပလက်ဖောင်းတွင် အောက်ပါအချက်တစ်ရပ်ရပ်ဖြစ်ပေါ်ပါက ယင်းနှင့်သက်ဆိုင်သော သတင်းအချက်အလက်နှင့် ဆိုက်ဘာအရင်းအမြစ်ကို သိရှိနိုင်ရန် လုံလောက်သော အစီအမံများ ထားရှိရမည်–

(က) အမုန်းတရားကိုဖြစ်စေသော၊ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေသော သို့မဟုတ် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော သတင်းအချက်အလက်များဖြစ်ပေါ်ခြင်း၊

(ခ) မမှန်သတင်း သို့မဟုတ် ကောလာဟလသတင်းများဖြစ်ပေါ်ခြင်း၊

(ဂ) အများပြည်သူကြည့်ရှုခြင်းငှာ မသင့်လျော်သော သတင်းအချက်အလက်များကို ဖော်ပြခြင်း၊

(ဃ) လိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်ဖြင့်ဖော်ပြသော ကလေးသူငယ်၏ ညစ်ညမ်းပုံ၊ ညစ်ညမ်းဗီဒီယို၊ စာသားများ သို့မဟုတ် သင်္ကေတများကို တစ်နည်းနည်းဖြင့် ဖော်ပြခြင်း၊

(င) တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်သည့် သတင်းအချက်အလက်များကို ဖော်ပြခြင်း သို့မဟုတ် ဥပဒေနှင့်မညီသော ပြုလုပ်မှုကို ပြုလုပ်ခြင်း၊

(စ) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လူမှုရေး သို့မဟုတ် စီးပွားရေးကို ထိခိုက်နစ်နာစေရန် ရည်ရွယ်ဖော်ပြသော သတင်းအချက်အလက်နှင့်စပ်လျဉ်းသည့် တိုင်ကြားချက်ဖြစ်ပေါ်ခြင်း၊

(ဆ) မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ချိုးဖောက်ခြင်းနှင့်စပ်လျဉ်းသည့် တိုင်ကြားချက် ဖြစ်ပေါ်ခြင်း၊

(ဇ) အကြမ်းဖက်မှုဖြစ်ပေါ်စေရန် လှုံ့ဆော်ခြင်း၊ ကျူးလွန်ခြင်း၊ အားထုတ်ခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် ကြံရာပါအဖြစ်ဆောင်ရွက်ခြင်း။

၂၂။ ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် ပုဒ်မ ၂၁ ပါ အချက် တစ်ရပ်ရပ်ဖြစ်ပေါ်ကြောင်း တစ်နည်းနည်းဖြင့် သိရှိလျှင်ဖြစ်စေ၊ ဦးစီးဌာနက အကြောင်းကြားလျှင်ဖြစ်စေ ၎င်းတို့ကို တားဆီးခြင်း၊ ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ အချိန်မီဆောင်ရွက်ရမည်။

၂၃။ ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် ဝန်ဆောင်မှုကို ရယူအသုံးပြုသူနှင့် သက်ဆိုင်သော အောက်ပါအချက်အလက်များကို သုံးနှစ်အထိ ထိန်းသိမ်းထားရမည် –

(က) ဝန်ဆောင်မှုကိုရယူအသုံးပြုသူ၏ ကိုယ်ရေးအချက်အလက်များ၊

(ခ) ဝန်ဆောင်မှုကိုရယူအသုံးပြုသူ၏ အသုံးပြုမှုမှတ်တမ်းများ၊

(ဂ) ဦးစီးဌာနက အခါအားလျော်စွာသတ်မှတ်သော အချက်အလက်များ။

၂၄။ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အခွင့်အာဏာ ရရှိထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ပုဒ်မ ၂၃ ပါ အချက်အလက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ စာဖြင့်တောင်းခံလျှင် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် သတ်မှတ်ချက်နှင့်အညီ ထုတ်ပေးရမည်။

၂၅။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် သက်ဆိုင်ရာလုပ်ငန်းကော်မတီက ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်တစ်ခုခုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း (၁၀)
## ဆိုက်ဘာအလွဲအသုံးပြုခြင်း

၂၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဆောင်ရွက်ခြင်းများမှအပ ဆိုက်ဘာအရင်းအမြစ်ကိုဖြစ်စေ၊ ကွန်ပျူတာစနစ်၏ ဆောင်ရွက်နိုင်မှုကိုဖြစ်စေ ထိခိုက်စေရန် ခွင့်ပြုပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါတို့ကို တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းသည် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်သည် –

(က) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် သတင်းအချက်အလက်ကိုဖြစ်စေ၊ ယင်းတို့၏ အခြေအနေ သို့မဟုတ် အရည်အသွေးကိုဖြစ်စေ မရိုးမဖြောင့်သောသဘောဖြင့် ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် သတင်းအချက်အလက်ကို ရောင်းချခြင်း၊ မူလနေရာမှ အခြားနေရာသို့ဖြစ်စေ၊ အခြားဆိုက်ဘာအရင်းအမြစ် သို့မဟုတ် သိမ်းဆည်းနိုင်သည့် ပစ္စည်းတစ်ခုခုသို့ဖြစ်စေ မရိုးမဖြောင့်သောသဘောဖြင့် ရွှေ့ပြောင်းခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ကူးယူခြင်း၊

(ဂ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အီလက်ထရောနစ် သတင်းအချက်အလက်ကို မရိုးမဖြောင့်သောသဘောဖြင့် ရယူခြင်း၊ ဆောင်ရွက်ခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(ဃ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အီလက်ထရောနစ် သတင်းအချက်အလက်ကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းလဲစေခြင်း၊ စွမ်းဆောင်ရည် ထိခိုက်စေခြင်း သို့မဟုတ် မူလအနေအထားကို တစ်နည်းနည်းဖြင့် ပြောင်းလဲစေခြင်း၊

(င) ကွန်ပျူတာစနစ်ကိုဖြစ်စေ၊ ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အီလက်ထရောနစ် သတင်းအချက်အလက်ကိုဖြစ်စေ ထိန်းချုပ်ခြင်း သို့မဟုတ် ချိတ်ဆက်ထိန်းချုပ်ခြင်း၊

(စ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် သတင်းအချက်အလက်တစ်ရပ်ရပ်ကို မရိုးမဖြောင့်သောသဘောဖြင့် အချက်အလက်ဆန်းစစ်ခြင်း။

## အခန်း (၁၁)
## ဆိုက်ဘာမှုခင်းများဖော်ထုတ်ခြင်းနှင့် ဆိုက်ဘာတိုက်ခိုက်ခြင်းများအား ကာကွယ်ခြင်း

၂၇။ ဤဥပဒေအရ ဦးစီးကော်မတီက ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများသည် ဦးစီးကော်မတီ၏ ကြီးကြပ်မှုဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် –

(က) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် ကာကွယ်တားဆီးခြင်း၊

(ခ) ဆိုက်ဘာမှုခင်းများကို စုံစမ်းဖော်ထုတ်ရာတွင် သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအား အကူအညီပေးခြင်းနှင့် ဆိုက်ဘာမှုခင်းများ၏ အန္တရာယ်ကို အကဲဖြတ်ခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်မှ တစ်ဆင့်ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲ အန္တရာယ်များမဖြစ်ပေါ်စေရန် ကာကွယ်တားဆီးခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာ အလွဲအသုံးပြုခြင်းဖြစ်စဉ် ဖြစ်ပေါ်နိုင်မှုအလားအလာနှင့် ဖြစ်ပွားလာပါက သက်ရောက်နိုင်မှု အလားအလာတို့ကို အကဲဖြတ်ခြင်း၊

(င) သက်ဆိုင်ရာကဏ္ဍအလိုက် ဆိုက်ဘာလုံခြုံရေးအဆင့်၏ အားသာချက်နှင့် အားနည်းချက်တို့ကို စောင့်ကြည့်အကဲဖြတ်ပြီး ဆိုက်ဘာလုံခြုံရေးအဆင့်မြှင့်တင်နိုင်ရေး သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို အကြံပြုခြင်း၊

(စ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာ အလွဲအသုံးပြုခြင်းတို့ကို စိစစ်ဖော်ထုတ်အရေးယူခြင်း၊

(ဆ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ၏ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အကဲဖြတ်ခြင်း၊

(ဇ) အမျိုးသားဒီဂျစ်တယ်ဓာတ်ခွဲခန်းနှင့် ဒီဂျစ်တယ်ဓာတ်ခွဲခန်းများအတွက် နည်းပညာအကူအညီပေးခြင်း။

၂၈။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်တစ်ခုခုနှင့် ဆက်စပ်မှုရှိသည်ဟု ယူဆရသော အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးထံမှ ဆိုက်ဘာအရင်းအမြစ်ကို သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းပြီး အချက်အလက်ဆန်းစစ်ခြင်းပြုလုပ်နိုင်သည် –

(က) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာ အလွဲအသုံးပြုခြင်းဖြစ်စဉ်တစ်ခုခုနှင့် ဆက်စပ်မှုရှိသည်ဟု ယူဆရသော ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြုသူ သို့မဟုတ် အသုံးပြုခဲ့သည်ဟု သံသယရှိသူ၊

(ခ) ပုဒ်မခွဲ (က)ပါ ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဆက်စပ်မှုရှိသူ။

၂၉။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် ဆိုက်ဘာအရင်းအမြစ်ကို အချက်အလက် ဆန်းစစ်ခြင်းနှင့် ဒီဂျစ်တယ်ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းတို့ ပြုလုပ်ပြီးပါက ယင်းဆိုက်ဘာအရင်းအမြစ်ကို အပ်နှံသူထံ သတ်မှတ်ချက်နှင့်အညီ ပြန်လည်ပေးအပ်ရမည်။

၄၀။ ဝန်ကြီးဌာနသည် အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း သို့မဟုတ် ဆိုက်ဘာတိုက်ခိုက်ခြင်းတို့ကို ကာကွယ်တားဆီးရေးအတွက် ကြိုတင်သိရှိနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အချက်အလက်ဆန်းစစ်ခြင်းနှင့် ဒီဂျစ်တယ်ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းများပြုလုပ်ရန် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်အား တာဝန်ပေးအပ်နိုင်သည်။

၄၁။ ဝန်ကြီးဌာနသည် ဆက်သွယ်ရေးဥပဒေအရ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သော ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် ပုဒ်မ ၄၀ အရ အချက်အလက်ဆန်းစစ်ခြင်းနှင့် ဒီဂျစ်တယ်ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းများပြုလုပ်နိုင်ရန် လိုအပ်သည်များကို ပံ့ပိုးပေးရမည်။

၄၂။ ဝန်ကြီးဌာနသည် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများအတွက်သော်လည်းကောင်း၊ အများပြည်သူတို့၏အကျိုးအတွက်သော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ညှိနှိုင်းလာလျှင်သော်လည်းကောင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းကို လိုအပ်ပါက ဝင်ရောက်စစ်ဆေးခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းကို ဆောင်ရွက်နိုင်သည်။

၄၃။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးအတွက် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် –

(က) ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အီလက်ထရောနစ် သတင်းအချက်အလက်ကို ယာယီပိတ်ပင်ခြင်း၊

(ခ) ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်သောပစ္စည်းများကို ယာယီထိန်းချုပ်ခြင်း၊

(ဂ) ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်အား ပိတ်သိမ်းခြင်း သို့မဟုတ် အများပြည်သူ အသုံးပြုရန် မသင့်ကြောင်း ကြေညာခြင်း။

၄၄။ အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း ဗီပီအန်ကို ထူထောင်ခြင်း သို့မဟုတ် ဗီပီအန်ဝန်ဆောင်မှုပေးခြင်း ပြုလုပ်လိုသူသည် သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ကို ရယူရမည်။

**ဆက်လက်ဖော်ပြပါမည်။**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင်ရေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံအတွင်း ပြသထားသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် သမိုင်းဝင်ဒလသင်္ဘောကျင်း၏ သမိုင်းမှတ်တမ်းများ၊ မှတ်တမ်းတင်ဓာတ်ပုံများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင်ရေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံအတွင်း ပြသထားသော ရေယာဉ်ပုံစံငယ်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင်ဒလသင်္ဘောကျင်းလုပ်ငန်းခွင်အတွင်း အကြီးစားမွမ်းမံပြင်ဆင်လျက်ရှိသော ရေယာဉ်ကြီးများ၏ ပြင်ဆင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

အထိမ်းအမှတ် မှတ်တမ်း Video Clip ကိုကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ဒလသင်္ဘောကျင်းသည် မြန်မာနိုင်ငံ၏ ရေကြောင်းကဏ္ဍသမိုင်းကို အစပျိုးခဲ့သည့် သင်္ဘောကျင်းတစ်ခုဖြစ်ခြင်းကြောင့် အစဉ်အလာကြီးမားသည့် သမိုင်းဝင်သင်္ဘောကျင်းတစ်ခုဟုဆိုရမည်ဖြစ်ကြောင်း၊ သမိုင်းအထောက်အထားများအရ **"ခေတ်မီသင်္ဘောကျင်းအစ ဒလက"**ဟု ခေါ်ဆိုမှတ်တမ်းတင်မော်ကွန်းပြုရမည့် သင်္ဘောကျင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နှစ် (၁၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို အခုကဲ့သို့ ကျင်းပရခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ကိုလိုနီခေတ် ဧရာဝတီဖလော်တီလာကုမ္ပဏီမှ သန္ဓေတည်လာခဲ့သည့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ဧရာဝတီဖလော်တီလာကုမ္ပဏီသည် ဒလသင်္ဘောကျင်းကို ၁၈၇၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် ကုမ္ပဏီ၏ အုပ်ချုပ်မှုအောက်ကို စတင်ထည့်သွင်းခဲ့သည်ကို တွေ့ရကြောင်း၊ ၁၉၄၈ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ဧရာဝတီဖလော်တီလာကုမ္ပဏီကို နိုင်ငံပိုင်ပြုလုပ်ခဲ့သည့်အတွက် ဒလသင်္ဘောကျင်းသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ သမိုင်းစဉ်နှင့်အတူ ယှဉ်တွဲတည်ရှိရှင်သန်ခဲ့သည့် နိုင်ငံပိုင်သင်္ဘောကျင်းတစ်ခုဖြစ်လာခဲ့ကြောင်း။

ဧရာဝတီဖလော်တီလာကုမ္ပဏီမှ မြစ်ဖျားခံပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဒလသင်္ဘောကျင်းသည် ကုန်းဘောင်ခေတ်၊ အင်္ဂလိပ်ကိုလိုနီခေတ်၊ ဂျပန်ခေတ် စသည်များကို အောင်မြင်စွာ ဖြတ်သန်းကျော်လွှားခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးကာလမှ ယနေ့ထက်တိုင် အစိုးရအဆက်ဆက် နိုင်ငံတော်၏စီမံကိန်းများစွာတွင် ပို့ဆောင်ရေးကဏ္ဍအတွက်လိုအပ်သည့်ရေယာဉ်များ တည်ဆောက်ပေးခြင်းနှင့် ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများနှင့်အတူ အထောက်အကူပြုခဲ့သည်ကိုတွေ့ရကြောင်း။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဒလသင်္ဘောကျင်းသည် သမိုင်းဝင်ရေးကျသည့် သင်္ဘောကျင်းတစ်ခုဖြစ်သကဲ့သို့ လက်ရှိကာလအထိ သင်္ဘောကျင်းအတွင်း၌ ရှေးဟောင်းအဆောက်အအုံ၊ အလုပ်ရုံ၊ စတိုဂိုဒေါင်များ၊ လွန်းကျင်းလွန်းလမ်းများ ကျန်ရှိနေသေးသည်ကိုလည်း တွေ့မြင်ရကြောင်း၊ ၁၈၈၀ ပြည့်နှစ်မတိုင်မီကတည်းက တည်ဆောက်ခဲ့သည့် ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံအဆောက်အအုံကြီးသည်လည်း တည်ရှိဆဲဖြစ်ပြီး ၁၉၂၀ ပြည့်နှစ်မတိုင်မီက တည်ဆောက်ခဲ့သည့် အလုပ်ရုံများ၊ အဆောက်အအုံများ များစွာကျန်ရှိနေ







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင်ဒလသင်္ဘောကျင်း လုပ်ငန်းခွင်အတွင်း အကြီးစားမွမ်းမံပြင်ဆင်လျက်ရှိသော ရေယာဉ်ကြီးများ၏ပြင်ဆင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစဉ်။

သေးသည်ကိုလည်း တွေ့မြင်ရကြောင်း၊ ယခုကဲ့သို့သမိုင်းဝင်အဆောက်အအုံများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး လက်ရှိကာလအထိ အသုံးပြုနေဆဲဖြစ်အောင် ကြိုးပမ်းဆောင်ရွက်မှုများအတွက် အသိအမှတ်ပြုဂုဏ်ယူမိကြောင်းကိုလည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများတွင်

**စာမျက်နှာ ၁၂ သို့**★

☆ **စာမျက်နှာ ၁၁ မှအဆက်**

ပို့ဆောင်ရေးကဏ္ဍသည် အလွန်အဓိက ကျသည့်အခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်း၊ အဆိုပါ ပို့ဆောင်ရေးကဏ္ဍများထဲတွင် ရေကြောင်းပို့ဆောင်ရေးသည် ခရီးသွားပြည်သူများ၏ သယ်ယူပို့ဆောင်ရေး(Public Transport) လုပ်ငန်းစဉ်နှင့်အတူ ကုန်စည်ပို့ဆောင်မှု မှန်ကန်မြန်ဆန်စေရေးအတွက် တာဝန်ယူရသည့် ကဏ္ဍလည်းဖြစ်ကြောင်း။

နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်ရေးတွင်လေယာဉ်ကွင်းများ၊ လေယာဉ်ပြေးလမ်းများ၊ ကားလမ်း၊ ရထားလမ်းများ၊ ချောင်းကူး၊ မြစ်ကူးတံတားများကို ကွန်ရက်ဖြစ်အောင် တည်ဆောက်ခဲ့သဖြင့် လက်ရှိကာလ ခရီးသည်ပို့ဆောင်ရေးအတွက် ရေယာဉ်လိုအပ်ချက်နည်းပါးလိမ့်မည်ဟု ယူဆစရာရှိကြောင်း၊ သို့သော် ကုန်စည်ပို့ဆောင်မှုအပိုင်းတွင် ရေလမ်းမှပို့ဆောင်ခြင်းသည် ကုန်စည်ပမာဏများစွာကို တစုတစည်းတည်း ပို့ဆောင်နိုင်ပြီး ကုန်ကျစရိတ်ပိုမိုသက်သာနေဆဲဖြစ်သည်ကို တွေ့ရကြောင်း၊ နိုင်ငံတကာတွင်လည်း ရေကြောင်းသယ်ယူပို့ဆောင်ရေးကို အလေးထားဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမြောက်ဖျားမှ တောင်ဘက်ဧရာဝတီမြစ်ဝှမ်းအထိ ကူးသန်းသွားလာမှုများစွာအထောက်အကူပြုနေသည့်ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်များကို ရာသီမရွေးထိထိရောက်ရောက် အသုံးချနိုင်အောင်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ပင်လယ်လမ်းကြောင်းတစ်လျှောက် ကူးသန်းသွားလာမှုမြှင့်တင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်စည်ပို့ဆောင်ရေးအတွက် လိုအပ်မည့် ဈေးကွက်ဝင်၊ စီးပွားရေးတွက်ခြေကိုက်သည့် ကုန်တင်ရေယာဉ်၊ ကုန်တင်တွဲ၊ တွန်းရေယာဉ်၊ ကွန်တိန်နာတင်ရေယာဉ်များကို ထိန်းသိမ်းပြုပြင်ခြင်း၊ ပိုမိုတည်ဆောက်ခြင်းတို့ဖြင့်ရေကြောင်းပို့ဆောင်ရေးကဏ္ဍကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးကဏ္ဍသည် အဓိကကျကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေကြောင်းကဏ္ဍမှ ထောက်ပံ့ပေးနိုင်ရန် တီထွင်ကြံဆမှုများ၊ မြစ်တွင်းရေကြောင်းပို့ဆောင်ရေးမှ ကမ်းရိုးတန်းရေကြောင်းပို့ဆောင်ရေး၊ မြစ်တွင်းကုန်စည်ပို့ဆောင်မှုမှ ကမ်းရိုးတန်းခရီးစဉ်နှင့် ရေကြောင်းကုန်စည်ပို့ဆောင်မှု၊ ကွန်တိန်နာဖြင့် ကုန်စည်ပို့ဆောင်မှု၊ ကမ်းရိုးတန်းခရီးစဉ်ဖြင့် မြစ်တွင်းခရီးစဉ်ပေါင်းစပ်ပြီး ရေကြောင်းကုန်စည်ပို့ဆောင်မှုစနစ်များ ပိုမိုထိုးဖောက် တိုးမြှင့်ပို့ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ကြရမည်လည်းဖြစ်ကြောင်း၊ ရေရှည်မျှော်မှန်းပြီး ဒလသင်္ဘောကျင်းကဲ့သို့ သင်္ဘောကျင်းများမှ လိုအပ်သည့်ရေယာဉ်များကို တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်သင်္ဘောကျင်းများအနေဖြင့် ရေရှည်ကို မျှော်မှန်းပြီး စွမ်းဆောင်ရည်ပိုမိုမြင့်မားစွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

သင်္ဘောခုတ်မောင်းသွားလာရန် အင်ဂျင်များသည် ကျောက်မီးသွေးသုံး ဘွိုင်လာမှ ဒီဇယ်အင်ဂျင်အထိ နည်းပညာပိုင်းအရပါ ပြောင်းလဲလာကြောင်း၊ အလားတူ ယနေ့ကာလတွင် ကုန်းလမ်းပို့ဆောင်ရေးယာဉ်များ၌ လျှပ်စစ်၊ ဘက်ထရီစသည်ဖြင့် စွမ်းအားများ အသုံးပြုနေပြီဖြစ်သည့်အတွက် သင်္ဘောများတွင်လည်း ဘက်ထရီစွမ်းအင်စနစ်ဖြင့် အသုံးပြုနိုင်ရေး သုတေသနပြုဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း။

ရုပ်ဝတ္ထုပိုင်းအနေဖြင့်လည်း သင်္ဘောကျင်းများတွင်ရှိသည့်ရေယာဉ်တည်ဆောက်မှုဆိုင်ရာ လွန်းကျင်းလွန်းလမ်းများ၊ စက်ကိရိယာပစ္စည်းများ၊ တည်ဆောက်ရေးအလုပ်ရုံများ၊ ဝန်ချီစက်နှင့်ယာဉ်ယန္တရားများ၊ သင်္ဘောကျင်းလမ်းများ၊ လွန်းတင်မှုစနစ်များ၊ ရေယာဉ်ဒီဇိုင်းပြုစုမှုဆိုင်ရာအထောက်အပံ့ပစ္စည်းများနှင့်တကွ လိုအပ်ချက်များကို နိုင်ငံတကာစံသတ်မှတ်ချက်များနဲ့အညီ ဖြည့်ဆည်းပြင်ဆင်ထားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း ရေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သမိုင်းဝင်သင်္ဘောကျင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေကြောင်းဆိုင်ရာ ဌာနအဖွဲ့အစည်းအသီးသီးတို့ ပေါင်းစပ်ကြပြီး နိုင်ငံပိုင်သင်္ဘောကျင်းများအချင်းချင်း ရေယာဉ်တည်ဆောက်မှုဆိုင်ရာ နည်းပညာဖလှယ်မှု၊ နည်းပညာဖြန့်ဝေမှုများ ပြုလုပ်ကြပြီး ရေကြောင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများလိုက်နာဆောင်ရွက်ခြင်းဖြင့် ရေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ကြရန်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေနှင့် မြစ်တွင်းသယ်ယူပို့ဆောင်ရေးသာမက ကမ်းရိုးတန်းရေယာဉ်များနှင့် ကမ်းရိုးတန်းကုန်စည်ပို့ဆောင်ရေး၊ ကမ်းရိုးတန်းခရီးစဉ်နှင့် မြစ်တွင်းခရီးစဉ်ပေါင်းစပ်ပြီး ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဘေးကင်းလုံခြုံစွာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်သွားရန်၊ နိုင်ငံတော်၏ ရန်ပုံငွေချထားပေးနိုင်မှု၊ ဈေးကွက်ရှိမှုအခြေအနေ၊ စီးပွားရေးအရ အကျိုးအမြတ်ရရှိနိုင်မှုအခြေအနေတို့ကိုသုံးသပ်ပြီး ဒလသင်္ဘောကျင်း၏ စွမ်းအားကိုရယူ၍ ကမ်းရိုးတန်းရေကြောင်းမှ ကုန်စည်ပို့ဆောင်နိုင်ရေးကို တိုးမြှင့်ဆောင်ရွက်သွားကြရန်၊ ယနေ့ကျင်းပပြုလုပ်သည့် ဒလသင်္ဘောကျင်းနှစ် (၁၅၀)ပြည့် အခမ်းအနားပြုလုပ်နိုင်သကဲ့သို့ ဒလသင်္ဘောကျင်းကဲ့သို့ သမိုင်းဝင်ဌာနဆိုင်ရာ စက်ရုံအလုပ်ရုံအဆောက်အအုံများကို အစဉ်တည်တံ့နေစေရေးအတွက် စောင့်ရှောက်ခြင်း၊ ပြင်ဆင်ခြင်းများနှင့် ဆက်လက်ထိန်းသိမ်းသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက သမိုင်းဝင်ဒလသင်္ဘောကျင်းဖြစ်တည်ခဲ့မှု၊ သမိုင်းကြောင်းတစ်လျှောက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် လက်ရှိကာလတွင်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ သင်္ဘောကျင်းဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ အနာဂတ်ကာလအတွက် မျှော်မှန်းဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သမိုင်းဝင်ဒလသင်္ဘောကျင်း **စာမျက်နှာ ၁၃ သို့**☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင်ဒလသင်္ဘောကျင်း ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။


အမှတ်-၁ လွန်းလမ်းအဟောင်းအား ပြုပြင်မွမ်းမံမှုများမဆောင်ရွက်မီတွေ့ရစဉ်။


အမှတ်-၁ လွန်းလမ်းအဟောင်းအား ပြုပြင်မွမ်းမံမှုများဆောင်ရွက်နေမှုကိုတွေ့ရစဉ်။


အသစ်တည်ဆောက်ပြီးစီးခဲ့သည့် လွန်းလှည်းအသစ်အား တွေ့ရစဉ်။


စက်ပစ္စည်းကိရိယာများပြုပြင်လဲလှယ်တပ်ဆင်ပြီးစီးမှုအား တွေ့ရစဉ်။



ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံအဟောင်းအား ပြုပြင်မွမ်းမံမှုများ မဆောင်ရွက်မီတွေ့ရစဉ်။



ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံအဟောင်းအား ရှေးမူမပျက် ပြန်လည်ပြုပြင်ပြီးစီးမှုအား တွေ့ရစဉ်။

★ **စာမျက်နှာ ၁၂ မှအဆက်**

နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ရေယာဉ်ပုံစံငယ်နှင့် အထိမ်းအမှတ်လက်ဆောင်ပစ္စည်းအား ပေးအပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒလသင်္ဘောကျင်းဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဒလသင်္ဘောကျင်းမှဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ သမိုင်းဝင်ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံအတွင်း ပြသထားသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် ဒလသင်္ဘောကျင်း၏ သမိုင်းမှတ်တမ်းများ၊ မှတ်တမ်းဓာတ်ပုံများနှင့် ရေယာဉ်ပုံစံငယ်များကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သမိုင်းဝင် ဒလသင်္ဘောကျင်းလုပ်ငန်းခွင်အတွင်း အကြီးစားမွမ်းမံပြင်ဆင်လျက်ရှိသော ရေယာဉ်ကြီးများ၏ ပြင်ဆင်နေမှုအခြေအနေများ၊ ကမ်းရိုးတန်းသွား ကုန်တင်ရေယာဉ်တည်ဆောက်နိုင်ရေးအတွက် ရေယာဉ်ပုံစံငယ် စမ်းသပ်မှုလုပ်ငန်းစဉ်ရှင်းလင်းမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သမိုင်းဝင်ဒလသင်္ဘောကျင်း ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့သည်။

ဒလသင်္ဘောကျင်းသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သင်္ဘောကျင်းများအနက် ရှေးအကျဆုံးနှင့် အကြီးဆုံးသင်္ဘောကျင်းကြီးတစ်ခုဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်များအား စီမံချက်နှင့်အညီ မွမ်းမံခြင်း၊ ပို့ဆောင်မှုလိုအပ်ချက်နှင့် ဒေသရေကြောင်းအခြေအနေ လိုအပ်ချက်များအရ ရေယာဉ်ပုံစံထုတ်လုပ်ခြင်းနှင့်တည်ဆောက်ပေးခြင်း၊ ရေယာဉ်သစ်တည်ဆောက်မှုနှင့် မွမ်းမံပြင်ဆင်မှုများတွင် လိုအပ်သောရေယာဉ်ဆိုင်ရာပစ္စည်းများနှင့် စက်ပိုင်းဆိုင်ရာပစ္စည်းများ ထုတ်လုပ်ပေးခြင်း၊ တီထွင်စမ်းသပ်ပေးခြင်း၊ အခြားဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ရေယာဉ်များကို တည်ဆောက်ပြင်ဆင်မှုလုပ်ငန်းများ လက်ခံဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့ကြောင်း၊ ဒလသင်္ဘောကျင်းသည် အလွန်ရှေးကျသော သမိုင်းဝင်သင်္ဘောကျင်းဖြစ်သည်နှင့်အညီ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံများ၊ လွန်းကျင်းလွန်းလမ်းများ၊ စက်ကိရိယာများ အိုမင်းဟောင်းနွမ်းလျက် စွမ်းဆောင်ရည်လျော့နည်းလျက်ရှိနေမှုကို နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုများဖြင့် လွန်းကျင်းလွန်းလမ်းများ ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်း၊ စက်ကိရိယာအသစ်များတပ်ဆင်ခြင်း၊ အဆောက်အအုံများ ပြန်လည်မွမ်းမံခြင်းများ ဆောင်ရွက်ထားရှိကြောင်းနှင့် ဒလသင်္ဘောကျင်းအနေဖြင့် ပြောင်းလဲတိုးတက်လာသည့် ကုန်သွယ်မှုစနစ်ကို မျက်ခြည်မပြတ် လေ့လာလျက် တိုးတက်ဖြစ်ထွန်းလာသောလူသားအရင်းအမြစ်အား အခြေခံကာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အနာဂတ်ရည်မှန်းချက်တာဝန်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မူလတန်းအဆင့်ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ



**နတ်မောက် ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre ) ခန်းမ၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇန်နဝါရီလ ၁ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က မြို့နယ်အဆင့် ပြိုင်ပွဲများကျင်းပပေးရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဒိုင်အဖွဲ့ဝင်တစ်ဦးက သတ်မှတ်ထားသည့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက မိမိကြိုက်နှစ်သက်သည့် ခေါင်းစဉ်များဖြင့် ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရာ ဆုရရှိသူများအား ဇန်နဝါရီလ ၄ ရက်တွင် ကျင်းပမည့် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများပေးအပ်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ နတ်မောက်မြို့နယ်အတွင်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်း)၊ အခြေခံပညာအလယ်တန်းကျောင်း(တမာပင်)မှ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **လှဝင်း**


## ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့်ဆေးတိုက်ခြင်းဆောင်ရွက်

**ကန့်ဘလူ ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဇန်နဝါရီလ ၁ ရက်တွင် အသက်နှစ်နှစ်အောက်ကလေးငယ်များနှင့်ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးတိုက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်ငါးခုမှ ကလေးငယ်များအား အသက်အရွယ်အပိုင်းအခြားအလိုက် ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ ဦးနှောက်အမြှေးရောင်ငါးမျိုးစပ်ကာကွယ်ဆေး၊ အသည်းရောင်အသားဝါ(ဘီ)ပိုးကာကွယ်ဆေး၊ ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ဝမ်းပျက်ဝမ်းလျှော(ရိုတာ) ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့်ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ ကာကွယ်ဆေးများထိုးနှံပေးသည်။

ယင်းသို့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရာတွင် ကလေးငယ် ၉၅ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် ၁၀ ဦးတို့အား ထိုးနှံပေးကြောင်း၊ ကျန်ရှိနေသည့်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များကိုလည်း ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**




# စလင်းမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများကျင်းပ

**စလင်း ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ပြည်သူ့အားကစားကွင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ပေါင်းနားရပ်ကွက် လင်းဖူးဆယ်အားကစားကွင်းတို့၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို မြို့နယ်စီမံအုပ်ချုပ်ရေးဖလား အားကစားပြိုင်ပွဲများကို ဇန်နဝါရီလ ၁ ရက် နံနက်ပိုင်းတွင် စတင်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

အဆိုပါအားကစားပြိုင်ပွဲများကို စလင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ကကြီးမှူး၍ မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှကြီးကြပ်ကာ မြို့နယ်ပြည်သူ့အားကစားကွင်းရှိမိုးလုံလေလုံအားကစားရုံ ကြက်တောင်ရိုက်ပြိုင်ပွဲ၌ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၅ ဦး၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ မိုးလုံလေလုံအားကစားရုံရှိစားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် လူသစ်တန်းအမျိုးသား၂၄ ဦး၊ အလွတ်တန်းရှစ်ဦး ယှဉ်ပြိုင်ကစားလျက်ရှိသည်။ ဆက်လက်၍ စလင်းမြို့ ပေါင်းနားရပ်ကွက် လင်းဖူးဆယ်အားကစားကွင်း၌ Golden Brother FC အသင်း၊ Golden King FC အသင်း၊ Phoe Kyaw FC အသင်း၊ UHW FC အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Golden King FC အသင်းမှ ငါးဂိုး၊ Golden Brother FC အသင်းမှ သုံးဂိုးဖြင့်အနိုင်ရရှိပြီး အသင်းလေးသင်းပတ်လည်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကာ ပြိုင်ပွဲအားလုံးတွင် အမှတ်အများဆုံးရရှိသည့် အသင်းအား အားကစားဆုများ ပေးအပ်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် ဆုရရှိသူများကို ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား သဝဏ်လွှာဖတ်ပွဲတွင် ဆုပေးပွဲနှင့်ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**



## လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများကျင်းပ



**ကန့်ဘလူ ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းမှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

ထိုသို့ယှဉ်ပြိုင်ရာတွင် ပိုက်ကျော်ခြင်း၊ ဖူဆယ်ဘောလုံးနှင့် ဘိလိယက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိရာ ပိုက်ကျော်ခြင်းပြိုင်ပွဲကို မြို့မကြက်တောင်ရုံကွင်း၌ အသင်း ၁၈ သင်းကလည်းကောင်း၊ ဖူဆယ်ဘောလုံးပြိုင်ပွဲကို အစိုးရစက်မှုလက်မှုသိပ္ပံ (ကန့်ဘလူ)ကွင်း၌ အသင်း ၂၈ သင်းကလည်းကောင်း၊ ဘိလိယက်ပြိုင်ပွဲကို အမှတ်(၃)ရပ်ကွက် တပင်ရွှေထီးလမ်းဘေးရှိ ဘိလိယက်ခုံ၌ အသင်းဝင် ၂၈ ဦးကလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ထိုသို့ အားကစားပြိုင်ပွဲများကို လူငယ်လူရွယ်များ အားကစားစိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန် ကျင်းပခြင်းဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါပြိုင်ပွဲများမှ ပထမ၊ ဒုတိယနှင့် တတိယဆုရ အားကစားသမားများအား (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပမည့်အခမ်းအနားတွင် ဆုများပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်းလုပ်ငန်းများဆောင်ရွက်

**ညောင်ရွှေ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းပေါ်ခုံကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇန်နဝါရီလ ၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့်ဝန်ထမ်းများက အင်းပေါ်ခုံကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် ဆောင်ရွက်သောရက်ကန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးသည်။

အင်းပေါ်ခုံကျေးရွာ၌ ရက်ကန်းလုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့အား ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## အပင်တစ်သျှူးမျိုးပွားနည်းပညာများဖြင့် သုတေသနပြုမျိုးပွားထားသော မျိုးကောင်းမျိုးသန့်များကို တောင်သူများအား ဖြန့်ဖြူးပေးလျက်ရှိ

**ကျောက်ဆည် ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ဇီဝနည်းပညာသုတေသနဦးစီးဌာန(ကျောက်ဆည်)တွင် ရောဂါခံနိုင်ရည်ရှိပြီး မျိုးဗီဇတူညီသောအပင်များ၊ ရှားပါးအပင်များ၊ မျိုးသုဉ်းလုနီးပါးရှိသောအပင်များကို အပင်တစ်သျှူးမျိုးပွားနည်းပညာများဖြင့် သုတေသနပြုမျိုးပွားလျက်ရှိကာ ပြည်သူများနှင့်တောင်သူများအား မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။



အပင်တစ်သျှူးများ မျိုးပွားရာတွင် အာဟာရပြင်လိုအပ်ချက်၊ ပိုးမွှားကင်းစင်သောအခြေအနေလိုအပ်ချက်နှင့် လေရရှိမှုလိုအပ်ချက်တို့သည် အရေးအကြီးဆုံးဖြစ်ကြောင်း၊ ပိုးမွှားကင်းစင်စေရန်အတွက် မွေးမြူမည့်အပင်အစိတ်အပိုင်းများအားရွေးချယ်ခြင်း၊ အပင်အစိတ်အပိုင်းများကိုပိုးသန့်ခြင်း၊ အပင်စတင်မွေးမြူခြင်း၊ အညွန့်များ၊ အရွက်များဖြစ်ပေါ်ခြင်း၊ အမြစ်များဖြစ်ပေါ်ခြင်းနှင့် အပင်မာအဆင့်ပြုလုပ်ခြင်းတို့ အဓိကဂရုပြုလုပ်ဆောင်ရသည်။

အဆိုပါ အပင်တစ်သျှူးမျိုးပွားနည်းပညာသည် အပင်ဆဲလ်များ၊ တစ်သျှူးများသို့မဟုတ် အပင်၏အင်္ဂါအစိတ်အပိုင်း (ဥပမာ-အရွက်၊ အညွန့်၊ အမြစ် )စသည်များကို အပင်အတွက်လိုအပ်သော အာဟာရဓာတ်များပါဝင်သည့် အာဟာရပြင်တစ်ခု၌ ပိုးမွှားကင်းစင်သော အခြေအနေတွင် ရှင်သန်ကြီးထွားရန်အတွက် မွေးမြူအသုံးပြုသည့် နည်းလမ်းတစ်ခုဖြစ်ပြီး မျိုးစေ့ရရှိရန် ခက်ခဲသောအပင်များကိုင်းဖြတ်၊ ကိုင်းကူးဖြင့် မျိုးပွားရန် ခက်ခဲသော အပင်မျိုးများအား အလွယ်တကူမျိုးပွားပေးနိုင်ခြင်း၊ အရေးကြီးသောသီးနှံများကို အပင်တစ်သျှူးမျိုးပွားနည်းဖြင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိကာ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ကောင်းမွန်သော မျှော်မှန်းချက်များဖြစ်သည်။

ဇီဝနည်းပညာသုတေသနဦးစီးဌာန (ကျောက်ဆည်)အနေဖြင့် အပင်ဆဲလ်တစ်သျှူးမွေးမြူခြင်းနည်းဖြင့် ထုတ်လုပ်ထားသည့် မျိုးကောင်းမျိုးသန့်များကို လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ကျယ်ပြန့်စွာအသုံးပြုနိုင်ကြောင်း၊ ဈေးကွက်ဝင်သည့် ရွှေနီ၊ ခွံ့ဝါ ငှက်ပျောမျိုးနှင့် ဖီးကြမ်းငှက်ပျောမျိုးတို့ကို အပင်တစ်သျှူးမျိုးပွားသည့်နည်းပညာဖြင့် မျိုးကောင်းမျိုးသန့် အပင်ပေါက်များ ထုတ်လုပ်လျက်ရှိပြီး တောင်သူများအား ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## အစဥ်မြတ်နိုးပေး တို့လွတ်လပ်ရေး

* လူမဆန် နယ်ချဲ့အောက်က
လွတ်မြောက်လို့ လွတ်လပ်ပြီ။
ကိုယ့်ကြမ္မာ ကိုယ်ပိုင်နည်းနဲ့
ဖန်တီးရမည်။
အခွင့်အရေး အလီလီ
စဉ်ကိုယ်စီ ဆောင်သယ်ပိုး။
ကိုယ်ကျရာ အခန်းလိုက်
အားစိုက်လို့ကြိုး။

* ကိုယ့်အမျိုး ကိုယ့်ဘာသာ၊
သာသနာ ထိန်ဝါဝင်း
ကောင်းခြင်းမင်္ဂလာ။
အချုပ်အခြာအာဏာ
စိုးမိုးကာတည်တံ့ရေး။
ကိုယ့်နိုင်ငံ ကိုယ့်ပိုင်နက်ကို
အသက်လိုမွေး။

* အဖိုးအနဂ္ဃ ထိုက်တန်မွေးတဲ့
လွတ်လပ်ရေး အောင်ပန်းသည်။
နှလုံးရည် စွမ်းရည်ပြတဲ့
မြန်မာ့ဂုဏ်ရည်။
များပြားသောတာဝန်တည်
အနာဂတ်ဆီ မျှော်မှန်းထား။
ကိုယ်ပိုင်ရာ အရည်အချင်းရယ်နဲ့
ဆောင်နှင်းစို့လား။

* သမိုင်းကို မေ့မထားပါလို့
တည်နေသား လွတ်လပ်ရာ။
ပြည်ချစ်ကာ မျိုးချစ်စိတ်တို့
ဦးထိပ်ပန်ကာ။
စည်းလုံးလို့ညီညာ
ပြည်ရွာကို ကောင်းကျိုးပြု။
လွတ်လပ်ရေးကိုအလေးအနက်ထားလို့
ကြိုးစားအစုစု။
နိုးကြားအမှုမှု။ ။

**မောင်အောင်ဝေ(ညောင်ခြေထောက်)**

**မြဝတီရုပ်မြင်သံကြားအစီအစဉ်** ၂-၁-၂၀၂၅ (ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | ၈။ | ၁၄:၀၀ | Soft Skill |
| ၂။ | ၀၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | ၉။ | ၁၅:၀၀ | ဓာတ်လမ်းတို |
| ၃။ | ၀၉:၀၀ | မြဝတီနေ့စဉ်သတင်း | ၁၀။ | ၁၆:၀၀ | မျိုးချစ်တပ်မတော် |
| ၄။ | ၁၀:၀၀ | နိုင်ငံတကာသတင်း | ၁၁။ | ၁၇:၀၀ | လူသားနှင့်ဆိုက်ဘာအန္တရာယ် |
| ၅။ | ၁၁:၀၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ | ၁၂။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၆။ | ၁၂:၀၀ | မြန်မာသံစဉ်ချိုနှားဝင် | | | |
| ၇။ | ၁၃:၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး | ၁၃။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |

# ပခုက္ကူမြို့ရှိ ရှေးဟောင်းသမိုင်းဝင်ဘုရားပုထိုးစေတီများ၌ ပြည်သူများ နှစ်သစ်ကူးနေ့အထိမ်းအမှတ် ကုသိုလ်ကောင်းမှုများပြုလုပ်



ပခုက္ကူ ဇန်နဝါရီ ၁

ခရစ်နှစ် ၂၀၂၄ ခုနှစ်ကုန်ဆုံးပြီး ၂၀၂၅ ခုနှစ်သို့ကူးပြောင်းသည့် နိုင်ငံတကာနှစ်သစ်ကူးနေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရား၊ စေတီတော်မြတ်ကြီးတို့၌ ပြည်သူများ နှစ်သစ်ကူးနေ့အထိမ်းအမှတ် ကုသိုလ်ကောင်းမှုများပြုလုပ်ကြကြောင်း သိရသည်။

ပခုက္ကူမြို့ရှိ သီဟိုဠ်ရှင်မြတ်စွာဘုရား၊ ရွှေကူမြတ်စွာဘုရား၊ ဖောင်တော်ဦးဘုရား၊ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၊ ရွှေတန့်သစ်သရက္ခန်ဘုရား စသည့်ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရား၊ စေတီတော်မြတ်ကြီးများ၌ ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မိသားစုနှင့်မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့များ၊ ဝန်ထမ်းမိသားစုများအလိုက် ဘုရားဖူးမြော်ကြည်ညိုကြပြီး ၂၀၂၅ ခုနှစ်နှစ်သစ်ကူးနေ့ အထိမ်းအမှတ်ကုသိုလ်ကောင်းမှုပြုလုပ်ခြင်း၊ နှစ်သစ်ကြိုဆိုမင်္ဂလာဆုမွန်တောင်းခြင်း၊ ငါးအစာကျွေးခြင်း၊ ဘုရားဝင်းအတွင်းရောင်းချသည့် မုန့်ပဲသရေစာများ ဝယ်ယူစားသောက်အပန်းဖြေခြင်းများပြုလုပ်ကြကြောင်း သိရသည်။

ထို့ပြင် ရပ်ကွက်နေပြည်သူများ၊ ဝန်ထမ်းမိသားစုအစုအဖွဲ့များအလိုက် ၂၀၂၄ ခုနှစ်ဒီဇင်ဘာလ ၃၁ ရက်တွင် နှစ်သစ်ကူးချိန်ရောက်ရှိမည့်အချိန်ကိုစောင့်ကြိုကာ ည ၁၂ နာရီတိတိတွင် Happy New Year ဟု တညီတညွတ်တည်း သံပြိုင်ဟစ်ကြွေးခြင်း၊ နှစ်သစ်ဆုတောင်းခြင်း၊ ပရိတ်ပဋ္ဌာန်းဒေသနာတော်များရွတ်ဖတ်ပူဇော်ခြင်းတို့ဖြင့် ၂၀၂၅ ခုနှစ် နှစ်သစ်ကူးအခါသမယကိုကြိုဆိုကြကြောင်း သိရသည်။ **ဘာမီသာ (ပခုက္ကူ)**

---

**❑ ကျောဖုံးမှအဆက်**

ဒေသထွက်ပစ္စည်းအရောင်းဆိုင်များနှင့် ဒေသထွက်အစားအစာ စားသောက်ဆိုင်များအပြင် ဆင်လိမ္မာလေးများ၏ဖျော်ဖြေမှုများ၊ ကိုယ်တိုင်ပါဝင်သီဆိုနိုင်သော Unplugged တေးဂီတဖျော်ဖြေရေးအစီအစဉ်များအားစီစဉ်ထားရှိကာ Sky Cable Car နှင့် ဒိုင်နိုဆောဥယျာဉ် (DINOSAUR KINGDOM) ကိုပါ ထပ်မံထည့်သွင်းတည်ဆောက်ဖွင့်လှစ်ထားရှိပြီး အပန်းဖြေစခန်းအတွင်း Buggy ယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုအပန်းဖြေနိုင်ရေးနှင့် လာရောက်အပန်းဖြေသူများ အေးချမ်းပျော်ရွှင်စွာအပန်းဖြေအနားယူနိုင်ရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများကိုပါ ကြိုတင်ပြင်ဆင်စီမံထားရှိကြောင်း သိရှိရသည်။



ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း BE.FALLS ပန်းပွဲတော်တွင် လာရောက်အပန်းဖြေသူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

ယခုနှစ်တွင် လာရောက်အပန်းဖြေသူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာအပန်းဖြေနိုင်ရေးနှင့် ပြင်ဦးလွင်၏ သဘာဝအလှအပရှုခင်းများကို ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းအတွင်း ကြည့်ရှုခံစားအပန်းဖြေနိုင်ရေးအတွက် သဘာဝရေတံခွန်များအပြင် ပန်းအလှဆင်ပညာရှင်များက ဒေသပန်းမျိုးရင်းများ၊ ပန်းမျိုးစိတ်များဖြင့် တီထွင်ဖန်တီးထားသည့် ပန်းအလှဆင်ပြကွက်များဖြစ်သော BE.FALLS logo နှင့် 3D ရုပ်လုံးကြွ ကနုတ်ပြကွက်များ၊ မိသားစု နှင်းဆီပြကွက်၊ ဝင်္ကဘာပန်းခင်းပြကွက်၊ UFO ပြကွက်၊ အသည်းနှစ်ထပ်ပန်းခင်းပြကွက်၊ ပန်းစကြာပုံစံပြကွက်၊ ရေလှိုင်းပုံစံ ပန်းလျှောက်လမ်းပြကွက်အပြင် ပန်းများဖြင့် အလှဆင်ထားသော စက်ဘီး၊ ပန်းလှည်းများ၊ အသည်းပုံ Photo Booth ပန်းခုံးများ၊ လိပ်ပြာပုံများ စသည့်တို့ဖြင့် အလှဆင်ထားသည့် BE.FALLS ၏ ပန်းပွဲတော်ကိုလည်း စီစဉ်ပြုလုပ်ထားရှိကြောင်းသိရသည်။

ယခုအခါ နှစ်သစ်ကူးရုံးပိတ်ရက်ကာလဖြစ်သည့်အားလျော်စွာ ပြင်ဦးလွင်ဒေသခံပြည်သူများသာမက ပြည်တွင်းပြည်ပအနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များအနေဖြင့် မိသားစုအလိုက်သော်လည်းကောင်း၊ အသင်းအဖွဲ့အလိုက်သော်လည်းကောင်း ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း BE.FALLS သို့ အေးချမ်းပျော်ရွှင်စွာလာရောက်လည်ပတ်အပန်းဖြေအနားယူလျက်ရှိရာ ပန်းပွဲတော်ကာလအတွင်း ရုံးပိတ်ရက်များတွင် နေ့စဉ်လူဦးရေ တစ်သောင်းကျော်ခန့် လာရောက်လည်ပတ်လျက်ရှိပြီး အပန်းဖြေစခန်းအတွင်းရှိ သဘာဝရေတံခွန်အလှအပများ၊ BE.FALLS ပန်းပွဲတော်ဧရိယာအတွင်း စိုက်ပျိုးထားရှိသော ပန်းအလှများနှင့် အမှတ်တရအလှဓာတ်ပုံရိုက်ကူးခြင်း၊ အပန်းဖြေခြင်းများ၊ Sky Cable Car စီးနင်းခြင်း၊ LED မှန်တံတားဖြတ်သန်းခြင်း၊ တောတွင်းလျှောက်လမ်းနှင့် Floating Jigsaw ဖြတ်သန်းခြင်း၊ ဒိုင်နိုဆောဥယျာဉ် (DINOSAUR KINGDOM) အတွင်း ကြည့်ရှုခြင်း၊ ဆင်လိမ္မာလေးများ၏ ဖျော်ဖြေမှုအားကြည့်ရှုခြင်းများအပြင် BE.FALLS Music Band နှင့် Unplugged တေးသီချင်းသီဆိုခြင်းများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း BE.FALLS အား နိုင်ငံတကာ အဆင့်မီအပန်းဖြေစခန်းများကဲ့သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

---

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇွဲကပင်တောင် အတက်/အဆင်းပြိုင်ပွဲကျင်းပ ပြိုင်ပွဲဝင် ၁၃၆၄ ဦးဝင်ရောက်ယှဉ်ပြိုင်



ဘားအံ ဇန်နဝါရီ ၁

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်၏ကျက်သရေဆောင် ဆံတော်ရှင် ဇွဲကပင်တောင် အတက်/အဆင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ် ဇွဲကပင်တောင်ခြေ၌ကျင်းပရာ အသက် ၄၀ နှစ်အောက် အမျိုးသား ၅၇၅ ဦး၊ အမျိုးသမီး ၅၅၀ ဦး၊ အသက် ၄၀ နှစ် အထက် အမျိုးသား ၁၅၀ ဦး၊ အမျိုးသမီး ၈၉ ဦး စုစုပေါင်း ၁၃၆၄ ဦးဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အမြင့်ပေ ၂၇၀၀ ကျော်ရှိ မက်စောက်မြင့်မားသော ဇွဲကပင်တောင်အားဖြတ်ကျော်၍ ပြိုင်ပွဲဝင်ရခြင်းဖြစ်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုက ဇွဲကပင်တောင်ခြေ အရှေ့ခြမ်း သစ်ခြံကျေးရွာ တံတားဖြူတွင် သေနတ်ပစ်ဖောက်တာလွှတ်ပေးပြီး ပြိုင်ပွဲအားစတင်ယှဉ်ပြိုင်စေ၍ ဇွဲကပင်တောင်ခြေအနောက်ခြမ်း တော်ပုံကျေးရွာ လုမ္ဗိနီဥယျာဉ်အလယ်တန်းကျောင်းရှေ့တွင် ပြန်လည်ပန်းဝင်ခဲ့ခြင်းဖြစ်ကာ အဆိုပါပြိုင်ပွဲအား ခရီးသွားလုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဇွဲကပင်တောင်၏ပြုပြင်ဖန်တီးထားခြင်းမရှိသော သဘာဝအလှအပများကို သိရှိခံစားနိုင်စေရန်၊ သဘာဝတောတောင်ရေမြေထိန်းသိမ်းရေးကိုသိရှိနိုင်ရန်၊ ခြေလျင်တောင်တက်အားကစားနည်းကို လူအများစိတ်ပါဝင်စားလာစေရန်နှင့် အဆိုပါအားကစားနည်းကို လေ့လာလိုက်စားဆောင်ရွက်ခြင်းဖြင့် ပြည်နယ်သူ၊ ပြည်နယ်သားများနှင့် တစ်မျိုးသားလုံးပိုမိုကျန်းမာကြံ့ခိုင်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

ဇွဲကပင်တောင်အတက်/အဆင်းပြိုင်ပွဲ အသက် ၄၀ နှစ်အောက်အမျိုးသားပြိုင်ပွဲတွင် ၅၃ မိနစ် ၃၅ စက္ကန့်၊ အမျိုးသမီး ၁ နာရီ ၂၁ မိနစ်၊ ၄၀ နှစ်အထက်အမျိုးသား ၁ နာရီ ၂၅ စက္ကန့်၊ အမျိုးသမီး ၁ နာရီ ၂၂ မိနစ်တို့တွင် ပြန်လည်ပန်းဝင်လာကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တောင်တက်အားကစားဝါသနာရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒလသင်္ဘောကျင်းသို့ရောက်ရှိရာ ဒလသင်္ဘောကျင်းမှ မိသားစုဝင်ကလေးငယ်များက ကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့်အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ၁၈၇၅ ခုနှစ်က တည်ဆောက်ထားခဲ့သော ဒလသင်္ဘောကျင်း၏ သမိုင်းဝင်ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံကို ရှေးမူမပျက်အကြီးစားမွမ်းမံပြီးစီးမှုကမ္ဗည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

⭑ ရှေ့ဖုံးမှအဆက်

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ဒလသင်္ဘောကျင်းမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒလသင်္ဘောကျင်းသို့ ရောက်ရှိကြရာ ဒလသင်္ဘောကျင်းမှ မိသားစုဝင်ကလေးငယ်လေးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက်သမိုင်းဝင်ဒလသင်္ဘောကျင်းနှစ်(၁၅၀)ပြည့် အခမ်းအနားအား ဂုဏ်ပြုသောအားဖြင့် ၁၉၀၈ ခုနှစ်တွင် တည်ဆောက်ထားခဲ့ပြီး ပြန်လည်အဆင့်မြှင့်တင်မွမ်းမံတည်ဆောက်ထားသော အမှတ်-၁ လွန်းလမ်း၊ လွန်းလှည်းအသစ်နှင့် တန်-၁၅၀၀





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့်အထိမ်းအမှတ်အဖြစ် ရေယာဉ်ပုံစံငယ်နှင့်အထိမ်းအမှတ်လက်ဆောင်ပစ္စည်းအား ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က သမိုင်းဝင် ဒလသင်္ဘောကျင်းနှစ်(၁၅၀)ပြည့် အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် ၁၉၀၈ ခုနှစ်တွင် တည်ဆောက်ထားခဲ့ပြီး ပြန်လည်အဆင့်မြှင့်တင်မွမ်းမံတည်ဆောက်ထားသော အမှတ်-၁ လွန်းလမ်း၊ လွန်းလှည်းအသစ်နှင့် တန်-၁၅၀၀ တွဲရေယာဉ်အသစ်တို့အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**❖ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများတွင် ပို့ဆောင်ရေးကဏ္ဍသည် အလွန်အဓိကကျသည့် အခန်းကဏ္ဍမှပါဝင်လျက်ရှိ . . .**

**❖ ရေကြောင်းပို့ဆောင်ရေးသည် ခရီးသွားပြည်သူများ၏ သယ်ယူပို့ဆောင်ရေး(Public Transport) လုပ်ငန်းစဉ်နှင့်အတူ ကုန်စည်ပို့ဆောင်မှုမှန်ကန်မြန်ဆန်စေရေးအတွက် တာဝန်ယူရသည့် ကဏ္ဍလည်းဖြစ် . . .**

**❖ ကုန်စည်ပို့ဆောင်ရေးအတွက် လိုအပ်မည့်ဈေးကွက်ဝင်၊ စီးပွားရေးတွက်ခြေကိုက်သည့် ကုန်တင်ရေယာဉ်၊ ကုန်တင်တွဲ၊ တွန်းရေယာဉ်၊ ကွန်တိန်နာတင်ရေယာဉ်များကို ထိန်းသိမ်းပြုပြင်ခြင်း၊ ပိုမိုတည်ဆောက်ခြင်းတို့ဖြင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍကို မြှင့်တင်ပေးရမည်ဖြစ် . . .**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင်ဒလသင်္ဘောကျင်းရှိ တန်-၁၅၀၀ တွဲရေယာဉ်အသစ်အား ကြည့်ရှုစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့်အထိမ်းအမှတ်မှတ်တမ်း Video Clip ကို ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့်အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

တွဲရေယာဉ်အသစ်တို့အား ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ်(၁၅၀) ပြည့်အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ၁၈၇၅ ခုနှစ်က တည်ဆောက်ထားခဲ့သော ဒလသင်္ဘောကျင်း၏ သမိုင်းဝင်ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံအား ရှေးမူမပျက်အကြီးစား ပြန်လည်မွမ်းမံပြီးစီးမှု ကမ္ပည်းမော်ကွန်းကျောက်စာနှင့် သမိုင်းဝင်အဆောက်အအုံဆိုင်းဘုတ်တို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

ထို့နောက် သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ်(၁၅၀) ပြည့်အထိမ်းအမှတ် အခမ်းအနားကို ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံအတွင်း ကျင်းပပြုလုပ်ရာ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့်

**စာမျက်နှာ ၁၁ သို့** ☆

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# 150th anniversary of historic Dala Shipyard held; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address



Senior General Min Aung Hlaing delivers an address to honour the anniversary.

NAY PYI TAW January 1

The 150th anniversary of Dala Shipyard, a historic facility in Dala Township, Yangon Region was held this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Joint Secretary General Ye Win Oo, SAC members, union ministers, union level officials, the Yangon Region chief minister and senior military officers from the Office of the Commander-in-Chief, the Yangon Command commander, officials of Ministry of Transport and Communications, invited guests, and officials of the shipyard.

On arrival at the shipyard, the Senior General and party were welcomed by children of the families of the shipyard.

In honour of the anniversary, the upgraded No. 1 slipway that was built in 1908, and a new slipway cradle and a new 1,500-ton barge were formally launched by SAC member Deputy Prime Minister and Union Minister for Transport and Communications General Mya Tun Oo, Union Minister for Industry Dr Charlie Than, and Yangon Region Chief Minister U Soe Thein.

In honour of the anniversary, the Senior General unveiled the stone plaque marking the completion of the historic diesel engine repair workshop, renovated and preserved in its original design, and signboard of the historic building, and sprinkled scented water on the plaque.

At the anniversary ceremony held at the ancient diesel engine repair workshop, the Senior General and attendees watched a video clip on Inland Water Transport and the Dala Shipyard.

In his address to honour the anniversary, the Senior General said Dala Shipyard opened a new chapter of Myanmar's maritime history. Hence, it can be termed as a historic shipyard with a unique tradition. According to historical accounts, Dala shipyard can be recorded as the **"beginning of advanced shipyards."** In this regard, the 150th anniversary of shipyard was held.

The state-owned Inland Water Transport originated from the colonial-era Irrawaddy Flotilla Company. It is noted that the Irrawaddy Flotilla Company first placed the Dala Shipyard under its management on January 1, 1875. Since the nationalization of the Irrawaddy Flotilla Company on June 1, 1948, the Dala Shipyard has become a national facility, remaining an integral part of the history of Inland Water Transport.

The Dala Shipyard, which originated from the Irrawaddy Flotilla Company, has successfully endured through the Konbaung

See Page - 21



Senior General Min Aung Hlaing inspects the diesel workshop in Dala Shipyard.



Senior General Min Aung Hlaing inspects the stone inscription commemorating the maintenance of the diesel workshop in its original style in Dala Shipyard.

●● From Page - 21

physical facilities in shipyards must be upgraded and maintained. This includes the slipways and launching ramps for ship construction, machinery and equipment, construction workshops, cranes and vehicles, shipyard roads, loading systems, and resources for ship design. These improvements aim to address current needs while aligning with global benchmarks.

For sustainable development of the maritime sector and the preservation of historic shipyards, collaboration between various maritime organizations and government departments is crucial. State-owned shipyards should exchange and disseminate ship construction technologies while adhering to maritime regulations to drive growth in the sector. Efforts should include safe and efficient management of inland waterway transport, coastal shipping for goods and passengers, and integrated travel routes connecting rivers and coastal areas. To achieve this, assessments must consider state funding, market conditions, and economic profitability. Utilizing the capacity of Dala Shipyard is essential for enhancing coastal cargo shipping. In celebration of the 150th anniversary of Dala Shipyard, it was emphasized that maintaining and preserving historic industrial facilities like Dala Shipyard is vital for their long-term sustainability.

Council member Deputy Prime Minister and Union Minister for Transport and Communications General Mya Tun Oo highlighted the historical significance of Dala Shipyard, its contributions over the years, and its alignment with the directives of national leaders. He also elaborated on the current operations and future plans for the shipyard, ensuring its continued relevance and functionality in the maritime sector.

Then, member of the SAC deputy prime minister and union minister for Transports and Communications presented a miniature ship commemorating the 150th Anniversary of Dala Dockyard and the Senior General presented cash rewards for staff of the dockyard.

Afterward, the Senior General posed for documentary photographs together with attendees and cordially greeted staff of the dockyard before earnestly viewing historical records and documentary photographs and miniature ships of the Inland Water Transports and Dala dockyard displayed in the historic ancient diesel workshop.



Senior General Min Aung Hlaing views exhibitions for the 150th anniversary of Dala Shipyard.



An exhibition of ancient and historic Dala Shipyard.

Then, the Senior General inspects the repairs of major maintenance of heavy ships and tests of building small scaled coastal cargo ships and give necessary instructions on reports of the officials.

Afterward, the Senior General signed the guest book of the historic dockyard.

Dala dockyard is the most ancient and biggest one owned by the Inland Water Transports and has carried out maintenance in accordance with projects and shipbuilding accord with the demands for local transportations, production of spare parts required for maintenance of ships and shipbuilding, innovation and tests and offering shipbuilding and maintenance tasks for vessels of other departments successfully. True to be an historic and ancient dockyard, its inefficient old factories and workshops, ship launching lines and machinery are being upgraded by building new ship launching lines, installing new machinery, carrying out maintenance tasks in old buildings in accordance with the head of state without losing sight of the developing commercial system and will implement future goals of the Inland Water Transports based on its human resources.

**100**

# More than 4,000 acres of vegetables planted in Kyaukmyaung

KYAUKMYAUNG January 1

According to the statistics of Kyaukmyaung Town Agriculture Department in Shwebo District of Sagaing Region, local farmers have planted 4,142 acres of vegetables in the township as cold season crops.

In 2024-2025 cold season, local authorities earmarked cultivation of 4,418 acres of vegetables but local farmers have so far planted 4,142 acres of crops against the target.

Daw Khin Win, Head of Kyaukmyaung Town Agriculture Department said: "Local farmers have so far grown 4,142 acres of vegetables against the target of 4,418 acres in the town as cold season crops. They emphasize cultivation of mustard, chilli, spicy, potato, cabbage, eggplant, cauliflower, Chinese cabbage and other crops. We urged local farmers to use GAP system in cultivation of crops so as to produce healthy crops with least chemical residue." Officials of the Township Agriculture Department shares knowledge about systematic growing of crops with agricultural techniques, prevention of pests, use of fertilizers and pesticides. **SK**

# More than 30,000 acres of peanut planted in KhinU Township

KHINU January 1

According to the statistics of KhinU Township Department of Agriculture, a total of 32,328 acres of peanut has been planted in KhinU Township of Sagaing Region this year.

In 2024-2025 cold season, a plan was set to grow 34,134 acres of peanut in KhinU Township of Sagaing Region, and local farmers have planted 32,328 acres of crops against the target cultivation.

U Nay Win Naing, Head of KhinU Township Department of Agriculture said: "Local authorities have earmarked cultivation of more than 34,000 acres of peanut in KhinU Township but local farmers have grown more than 32,000 acres against the target cultivation. They are striving to meet the target cultivation, Peanut plantations are thriving in the township. Sown acreage of peanut is on the rise in the township yearly."

Farmers use 1.5 baskets of peanut seeds per acre in growing crops and cost more than Ks-200,000 per acre for peanut seeds, labour charge, fertilizers and pesticides.

**SMK**

# 340 injured in Christmas, New Year revelries in Philippines



340 injured in Christmas, New Year revelries in Philippines.

MANILA January 1

The Philippines' Department of Health (DOH) said on Wednesday it has tallied 340 firecracker-related injuries nationwide during Christmas and New Year revelries.

The DOH said that the total number of injuries recorded from December 22, 2024, to January 1, 2025, was 34 percent lower than that in the same period of the previous year.

According to the health department, nearly 60 percent of the injuries were caused by prohibited powerful firecrackers.

The DOH said that 239 of the victims were 19 years old and below. Of the 340 cases, 299 were men and 41 women. **Xinhua**

# Norovirus outbreaks rising in U.S.

NEW YORK January 1

There have been an unusually high number of norovirus outbreaks sickening people across the United States this month, according to data from the Centers for Disease Control and Prevention (CDC).

There were 91 suspected or confirmed norovirus outbreaks in the first week of December, the most recent data available. This is a higher number than the CDC has recorded during the same week in recent years. It also exceeds the number of outbreaks recorded in early December in the years leading up to the COVID-19 pandemic.

Outbreaks can occur throughout the year, but they are most common between November and April. The highly contagious virus, which sickens an estimated 19 to 21 million people nationwide each year, can cause sudden and unpleasant gastrointestinal symptoms.

This month, at least 80 people fell ill from norovirus linked to raw oysters served at a restaurant event in Los Angeles. The Food and Drug Administration (FDA) has advised people not to eat the oysters implicated in that outbreak, which came from British Columbia, Canada, and had been sold in 14 states and the District of Columbia before being recalled. Other recent recalls linked to norovirus have involved fresh and frozen berries, according to an FDA database.

**Xinhua**

# India, Pakistan exchange list of prisoners

NEW DELHI January 1

India and Pakistan on Wednesday exchanged the list of civilian prisoners and fishermen in each other's jails, officials said.

The exchange was carried out through diplomatic channels simultaneously in New Delhi and Islamabad, India's Foreign Ministry said.

India has shared the names of 381 civilian prisoners and 81 fishermen in its custody, who are Pakistanis or are believed to be Pakistanis. Similarly, Pakistan has shared the names of 49 civilian prisoners and 217 fishermen in its custody, who are Indians or are believed to be Indians, the foreign ministry said in a statement.

According to the ministry, the exchange was conducted in accordance with provisions of a bilateral agreement on consular access under which such lists are exchanged every year on January 1 and July 1.

**Xinhua**

# 17 Palestinians killed by Israeli bombings across Gaza

GAZA January 1

At least 17 Palestinians were killed by Israeli bombings in the northern and central Gaza Strip on Wednesday, the Palestinian official news agency WAFA reported.

At least 15 Palestinians, most of them children, were killed and several others injured when the Israeli aircraft bombed a house in Jabalia Al-Balad, northern Gaza, WAFA said.

Two more people were killed as a result of the Israeli bombing of a house in Al-Bureij camp, central Gaza, it added.

Israeli military spokesperson AvichayAdraee, in a warning statement on Wednesday, urged residents in some blocks in the Al-Bureij area to "move immediately to the humanitarian zone" before an attack, adding that "terrorist organizations are once again launching rockets from this area."

Earlier, the military said in a statement that Hamas launched two projectiles from central Gaza into southern Israel overnight, triggering sirens in the western Negev desert. One of the projectiles was intercepted and the other fell in an open area, with no injuries reported.


Hamas' armed wing, Al-Qassam Brigades, claimed responsibility for the attack, which was aimed at the southern Israeli city of Netivot.

Israel has been conducting a large-scale offensive against Hamas in Gaza to retaliate against a Hamas rampage through the southern Israeli border on October 7, 2023, during which about 1,200 people were killed and about 250 taken hostage.

The Palestinian death toll from ongoing Israeli attacks in the Gaza Strip has risen to 45,553, Gaza-based health authorities said in a statement on Wednesday.

**Xinhua**

# At least 10 killed, 30 injured after car struck crowd in New Orleans in US



At least 10 killed, 30 injured after car struck crowd in New Orleans in US.

MOSCOW January 1

At least 10 people were killed and 30 others injured after a vehicle drove into a crowd in US's New Orleans, ABC News reported on Wednesday, citing police and city officials.

"There are 30 injured patients that have been transported by NOEMS [New Orleans Emergency Medical Services] and 10 fatalities," the city authorities were quoted by ABC News as saying.

The driver, who was reportedly acting on purpose, had not been detained yet, ABC News added, citing police.

The FBI said improvised explosive devices were found at the scene where 10 people were killed, Fox News reported.

CBS News reported earlier in the day that a driver on a truck struck a crowd of people in New Orleans and opened fire. According to the eyewitnesses, the truck at high speed crashed into the crowd on Bourbon Street, after which the driver came out of the car and started shooting, with police reportedly returning fire.

New Orleans Mayoress LaToya Cantrell has described the ramming of a crowd of New Year's Eve revellers with a pickup truck as a terrorist attack.

**Sputnik**

●● From Page - 18

Dynasty, the British colonial period, and the Japanese occupation of Myanmar. Since independence, the shipyard has supported the construction and maintenance of vessels essential for the transportation sector in various national projects under successive governments.

The shipyard is a historic site, and to this day, its ancient buildings, workshops, warehouses, and docks remain visible within the premises. The ancient diesel engine workshop building, constructed before 1880, still stands, along with numerous other workshops and buildings dating back to the period before 1920. I would also like to recognize and appreciate the efforts made in sustainably preserving and utilizing historic buildings like this one to the present day.

The transportation sector plays a crucial role in the country's economic and social development. Among these sectors, water transport is essential for ensuring the efficient and timely movement of goods, as well as public transportation.

It is expected that the country's transportation network, including airports, runways, roads, railways, and bridges over rivers and streams, will reduce the reliance on water vessels for passenger transportation in the future. However, in the field of cargo transportation, shipping by water remains more cost-effective, as it enables the transport of large quantities of goods in a single shipment. Internationally, water transportation is increasingly being prioritized. Efforts must be made to effectively utilize the Ayeyawady and Chindwin rivers, which facilitate transportation from northern Myanmar to the southern Ayeyawady River Basin throughout the year, regardless of the season. We must promote trade along the maritime route. Therefore, the water transportation sector must be strengthened through the maintenance, repair, and construction of more efficient and economically viable cargo vessels, trailers, tugboats, and container ships essential for cargo transport.

The economic sector plays a key role in the development of a country. To promote economic growth, innovative strategies are needed in the maritime sector, ranging from inland waterway transport to coastal shipping. Efforts should focus on integrating systems such as inland freight transport, coastal passenger and cargo shipping, containerized freight shipping, and combining inland and coastal travel routes to enhance maritime logistics efficiency. Long-term planning is essential, including the construction of necessary vessels at shipyards like the Dala Shipyard. Additionally, state-owned shipyards must focus on increasing their capacity and efficiency to meet future demands.

Engine technology for ships has evolved over time, from coal-fired boilers to diesel engines. Similarly, as land transport increasingly adopts energy solutions like electricity and batteries, it is recommended to conduct research and development for incorporating battery-powered energy systems in ships.

To meet international standards,

See Page - 19 ●●



Senior General Min Aung Hlaing presents cash rewards for staff of Dala Shipyard to officials.



Senior General Min Aung Hlaing hears reports of the development of Dala Shipyard.



Senior General Min Aung Hlaing inspects the diesel workshop of Dala Shipyard.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အမေရိကန်က ပါကစ္စတန်အပေါ် ပိတ်ဆို့မှုတွေချမှတ်ခြင်းက တရုတ်နဲ့ပိုနီးကပ်အောင် တွန်းပို့ပေးနေတဲ့လုပ်ရပ်လို့ဆိုနိုင်မလား



ဒီဇင်ဘာလ ၁၈ ရက်မှာ အမေရိကန်နိုင်ငံက ပါကစ္စတန်နိုင်ငံရဲ့ အမြင့်ပျံဒုံးကျည်အစီအစဉ်အပေါ် ပိတ်ဆို့မှုတွေချမှတ်တယ်ဆိုပြီး ထုတ်ပြန်ကြေညာလိုက်ပါတယ်။ ဒီလိုပိတ်ဆို့မှုချမှတ်တာက သမ္မတရဲ့အမိန့်အမှတ်စဉ် ၁၃၃၈၂ အရဖြစ်တယ်လို့ဆိုပါတယ်။

အဲဒီအမိန့်အမှတ်စဉ်ရဲ့ရည်မှန်းချက်က လူအစုလိုက်အပြုံလိုက်သေဆုံးစေတဲ့ အဖျက်စွမ်းအားပြင်းလက်နက်များကို ပြန့်ပွားစေသူများနဲ့ အဲဒီလက်နက်များကိုပို့ဆောင်တဲ့ အမျိုးမျိုးသော နည်းလမ်းများအပေါ် ပစ်မှတ်ထားပြီးလုပ်ဆောင်တဲ့ ဆောင်ရွက်ချက်တစ်မျိုးပါ။

အမေရိကန်ရဲ့ပိတ်ဆို့မှုထဲမှာ ပါကစ္စတန်ရဲ့နိုင်ငံပိုင် National Development Complex လည်းအပါအဝင်ဖြစ်ပြီး ကုမ္ပဏီလေးခုကို ပိတ်ဆို့မှုတွေချမှတ်လိုက်တာဖြစ်ပါတယ်။ အခုလို အမေရိကန်က ပါကစ္စတန်နိုင်ငံအပေါ်ပိတ်ဆို့မှုတွေချမှတ်ခြင်းဟာ ပါကစ္စတန်နဲ့ပတ်သက်ပြီး အချိန် ၁၄ လတာကာလအတွင်း စတုတ္ထအကြိမ်မြောက် ပိတ်ဆို့မှုချမှတ်ခြင်းလည်းဖြစ်ပါတယ်။

၂၀၂၃ ခုနှစ် အောက်တိုဘာလတုန်းက အမေရိကန်က တရုတ်ကုမ္ပဏီသုံးခုအပေါ် ပိတ်ဆို့မှုတွေချမှတ်ခဲ့တာတွေ့ရပါတယ်။ ဒီလိုပိတ်ဆို့မှုတွေချမှတ်ရတဲ့အကြောင်းရင်းက အဲဒီကုမ္ပဏီတွေဟာ ပါကစ္စတန်နိုင်ငံကို အမြင့်ပျံဒုံးကျည်အတွက်အသုံးပြုနိုင်တဲ့ ကုန်ကြမ်းပစ္စည်းများထောက်ပံ့ပေးနေခြင်းကြောင့်ဖြစ်တယ်ဆိုပြီး ပြောထားပါတယ်။

အလားတူပဲ ပြီးခဲ့တဲ့နှစ်ဧပြီလတုန်းက အမေရိကန်ဟာ တရုတ်ကုမ္ပဏီနောက်ထပ်သုံးခုနဲ့ ဘယ်လာရုစ်ကုမ္ပဏီတစ်ခုတို့ကို ပိတ်ဆို့မှုတွေချမှတ်ခဲ့ပါသေးတယ်။ စက်တင်ဘာလမှာ အမေရိကန်ဘက်က တရုတ်ကုမ္ပဏီ နောက်ထပ်လေးခုနဲ့အတူ တရုတ်နိုင်ငံသားတစ်ဦးတို့ကို ပါကစ္စတန်ရဲ့ဒုံးကျည်အစီအစဉ်မှာပါဝင်မှုအတွက် ပိတ်ဆို့မှုတွေချမှတ်ခဲ့တာတွေ့ရပါတယ်။ အခုနောက်ဆုံးတစ်ခေါက် ပိတ်ဆို့မှုချမှတ်ရာမှာ ပါကစ္စတန်နိုင်ငံပိုင်ကုမ္ပဏီလည်းပါဝင်လာတာဖြစ်တဲ့အတွက် ဒီလိုလုပ်ဆောင်မှုကပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်း ပထမဆုံးအကြိမ်ဖြစ်လာတာဖြစ်ပါတယ်။

Arms Control Association and Carnegie Endowment for International Peace ဆိုတဲ့အဖွဲ့ကစီစဉ်ကျင်းပတဲ့အခမ်းအနားတစ်ခုမှာ အမေရိကန်အမျိုးသားလုံခြုံရေးဒုတိယအကြံပေး ဂျွန်ဖိုင်းနားက ပါကစ္စတန်နိုင်ငံဟာ အကြီးစားဒုံးကျည်မော်တာများကိုထုတ်လုပ်နေတယ်ဆိုပြီး စွပ်စွဲပြောဆိုထားတာရှိပါတယ်။ အဲဒီဒုံးကျည်မော်တာတွေက တောင်အာရှဒေသကိုကျော်လွန်ပြီး အမေရိကန်အပါအဝင် တခြားသောနေရာများရှိ ပစ်မှတ်များကိုပစ်ခတ်နိုင်စေလိမ့်မယ်လို့လည်း သူကဆိုထားပါတယ်။

ဒါပေမဲ့ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနကတော့ အမေရိကန်ရဲ့ထုတ်ပြန်ချက်တွေဟာ ဘက်လိုက်မှုတွေရှိနေတယ်လို့ပြောပြီး တုံ့ပြန်ထားတာကိုတွေ့ရပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ထုတ်ပြန်ချက်ထဲမှာ ပါကစ္စတန်နိုင်ငံအနေနဲ့ အခုလိုမျိုးတွေလုပ်ဆောင်နေရတာဟာ ကိုယ့်နိုင်ငံကိုကာကွယ်ရေးအတွက် မိတ်ဖက်နိုင်ငံများနဲ့ပူးပေါင်းဆောင်ရွက်ခြင်းသာဖြစ်တယ်လို့လည်း ပြောထားပါသေးတယ်။

လက်ရှိအချိန်မှာ ပါကစ္စတန်နိုင်ငံက တာလတ်ပစ်ဒုံးကျည်တစ်မျိုးဖြစ်တဲ့ Shaheen-III ဒုံးကျည်ကိုပိုင်ဆိုင်ထားပြီး ဒါဟာ သူတို့ရဲ့လက်နက်တွေထဲကအဆင့်အမြင့်ဆုံးလက်နက်တစ်မျိုးဖြစ်ပါတယ်။ အဲဒီဒုံးကျည်မှာ အချင်း ၁ ဒသမ ၄ မီတာရှိဒုံးမော်တာကိုတပ်ဆင်ထားတာပါ။ အဲဒီအတွက် အကွာအဝေးအားဖြင့် ကီလိုမီတာ ၂၇၅၀ အထိသွားနိုင်ပါတယ်။ အမေရိကန်ပြောသလိုမျိုးပဲ ပါကစ္စတန်က အမေရိကန်အထိပစ်ခတ်နိုင်တဲ့ တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစားကိုဖန်တီးထုတ်လုပ်ဖို့အတွက်ဆိုရင် အနည်းဆုံးကီလိုမီတာ ၁၂၀၀၀ လောက်အထိ သွားနိုင်စွမ်းရှိတဲ့ ဒုံးကျည်အမျိုးအစားကိုဖန်တီးရပါမယ်။

ပါကစ္စတန်ရဲ့ပြောဆိုပုံအရဆိုရင် ပကတိမြေပြင်အခြေအနေနဲ့ကွဲလွဲနေပြီး အတည်မပြုနိုင်တဲ့ယူဆချက်အပေါ်အခြေခံကာ အမေရိကန်ကပိတ်ဆို့မှုတွေချမှတ်လိုက်တာဖြစ်တဲ့အတွက် ဒီလိုမျိုးဆောင်ရွက်ချက်ဟာ နှစ်နိုင်ငံကြားဆက်ဆံရေးကိုပျက်စီးသွားစေနိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲ ပါကစ္စတန်က သူတို့အနေနဲ့ နျူကလီးယားစွမ်းဆောင်ရည်များကိုအကောင်အထည်ဖော်နေခြင်းဟာ ကိုယ့်နိုင်ငံကိုကာကွယ်ပေးနေခြင်းသာဖြစ်တယ်လို့ဆိုပါတယ်။

အမေရိကန်က အိန္ဒိယနိုင်ငံနဲ့ဆက်ဆံရေးကောင်းတစ်ခုကိုတည်ဆောက်ထားခြင်းက ပါကစ္စတန်ရဲ့စိုးရိမ်ကြောင့်ကြမှုကို ပိုမိုဆိုးဝါးစေပါတယ်။ ဒီအတွက်ကြောင့် အမေရိကန်ဟာ တောင်အာရှဒေသရှိမဟာဗျူဟာမြောက် လက်တွေ့အခြေအနေတွေကို နားလည်ထားခြင်းမရှိဘူးလို့ ပညာရှင်အချို့က သုံးသပ်ထားပါတယ်။ ဒီလိုအချိန်မျိုးမှာ ပါကစ္စတန်ရဲ့ပြိုင်ဘက်နိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံက တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုတွေ၊ ရေငုပ်သင်္ဘောမှပစ်ခတ်နိုင်တဲ့ဒုံးကျည်တည်ဆောက်မှုတွေလုပ်ဆောင်ထားတာကြောင့်လည်း ပါကစ္စတန်အနေနဲ့ စိုးရိမ်ပူပန်နေမယ်ဆိုရင် ဒါဟာစိုးရိမ်ပူပန်သင့်တဲ့အခြေအနေတစ်ခုဖြစ်နေတယ်ဆိုတာကို လက်ခံပေးရပါမယ်။

အိန္ဒိယဘက်က နျူကလီးယားလက်နက်တပ်ဆင်ပစ်ခတ်နိုင်တဲ့ Agni-5 ဒုံးကျည်၊ အသံနှုန်းလွန်လေဟုန်စီးယာဉ်၊ ရေငုပ်သင်္ဘောကနေပစ်ခတ်နိုင်တဲ့ K4 အမျိုးအစားအမြင့်ပျံဒုံးကျည်များကို တည်ဆောက်ထားနိုင်တာတွေ့ရပါတယ်။

တစ်ချိန်တည်းမှာပဲ အမေရိကန်က အိန္ဒိယနဲ့များလှစွာသောသဘောတူစာချုပ်များမှတစ်ဆင့် ဒေသတွင်းကာကွယ်ရေးနဲ့လုံခြုံရေးကို ပိုမိုခိုင်မာအောင်တည်ဆောက်နေပါတယ်။ သဘောတူညီချက်တွေထဲမှာ ဆိုက်ဘာလုံခြုံရေး၊ ချစ်ပြားထုတ်လုပ်ရေး၊ လူတုဉာဏ်ရည်နည်းပညာ၊ ကွမ်တမ်နည်းပညာ၊ အာကာသရေးရာအပါအဝင် တခြားကဏ္ဍများစွာပါဝင်ပါတယ်။ ဒ့ါအပြင် အိန္ဒိယက အမေရိကန်မှစစ်လက်နက်ပစ္စည်းများစွာကိုဝယ်ယူနိုင်ဖို့အတွက်လုပ်နေပါသေးတယ်။

အရင်တစ်ချိန်တုန်းက ပါကစ္စတန်နိုင်ငံဆိုတာ အမေရိကန်နဲ့ အလွန်ကောင်းမွန်တဲ့ဆက်ဆံရေးတစ်ရပ်ကိုထူထောင်နိုင်ခဲ့တာဖြစ်ပါတယ်။ အတက်အကျလေးတွေတော့ရှိပါတယ်။ အမေရိကန်ရဲ့အကြမ်းဖက်မှုချေမှုန်းရေးစစ်ပွဲအတွင်း ပါကစ္စတန်နိုင်ငံကအဓိကကျတဲ့အခန်းကဏ္ဍကနေ ပါဝင်ပေးခဲ့တာပါ။

ဒ့ါအပြင် ပါကစ္စတန်နိုင်ငံဆိုတာ အမေရိကန်နိုင်ငံအတွက် NATO တပ်ဖွဲ့ပြင်ပ အဓိကမဟာမိတ်နိုင်ငံအထိကိုဖြစ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့လည်း မကြာသေးမီကချမှတ်လိုက်တဲ့ အမေရိကန်ရဲ့ ပါကစ္စတန်အပေါ်ပိတ်ဆို့မှုတွေက ပါကစ္စတန်ကိုတရုတ်နိုင်ငံဆီရောက်ရှိစေဖို့အတွက် လမ်းကြောင်းပေးနေသလိုဖြစ်နေတာကိုတွေ့ရပါတယ်။

ကမ္ဘာ့ပထဝီနိုင်ငံရေးအခြေအနေများစွာပြောင်းလဲလာတာနဲ့အမျှ အမေရိကန်နဲ့တရုတ်တို့ရဲ့ပြိုင်ဆိုင်မှုသည်လည်း ပြင်းထန်လာပါတယ်။ ဒါကြောင့်ပဲ တရုတ်နိုင်ငံရဲ့ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်မှုကို တုံ့ပြန်နိုင်ရေးအတွက် အမေရိကန်ကအိန္ဒိယနဲ့ဆက်ဆံရေးကိုပိုမိုတိုးမြှင့်လာနေပါတယ်။ ပါကစ္စတန်ကတော့ နှစ်နိုင်ငံစလုံးနဲ့သင့်မြတ်အောင်နေထိုင်လာနေတာဖြစ်ပါတယ်။ သို့ပေမယ့် အာဖဂန်နစ္စတန်မှ အမေရိကန်တပ်ဖွဲ့တွေထွက်ခွာပြီးနောက် အမေရိကန်နဲ့ ပါကစ္စတန်နိုင်ငံတို့ကြားဆက်ဆံရေးက တစ်ဖန်ပြန်လည်ဆိုးဝါးလာပါတယ်။

အတိတ်ကာလတုန်းက အမေရိကန်နိုင်ငံဆိုတာ အိန္ဒိယနဲ့ပါကစ္စတန်တို့ကြားမှာပြဿနာတက်ရင် အမြဲတမ်းကြားကနေဝင်ရောက်ညှိနှိုင်းပေးတတ်သူဖြစ်ပါတယ်။ ဒါပေမဲ့အခုတော့ အမေရိကန်အနေနဲ့ ပါကစ္စတန်အပေါ်ပိတ်ဆို့မှုတွေချမှတ်လိုက်ခြင်းက အိန္ဒိယနဲ့ပါကစ္စတန်တို့ကြား ဆက်ဆံရေးတင်းမာမှုတွေကိုပိုလို့သာဆိုးသွားစေပါတယ်။ ဒီအချိန်မှာ အမေရိကန်ကလည်း အိန္ဒိယဘက်ကိုသာအလေးပေးနေတာတွေ့ရပါတယ်။

တစ်ချိန်တည်းမှာပဲ အမေရိကန်နဲ့ပါကစ္စတန်တို့ကြားမှာ တစ်ဦးနဲ့တစ်ဦးအပြန်အလှန်ယုံကြည်မှုတွေက လျော့ပါးကျဆင်းလာနေပါတယ်။ ဒီပြဿနာက အနာဂတ်ပဋိပက္ခတွေမှာ ဘက်မလိုက်တဲ့နိုင်ငံတစ်နိုင်ငံအနေနဲ့ ရပ်တည်နိုင်ဖို့အတွက် အမေရိကန်ရဲ့ကြိုးပမ်းမှုနဲ့ ပြဒါးတစ်လမ်း၊ သံတစ်လမ်းလိုဖြစ်နေပြီး ကိုယ့်ရဲ့အကူအညီလိုအပ်နေနိုင်သူတစ်ဦးကိုကိုယ်ကမကူညီပေးဘဲ ကိုယ့်ရဲ့ပြိုင်ဘက်ဆီကိုသာထိုးအပ်နေတဲ့အဖြစ်နဲ့တူညီနေကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

Ref: SCMP

ထက်မြက်

# ဒေါ်နယ်ထရမ့်၏ ကုန်သွယ်ရေးမူဝါဒများက ထိုင်းနိုင်ငံစီးပွားရေးကို ဘတ်ဘီလီယံ ၁၆၀ ထိခိုက်စေမည်

**ဘန်ကောက်၊ စီးပွားရေး**

အမေရိကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်၏ ကုန်သွယ်ရေးမူဝါဒများသည် ထိုင်းနိုင်ငံ၏စီးပွားရေးကို ဘတ်ဘီလီယံ ၁၆၀ ထိခိုက်ဆုံးရှုံးစေမည်ဖြစ်ကြောင်း၊ ထို့အတွက်ကြောင့် ထိုင်းနိုင်ငံအနေဖြင့် ကုန်သွယ်ရေးတွင် ဘက်မလိုက်ရပ်တည်ချက်ကိုသာ ဆက်လက်စွဲကိုင်ထားရမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ၏ကုန်သည်ကြီးများအသင်းက သတိပေးထားသည်။

ထရမ့်၏ကုန်သွယ်ရေးမူဝါဒများသည် အမေရိကန်-ထိုင်းကုန်သွယ်ရေး၌ ထိုင်းနိုင်ငံက ကုန်သွယ်ရေးပိုငွေပြလျက်ရှိသော ပို့ကုန်များအပေါ် သက်ရောက်စေမည်ဖြစ်ကြောင်း၊ ထို့အတူ ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍများသည်လည်း ထိုမူဝါဒများ၏သက်ရောက်မှုကို ခံစားရနိုင်ဖွယ်ရှိကြောင်း ကုန်သည်ကြီးများအသင်း၏ ဥက္ကဋ္ဌကဆက်ပြောသည်။

အမေရိကန်က တရုတ်နိုင်ငံမှပို့ကုန်များအပေါ် ထပ်ဆောင်းအခွန်များစွာကောက်ခံရန်ပြင်ဆင်နေခြင်းက ထိုင်းနိုင်ငံ၏ဈေးကွက်အတွင်းသို့ တရုတ်ကုန်ပစ္စည်းများဝင်ရောက်လာနိုင်ကြောင်း၊ ယင်းအတွက်ကြောင့် နိုင်ငံ၏ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် သက်ရောက်မှုများရှိလာနိုင်ကြောင်း ၎င်းကဆက်ပြောသည်။

ထို့ပြင် ထိုင်းနိုင်ငံသည် ပြည်တွင်းစက်မှုလုပ်ငန်းကို ဆက်လက်ထိန်းသိမ်းထားပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဖိတ်ခေါ်သွားရမည်ဖြစ်ကြောင်း ၎င်းကပြောထားသည်ဟုသိရသည်။ **Ref: NT**




## ဂျာမနီပြည်သူများ ဓာတ်ငွေ့ကိုချွေတာသုံးစွဲရန် တာဝန်ရှိသူသတိပေး

**ဘာလင်၊ ပြည်တွင်းရေး**


ဂျာမနီပြည်သူများအနေဖြင့် ဓာတ်ငွေ့ပြတ်လပ်မှုနှင့်မကြုံကြိုက်စေရေးအတွက် ထိုလောင်စာကိုချွေတာသုံးစွဲရန် ဂျာမနီစွမ်းအင်တာဝန်ရှိသူတစ်ဦးက သတိပေးတောင်းဆိုထားကြောင်း Die Weltသတင်းစာက ဇန်နဝါရီလ ၁ ရက်တွင်ဖော်ပြထားသည်။

နိုင်ငံ၏ဓာတ်ငွေ့သုံးစွဲမှုပမာဏသည် ၂၀၂၃ ခုနှစ်အောက်တိုဘာလမှ ဒီဇင်ဘာလထက် ၂၀၂၄ ခုနှစ် အလားတူကာလတွင် ၅ ဒသမ ၈ ရာခိုင်နှုန်းတိုးမြင့်လာကြောင်း၊ စက်မှုလုပ်ငန်းများအနေဖြင့်မူ ဓာတ်ငွေ့သုံးစွဲမှုပမာဏ ၉ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သတင်းစာက ဖော်ပြထားသည်ကိုတွေ့ရသည်။

ဂျာမနီနိုင်ငံသည် နိုင်ငံအတွက်လိုအပ်သောဓာတ်ငွေ့စုစုပေါင်းအနက် ထက်ဝက်ခန့်ကို ရုရှားနိုင်ငံမှဝယ်ယူအသုံးပြုနေရခြင်းဖြစ်ပြီး အနောက်အုပ်စုက ရုရှားနိုင်ငံအပေါ် ပိတ်ဆို့မှုများချမှတ်ပြီးနောက် စွမ်းအင်ကဏ္ဍတွင် အထိခိုက်ရဆုံးမှာ ဂျာမနီနိုင်ငံဖြစ်သည်။

လက်ရှိကျရောက်နေသော ဆောင်းရာသီကာလအတွင်း နေအိမ်များကိုအနွေးဓာတ်ပေးနိုင်ရေးအတွက် ဓာတ်ငွေ့များကိုသာ အဓိကအသုံးပြုနေရခြင်းဖြစ်သည့်အတွက် ဆောင်းရာသီမကုန်မီ စွမ်းအင်ပြတ်လပ်မှုမဖြစ်စေရန် တာဝန်ရှိသူက ယခုကဲ့သို့ သတိပေးထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref: RT**



## မူးယစ်ကုန်သွယ်သူအီရန်နိုင်ငံသားများကို ဆော်ဒီအာရေဗျကွပ်မျက်

**ရီယတ်၊ ရာဇဝတ်မှု**

မူးယစ်ဆေးဝါးကုန်သွယ်မှုကျူးလွန်သူ အီရန်နိုင်ငံသားခြောက်ဦးကို ဆော်ဒီအာရေဗျအစိုးရက ကွပ်မျက်လိုက်သည်ဟု SPA သတင်းဌာနက ဇန်နဝါရီလ ၁ ရက်တွင်ဖော်ပြထားသည်။

အဆိုပါကွပ်မျက်မှုကို ဒမ်မန်မြို့၌ လုပ်ဆောင်ခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော်လည်း ထိုသို့ကွပ်မျက်သည့်ရက်အတိအကျကိုမူ ထုတ်ပြန်ထားခြင်းမရှိကြောင်း သတင်းဌာနက ဆက်လက်ဖော်ပြထားသည်။

ဆော်ဒီအာရေဗျအစိုးရအနေဖြင့် ၂၀၂၃ ခုနှစ်မှစ၍ နိုင်ငံအတွင်းမူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို ပြင်းပြင်းထန်ထန်လုပ်ဆောင်လာခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါးကိုရောင်းဝယ်ဖောက်ကားမှုအတွက် လူ ၁၁၇ ဦးကို ဆော်ဒီအာရေဗျအစိုးရက သေဒဏ်များပေးခဲ့ကြောင်း၊ ထိုသို့သေဒဏ်ပေးမှုသည် ၂၀၂၂ ခုနှစ်နောက်ပိုင်း မြင့်တက်လာခြင်းဖြစ်ကြောင်း သတင်းဌာနများက ရေးသားဖော်ပြထားသည်။

**Ref: TST**

## သတင်းတိုကဏ္ဍ

### တောင်ကိုရီးယားက ပျက်ကျလေယာဉ်မှ မှတ်တမ်းတင်စက်ကို အမေရိကန်သို့ပို့၍စစ်ဆေးမည်

တောင်ကိုရီးယားနိုင်ငံ၌ မကြာသေးမီက ပျက်ကျသွားသော ဂျယ်ဂျူးခရီးသည်တင်လေယာဉ်မှ မှတ်တမ်းတင်စက်ကို အမေရိကန်သို့ပို့၍ စစ်ဆေးမှုများလုပ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီလ ၁ ရက်တွင်ပြောသည်။

ထိုလေယာဉ်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်တွင် ခရီးသည် ၁၈၁ ဦးကိုတင်ဆောင်ကာ ထိုင်းနိုင်ငံမှ တောင်ကိုရီးယားနိုင်ငံသို့ပျံသန်းလာခြင်းဖြစ်ပြီး လေဆိပ်၌ ဝမ်းဗိုက်ဖြင့်ဆင်းသက်ရခြင်းကြောင့် လေယာဉ်တစ်ခုလုံးမီးလောင်ကာ လေယာဉ်ပေါ်လိုက်ပါလာသူအားလုံး သေဆုံးသွားသည်။

ထိုလေယာဉ်ပျက်ကျမှုအပေါ် တောင်ကိုရီးယားနှင့် အမေရိကန်တို့မှတာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့တစ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

သို့သော် ပျက်ကျသွားသည့်လေယာဉ်မှရရှိသော မှတ်တမ်းတင်စက်မှအချက်အလက်များကို ပြည်တွင်း၌ပြန်လည်ရယူရန်မဖြစ်နိုင်သောကြောင့် ယခုကဲ့သို့စီစဉ်ရခြင်းဖြစ်ကြောင်းသိရသည်။ **Ref: TST**

### နယူးအော်လင်း၌ လူအုပ်ကြားထဲကားတစ်စီးဝင်တိုက် လူ ၁၀ ဦးသေဆုံးပြီး ၃၀ ကျော်ဒဏ်ရာရ

အမေရိကန်နိုင်ငံ နယူးအော်လင်းမြို့၌ ဇန်နဝါရီလ ၁ ရက်နံနက်အစောပိုင်းတွင် လူအုပ်ကြီးတစ်ခုအတွင်းသို့ ကားတစ်စီးဝင်တိုက်ခြင်းကြောင့် အနည်းဆုံးလူ ၁၀ ဦး သေဆုံးပြီး ၃၀ ကျော်ဒဏ်ရာရရှိသည်။

ထိုယာဉ်တိုက်မှုသည် ကန်နယ်လမ်းနှင့် ဘာဘွန်းလမ်းပေါ်၌ ဒေသစံတော်ချိန် နံနက် ၃ နာရီ ၁၅ မိနစ်တွင်ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ယင်းဖြစ်စဉ်သည် လူထိခိုက်ဒဏ်ရာရရှိမှု အလွန်များပြားသည့်ဖြစ်စဉ်ဖြစ်ကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ကပြောသည်။

အလားတူ သံသယရှိသူတရားခံသည်လည်း သေဆုံးသူများထဲတွင်ပါဝင်သွားကြောင်း အမည်မဖော်လိုသူ လုံခြုံရေးတာဝန်ရှိသူများကပြောသည်ဟု သတင်းဌာနများကဖော်ပြထားသည်။

ယာဉ်မောင်းသည် လူအုပ်ကြားထဲသို့ ကားဖြင့်ဝင်ရောက်သည့်အပြင် လူများကိုလည်းတက်ကြွတ်သွားသည်ဟု နယူးအော်လင်းမြို့နယ်ရဲမှူးကပြောကြောင်း သိရသည်။ **Ref: AGC**

### နှစ်သစ်ကူးနေ့တွင် ဂါဇာကိုအစ္စရေးဗုံးကြဲမှုကြောင့် ပါလက်စတိုင်း ၁၇ ဦးသေဆုံး

နှစ်သစ်ကူးနေ့ဖြစ်သော ဇန်နဝါရီလ ၁ ရက်တွင် ဂါဇာဒေသကို အစ္စရေးက ဗုံးကြဲမှုကြောင့် ပါလက်စတိုင်းပြည်သူ ၁၇ ဦးသေဆုံးကြောင်း ဂါဇာကျန်းမာရေးဌာနမှ တာဝန်ရှိသူများကပြောသည်။

အစ္စရေးသည် ဂါဇာဒေသမြောက်ပိုင်း ဂျာဘာလီယာအယ်ဘာလတ်ရှိ နေအိမ်တစ်လုံးကို ဗုံးကြဲတိုက်ခိုက်မှုလုပ်ဆောင်ခြင်းကြောင့် လူ ၁၅ ဦးသေဆုံးကြောင်း၊ သေဆုံးသူအများစုမှာ ကလေးငယ်များဖြစ်ပြီး လူအများအပြားမှာလည်း ဒဏ်ရာများရရှိကြောင်း ပါလက်စတိုင်းသတင်းဌာနတစ်ခုဖြစ်သော WAFA က ဖော်ပြထားသည်။

အလားတူ ဂါဇာအလယ်ပိုင်း အယ်ဘူရေ့ဒုက္ခသည်စခန်းရှိ နေအိမ်တစ်လုံးကို အစ္စရေးက ဗုံးကြဲခြင်းကြောင့် လူနှစ်ဦးသေဆုံးကြောင်း၊ ထို့နောက် ဒုက္ခသည်များအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနယ်မြေများသို့ ချက်ချင်းပြောင်းရွှေ့ရန် တာဝန်ရှိသူများကညွှန်ကြားထားကြောင်း အဆိုပါသတင်းဌာနကဖော်ပြထားသည်ကိုတွေ့ရသည်။

**Ref: Xinhua**

### ဘင်္ဂလားဒေ့ရှ်၌ ၂၀၂၄ ခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါကြောင့် ၅၇၅ ဦးသေဆုံး

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၂၀၂၄ ခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါကြောင့်သေဆုံးသူ ၅၇၅ ဦးရှိကြောင်းနှင့် ထိုရောဂါဖြစ်ပွားသူ စုစုပေါင်း တစ်သိန်းကျော်အထိရှိကြောင်း ကျန်းမာရေးညွှန်ကြားရေးမှူးချုပ်ရုံးကထုတ်ပြန်ထားသည်။

နိုဝင်ဘာလအတွင်း ထိုရောဂါဖြစ်ပွားသူ ၃၀၀၀၀ နီးပါးရှိသော်လည်း ဒီဇင်ဘာလတွင်မူ ၉၇၄၅ ဦးသာရှိကြောင်းနှင့် ပြီးခဲ့သည့်နှစ်အတွင်း ထိုရောဂါဖြစ်ပွားသူ စုစုပေါင်း ၁၀၁၂၁၄၄ ဦးရှိကြောင်း ညွှန်ကြားရေးမှူးချုပ်ရုံး၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

သွေးလွန်တုပ်ကွေးရောဂါသည် အဆိုပါရောဂါပိုးကူးစက်ခံရသောခြင်ကိုက်ခံရခြင်းကြောင့် ဖြစ်ပွားလေ့ရှိသည့်ရောဂါဖြစ်သည်။ ရောဂါလက္ခဏာများမှာ ခေါင်းကိုက်ခြင်း၊ အဖျားကြီးခြင်း၊ မောပန်းခြင်း၊ ကြွက်သားနှင့်အရိုးအဆစ်များ နာကျင်ကိုက်ခဲခြင်း၊ အန်ခြင်း စသည်တို့ပါဝင်ပြီး အသက်သေဆုံးသည်အထိ ပြင်းထန်နိုင်ကြောင်း တာဝန်ရှိသူများကပြောထားသည်ဟုသိရသည်။

**Ref: Xinhua**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

## ပြန်လာကြခြင်း

တာဝဘူတာရုံသို့ရောက်ကြ၍ လက်မှတ်ဝယ်ရာတွင် မိခင်သည် လူကြီးအတွက် လက်မှတ်တစ်စောင်သာဝယ်၍ ကျွန်ုပ်အတွက် ကလေးလက်မှတ်မဝယ်တော့ချေ။ အလာခရီး၌ ကျွန်ုပ်အတွက်ဝယ်ပါလျက် အပြန်ခရီး၌မဝယ်ခြင်းမှာ ပိုက်ဆံနည်းပါးသောကြောင့်ဟု ကျွန်ုပ်သိရ၏။ သို့ရာတွင် ဘူတာရုံမှ မီးရထားအလုပ်သမားတစ်ယောက်နှင့် နားလည်မှုယူထားသည်ဟု နောင်တွင် မိခင်ကပြော၍သိရ၏။ မီးရထားဆိုက်ခါနီးတွင် ဘူတာရုံဝ၌စောင့်လျက်ရှိသော လက်မှတ်စစ်နှင့်လွဲစေရန် မိခင်သည် ကျွန်ုပ်အား မီးရထားအလုပ်သမား၏လက်သို့အပ်လိုက်၏။ ဤအစီအစဉ်အကြောင်းကို ဘာမျှနားမလည်သောကျွန်ုပ်မှာ ထိုလူနှင့်အတူလိုက်သွား၍ ဘူတာရုံ၏အပြင်သို့ ရောက်ခဲ့ပြီးသော်လည်း တစ်ရပ်တစ်ကျေးတွင် လူစိမ်းတစ်ယောက်နှင့် ကြာရှည်စွာနေရခြင်းကို ရွံ့သည်နှင့် အပြင်သို့ရောက်ပြီးခါမှ မိခင်ရှိရာသို့ ပြန်လာ၏။ မိခင်ကမူ ကျွန်ုပ်၏ဦးခေါင်းကို ခေါက်၍ပြန်သွားခိုင်းသဖြင့် ထွက်လာပြန်၏။ နောက်တစ်ကြိမ်ပြန်သွားရာ ခပ်နာနာခေါက်၍ လွှတ်လိုက်ပြန်၏။ တတိယအကြိမ်၌ကား မိခင်သည် နာကြည်းစွာခေါက်လွှတ်လိုက်လေရာ ကျွန်ုပ်မှာ ဦးခေါင်းကိုပွတ်ရင်း ကိုယ့်မိခင်ထံသို့ ကိုယ်သွားမိခြင်းအတွက် အခေါက်ခံရသည်မှာ နားမလည်နိုင်အောင်ဖြစ်၍ 'ဘယ့်နှယ်ဟာပါလိမ့်၊ ဘယ်လိုပါလိမ့်' စသည်ဖြင့် အကြီးအကျယ်စိတ်ရှုပ်ခြင်းကြောင့် ကျွန်ုပ်၏သဘာဝ၌ ဆူးတစ်ချောင်းပေါက်လာခဲ့ပြန်လေပြီ။ ဤအကြောင်းကို ကြီးပြင်းလာသောအခါ၌ မိခင်အား ကျွန်ုပ်ကပြောပြရာတွင် မိခင်မှာ မျက်ရည်များဝိုင်းလာသည့်အထဲမှ ရယ်မောလျက် 'ငါ့သားနှယ် မှတ်မိလိုက်တာပါလားကွယ်၊ အမေလဲစိတ်ရှုပ်လွန်းလို့ဟာ့' ဟုပြောသဖြင့် ကျွန်ုပ်ကလည်း 'ကျွန်တော်က အမေ့ကိုစိတ်မနာပါဘူး၊ လောကကြီးဟာ တယ်ပြီးဂွကျပါကလားလို့ စိတ်ရှုပ်မိတာပါပဲအမေရဲ့' ဟု ပြောရဖူးလေသည်။

## ဖခင်ရောက်လာခြင်း

မန္တလေးသို့ ကျွန်ုပ်တို့သားအမိသုံးယောက်ပြန်ရောက်၍ (မိခင်၏စကားအရ) တစ်လတိတိပြည့်သောနေ့၌ ဖခင်ပြန်ရောက်လာသဖြင့် အလွန်ဝမ်းသာကြလေရာ ဝမ်းအသာဆုံးလူမှာ ဖခင်ဖြစ်၍ ဝမ်းသာမှုအနည်းဆုံးမှာ ကျွန်ုပ်ပင်ဖြစ်လေသည်။ ဖခင်၏ဝမ်းသာခြင်းကို နားလည်နိုင်ကြမည်ဖြစ်သော်လည်း ကျွန်ုပ်၏ဝမ်းသာမှုနည်းပါးပုံကို ရှင်းပြဖို့လိုပေလိမ့်မည်။

တချို့သောမိခင်များသည် စီးပွားရေးအခြေအနေ ကျဆင်းသောအခါများတွင် သားသမီးများအပေါ်၌ ကြင်နာမှုလျော့ပါးသကဲ့သို့ ငေါက်လား၊ ငမ်းလား၊ ရိုက်လား၊ နှက်လား ပြုတတ်ကြလေရာ ဖခင်ပြန်မရောက်မီ ကျွန်ုပ်တို့သားအမိသုံးယောက်သည် အညံ့ဆုံးသောဟင်းများကိုသာ စားကြရသော်လည်း မိခင်သည် ကျွန်ုပ်တို့မောင်နှမအပေါ်၌ ရှေးကထက် ပို၍ကြင်နာသည်။ မုန့်ပဲသရေစာ စသည်များကိုလည်း

"တချို့သောမိခင်များသည် စီးပွားရေးအခြေအနေ ကျဆင်းသောအခါများတွင် သားသမီးများအပေါ်၌ ကြင်နာမှုလျော့ပါးသကဲ့သို့ ငေါက်လား၊ ငမ်းလား၊ ရိုက်လား၊ နှက်လား ပြုတတ်ကြလေရာ ဖခင်ပြန်မရောက်မီ ကျွန်ုပ်တို့သားအမိသုံးယောက်သည် အညံ့ဆုံးသောဟင်းများကိုသာ စားကြရသော်လည်း မိခင်သည် ကျွန်ုပ်တို့မောင်နှမအပေါ်၌ ရှေးကထက် ပို၍ကြင်နာသည်။ မုန့်ပဲသရေစာ စသည်များကိုလည်း ပြောတိုင်းဝယ်ကျွေးသည်. . ."

ပြောတိုင်းဝယ်ကျွေးသည်။ ထို့ထက်အရေးကြီးသည်မှာကား ကျွန်ုပ်အားလည်း (ဟိုကောင်နှင့်ပေါင်းခြင်းမှတစ်ပါး) လွတ်လပ်ခြင်းပေးထား၍ အရပ်ထဲတွင် လည်ချင်တိုင်းလည်ပတ်ခွင့်ရသည်။ သီလရှင်ကျောင်းမှလည်း နုတ်လိုက်ပြီဖြစ်၍ ကျွန်ုပ်မှတ်မိသမျှ ကလေးဘဝတွင် အပျော်ဆုံးသော ကာလအစိတ်အပိုင်းတစ်ခုဖြစ်လေသည်။ ဖခင်ပြန်ရောက်လာသောအခါ၌မူကား အထက်ပါအခွင့်အရေးများ ဆုံးရှုံးရချေတော့မည်ဟု ကျွန်ုပ်သိသောကြောင့် ကျွတ်ကျွတ်လွတ်လွတ်ကြီးဝမ်းသာခြင်းမရှိကြောင်းကို ကျွန်ုပ်မှတ်မိသည်။

## အလုပ်ရုံရွှေ့ခြင်း

များမကြာမီ ဖခင်သည် အလုပ်သမားများကို ပြန်စု၍ ပိန်းတန်းဖိနပ်အလုပ်ကို ပြန်ကောက်၏။ သို့ရာတွင် မဲအိုးတန်းအရပ်မှာ ဈေးချိုနှင့်အတော်လှမ်း၍ တခြားသော ဖိနပ်ထောင်ဆရာများလည်း ဤအရပ်ထဲတွင် တစ်ဦးမျှမရှိလေရကား ဈေးချိုထဲ၌ ဖိနပ်ဆိုင်ထွက်သောဆိုင်ရှင်များသည် ဤအရပ်၌ မလာလိုကြဘဲဖြစ်နေကြသဖြင့် အရောင်းပါးလှ၏။ သို့ဖြစ်၍ ဖခင်သည် ဈေးချိုအနောက်ဘက်၌ရှိသော ပဲပုတ်တန်းရပ်ကွက်တွင် အိမ်ခန်းငှား၍ အလုပ်သမားများနှင့် အလုပ်ရုံဖွင့်လေ၏။ အိမ်ခန်းမှာ ခပ်ကျဉ်းကျဉ်းဖြစ်၍ မဲအိုးတန်းနေအိမ်၌ အိပ်ရစားရပြီး ပဲပုတ်တန်းအိမ်ခန်းမှာ အလုပ်ရုံအတွက် သက်သက်ဖြစ်လေသည်။ ဖခင်နှင့်အလုပ်သမားများသည် ထမင်းကို နံနက်စောစော စားသွားကြ၍ နေဝင်လုနီးခါမှ မဲအိုးတန်းနေအိမ်သို့ ပြန်လာကြ၏။ အလုပ်သမားသုံးလေးယောက်တို့မှာ မဲအိုးတန်းရပ်ကွက်တွင် နေကြသူများဖြစ်လေသည်။

## လူကျောင်းသို့ရောက်ခြင်း

တစ်နေ့သ၌ မိခင်နှင့်အတူ နန်းတွင်းသူဖြစ်ခဲ့ဖူး၍ အလွန်ခင်မင်ခဲ့ကြသည်ဆိုသော မိန်းမကြီးတစ်ယောက်သည် (အသက် ၃၀ ခန့်မျှသာရှိသေးသဖြင့် ယခု အမြင်အားဖြင့် မိန်းမတစ်ယောက်ဟု ခေါ်ရမည်ဖြစ်သော်လည်း ထိုစဉ်က အမြင်အားဖြင့် မိန်းမကြီးဟု ရေးလိုက်ရသည်။ ထိုမိန်းမသည် ကျွန်ုပ်မျက်စိ၌ တစ်နေ့တခြားကြီး၍ကြီး၍သွားပုံကိုလည်း ဖော်ပြပါမည်။) ကျွန်ုပ်တို့နေအိမ်သို့ အလည်အပတ်လာလေရာ ကျောင်းသူအရွယ်မိန်းကလေးတစ်ယောက်လည်း ပါလာလေသည်။ မိခင်တို့ စကားပြောလျက်ရှိကြစဉ် ကျွန်ုပ်နှင့်မိန်းကလေးသည် ကစားဖော်ဖြစ်လာကြ၍ အတော်ခင်မင်လျက်ရှိကြလေပြီ။ မိန်းကလေးမှာ ကျွန်ုပ်ထက် သုံးနှစ်လောက်ကြီးလိမ့်မည်ထင်သည်။ ဧည့်သည်မိန်းမကြီးသည် မိခင်နှင့်စကားပြောရာတွင် ကျွန်ုပ်၏အကြောင်းကို မေးသည်တွင် မိခင်ကယဉ်လွန်းသောကြောင့် သီလရှင်ကျောင်း၌ အစမ်းထားပြီးမှ နုတ်ထားရကြောင်းပြော၏။ (မိန်းမကြီးမှာ အပျိုကြီးဖြစ်၍ ကျောင်းထောင်စားသည်ဟု သိရသည်။) ထိုအခါ မိန်းမကြီးက သူ၏ကျောင်းမှာ အိမ်တော်ရာဘုရားအရှေ့ဘက်၌ရှိကြောင်း၊ ကျွန်ုပ်အားသူ့ကျောင်း၌ထားလျှင် ဖခင်နှင့်အတူလိုက်လာ၍ ညနေတွင်လည်း ဖခင်နှင့်အတူပြန်နိုင်သောကြောင့် အလွန့်အလွန်အဆင်ပြေကြောင်းပြော၏။ (ပဲပုတ်တန်းနှင့် သူ၏စာသင်ကျောင်းမှာ တစ်ပြကျော်ကျော်မျှသာဝေးသည်။) ထို့နောက် မိခင်ကယဉ်လွန်းလျှင် ကျောင်းသားကြီးတွေက နှိပ်စက်တတ်ကြောင်းပြောရာ ဆရာမကြီးက 'စိတ်သာချပါ ခင်လေးရယ်၊ ကျွန်မကိုယ်တိုင်စောင့်ပြီး ကြည့်ပေးပါ့မယ်၊ မပူပါနဲ့၊ ဘယ်သူမှ မနှိပ်စက်စေရပါဘူး' ဟု ပြောပြီးလျှင် ကျွန်ုပ်အား သူ့အနီးသို့ခေါ်ယူကာ ကျောသပ်ရင်သပ်ဖြင့် ချိုသာစွာချော့မော့ရင်း စကားပြောလေ၏။ ကျွန်ုပ်သည် ဆရာမ၏ကြင်နာပုံရသောအပြုအမူကို သဘောကျသည်ကတစ်ကြောင်း၊ ၎င်းနှင့်အတူပါလာသော မိန်းကလေးအားလည်း ချက်ချင်းပင် ခင်မင်လျက်ရှိသည်ကတစ်ကြောင်းကြောင့် မိခင်က မေးသောအခါ 'ကျောင်းနေပါမည်' အဖြေပေးလိုက်လေ၏။

## နှစ်သက်လှသော ပစ္စည်း

၎င်းနေ့ညနေ ဖခင်ပြန်လာ၍ မိခင်က ပြောပြသောအခါ ပညာကိုအလွန်လိုလားသော ကျွန်ုပ်၏ဖခင်မှာ ဝမ်းမြောက်ဝမ်းသာဖြစ်၍ ကျွန်ုပ်အဖို့ အဝတ်အစားသစ်များချုပ်ကြပြီးလျှင် သပ်ရပ်အောင်ဆင်ပြင်၍ ကျောင်းသို့အပ်ကြလေသည်။ မဲအိုးတန်းနှင့် အိမ်တော်ရာဘုရားမှာ ငါးနှစ်သားကျော်ကျော်မျှသာရှိသေးသော ကျွန်ုပ်အဖို့ရာ၌ နေ့စဉ် အသွားအပြန်ခရီးဖြစ်သောကြောင့် တော်တော်ညောင်းပေရာ အပြန်ခရီးတွင် တစ်ခါတစ်ရံ ဖခင်ကတစ်လှည့်၊ အလုပ်သမားများကတစ်လှည့် ပခုံးပေါ်တွင် ထမ်းတတ်ကြလေသည်။ နံနက်တွင် ထမင်းစောစောစား၍ ဖခင်တို့နှင့်အတူလိုက်ရသဖြင့် နေ့ခင်းတွင် အလွန်ဆာလောင်လှသည်ဖြစ်ရာ မိဘများသည် ယွန်းထည်အုပ်ကလေးတွင် ထမင်းဟင်းများထည့်၍ ဆိုင်းကလေးဖြင့် ဆွဲယူသွားဖို့ စီမံပေးကြခြင်းကြောင့် ကျွန်ုပ်စိတ်ထဲ၌ ဝမ်းသာလိုက်ပုံ၊ ကျေးဇူးတင်လိုက်ပုံများကို ယနေ့တိုင်မှတ်မိပါသေးသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ငဖဲမြို့၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးသည့် မေမြို့ပန်းများရောင်းချခြင်းဖြင့် စိုက်ပျိုးသူများဝင်ငွေရရှိနေ

ငဖဲ ဇန်နဝါရီ ၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့မချင်းစုရပ်ကွက်သည် မန်းချောင်းနံဘေး၌တည်ရှိပြီး အရှေ့ဘက်ကိုင်းမြေနှင့်လယ်မြေများတွင် မြေအောက်ရေဖြင့် ရာသီအလိုက်သီးနှံများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရောင်းချလျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မေမြို့(ချင်းမိုင်)ပန်းများ စိုက်ပျိုးရောင်းချခြင်းဖြင့် စိုက်ပျိုးသူများ နေ့စဉ်ဝင်ငွေရရှိနေကြောင်း တောင်သူဒေါ်သင်းခိုင်၏ ပြောပြချက်အရ သိရသည်။

မေမြို့ပန်းများကို ပြီးခဲ့သည့်နှစ်က မျိုးစေ့ချန်ထားပြီး မိုးအကုန်တွင် သီးနှံမျိုးစေ့များကို စတင်ပျိုးထောင်ကာ မြေအောက်ရေသွင်း၍ စိုက်ပျိုးထားခြင်းဖြစ်သည်။ မေမြို့ပန်းသည် မြေကောင်းကြိုက်သည့်အပြင် ရေကိုလည်း အလွန်နှစ်သက်သောကြောင့် နေ့စဉ်ရေသွင်းပေးရကာ နွားချေးနှင့် ဓာတ်မြေဩဇာများကျွေးပေးရကြောင်း၊ ယခုနှစ်ဆောင်းရာသီဝင်စ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်များစိုက်ပျိုးရာသီတွင် မိုးရွာသွန်းမှုရှိ၍ စိုက်ပျိုးမှုနောက်ကျရကြောင်း သိရသည်။

ဒေသခံတောင်သူများသည် မန်းချောင်းနံဘေး၌ မေမြို့ပန်းများနှင့်အတူ တခြားဟင်းသီးဟင်းရွက်များကို စိုက်ပျိုးထားရှိပြီး ကိုင်းမြေမှထွက်ရှိသည့် ပန်းများနှင့် ဟင်းသီးဟင်းရွက်များကို ငဖဲမြို့မဈေး၌ ကိုယ်တိုင်သွားရောက်ရောင်းချကြသည့်အပြင် အခင်းသို့ဖောက်သည်လာဝယ်သူများရှိကြောင်း၊ မေမြို့ပန်းတစ်ပင်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ရောင်းချရပြီး နေ့စဉ်ဝင်ငွေရရှိနေ၍ အဆင်ပြေမှုရှိကြောင်း တောင်သူဒေါ်သင်းခိုင်ကပြောသည်။

ငဖဲမြို့နယ်အတွင်းရှိ မြို့မရပ်ကွက်၊ ချင်းစုရပ်ကွက်၊ အိုးမြေတွင်းကျေးရွာနှင့် ပန်းထိန်းကျေးရွာတို့၌ မြေအောက်ရေနှင့် မန်းချောင်းရေကိုအသုံးပြု၍ လယ်မြေကိုင်းမြေများ၌ ဆောင်းသီးနှံ ဟင်းသီးဟင်းရွက်နှင့်အတူ မေမြို့ပန်း၊ သစ္စာပန်းနှင့်ဂန္ဓမာပန်းများ စိုက်ပျိုးရောင်းချကြကြောင်း သိရသည်။

မယု(ငဖဲ)



# ဆေးဖက်ဝင်ပိန်းဥ၏ ကျန်းမာရေးကောင်းကျိုးများ

ဒေါက်တာလပြည့်ခင်



### ကိုယ်အလေးချိန်ကျလိုသူများ စားသင့်သောပိန်းဥ

ပိန်းဥအလေးချိန် ၁၀၀ ဂရမ်တွင် ၁၁၂ ကယ်လိုရီပါဝင်သဖြင့် အာလူးထက် ကယ်လိုရီပိုများနေသောကြောင့် လွန်ကဲစွာစားသုံးမိပါက ကိုယ်အလေးချိန်လျှော့ချလိုသူများအတွက် ပေါင်ချိန်တက်စေနိုင်သည်။ ထိုက်သင့်သလောက် ပိန်းဥပမာဏကို မကြာခဏစားပေးပါက ရသင့်သော ကျန်းမာရေးအကျိုးကျေးဇူးများကို ဘေးဥပဒ်ကင်းစွာ ရရှိနိုင်မည်ဖြစ်သည်။ ပိန်းဥတွင် အဆီမပါသကဲ့သို့ ကိုလက်စထရောမပါဝင်သဖြင့် ကယ်လိုရီတက်မည်ကို ပူပင်စရာမရှိဘဲ ဗိုက်ပြည့်၍ သွေးလှည့်ပတ်မှုကိုကောင်းစေသည်။ ပိန်းဥတွင် ဗက်တီးရီးယားကိုကာကွယ်နိုင်သော ဂုဏ်သတ္တိများပါဝင်သောကြောင့် ပုံမှန်စားပေးပါက အအေးမိဖျားနာခြင်းမဖြစ်နိုင်ပေ။ ပိန်းဥတွင် ကစီဓာတ်(ကာဗိုဟိုက်ဒရိတ်) များစွာပါဝင်၍ လိုအပ်သောစွမ်းအင်ကို ရရှိစေပြီး အမျှင်ဓာတ်နှင့် ကာဗိုဟိုက်ဒရိတ်သည် အစာခြေစနစ်ကို ပိုမိုတိုးတက်ကောင်းမွန်စေကာ ကျန်းမာသော ကိုယ်အလေးချိန်လျှော့ကျမှုကို ဖြစ်စေသည်။

ပိန်းဥတွင်ပါဝင်သော ကစီဓာတ်ကြောင့် ကိုလက်စထရောကို လျှော့ကျစေပြီး နှလုံးရောဂါဖြစ်ပွားမှုကို လျှော့ကျစေသည်။ ပိန်းဥသည် ကာဗိုဟိုက်ဒရိတ်များသောအစားအစာဖြစ်သည်နှင့်အညီ ပိန်းဥ ၁၀၀ ဂရမ်တွင် ကာဗိုဟိုက်ဒရိတ် ၂၆ ဒသမ ၄၆ ဂရမ်အထိပါရှိသည်။ လူတို့အတွက် ကာဗိုဟိုက်ဒရိတ်နည်းပါးခြင်းသည် အကျိုးမရှိနိုင်သော်လည်း ပိန်းဥတွင် သိသာထင်ရှားစွာပါဝင်သော အမျှင်ဓာတ်ကြောင့် ကာဗိုဟိုက်ဒရိတ်စုပ်ယူမှုကို နှေးကွေးစေပြီး သွေးတွင်းသကြားဓာတ်မြင့်တက်ခြင်းကို ကာကွယ်ပေးသည်။ အမျှင်ဓာတ်သည် လူတို့မချေဖျက်နိုင်သော ကာဗိုဟိုက်ဒရိတ်တစ်မျိုးဖြစ်သည်။ သွေးတွင်းသကြားဓာတ်အပေါ် သက်ရောက်မှုရှိပါက အစာခြေခြင်းကို နှေးကွေးစေသည်။ ထို့ပြင် ခန္ဓာကိုယ်အတွက် လိုအပ်သော စွမ်းအင်ကို ကာဗိုဟိုက်ဒရိတ်မှပေးသဖြင့် ပိန်းဥအတွင်းရှိ ကစီဓာတ်နှင့်အမျှင်ဓာတ်ပေါင်းစပ်ခြင်းဖြင့် ဆီးချိုရောဂါအတွက် သင့်တော်သော ကာဗိုဟိုက်ဒရိတ်ကို ရရှိစေမည်ဖြစ်သည်။ လေ့လာတွေ့ရှိချက်များအရ တစ်ရက်လျှင် အမျှင်ဓာတ် ၁၀ ဂရမ် စားသုံးသူများသည် နှလုံးရောဂါဖြစ်ခြင်းမှ ၁၇ ရာခိုင်နှုန်း လျှော့ကျစေခြင်းကြောင့် ပိန်းဥသည် နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ပါးစေသည်ဟုဆိုနိုင်သည်။

### နှလုံးကျန်းမာရေးကို ကောင်းမွန်စေသော ပိန်းဥ

ပိန်းဥ၏ ကျန်းမာရေးကောင်းကျိုးများတွင် သွေးတွင်းသကြားဓာတ်ကို ထိန်းချုပ်နိုင်ခြင်း၊ ကိုယ်အလေးချိန်လျှော့ကျစေခြင်း၊ အစာခြေလုပ်ငန်းစဉ်ကို တိုးတက်စေခြင်း၊ နှလုံးကျန်းမာရေးကို ကောင်းမွန်စေခြင်းတို့ ပါဝင်သည်။ ပိန်းဥတွင် ကိုယ်တွင်းအစာခြေခြင်းကို ဟန့်တားပေးနိုင်သော ကစီဓာတ် Resistant Starch များ ပါဝင်နေမှုများသောကြောင့် ထပ်မံအစားစားလိုစိတ်ကို လျှော့ကျစေပြီး ကိုယ်အလေးချိန်ထိန်းလိုသူများအတွက် အထောက်အကူပြုစေမည်ဖြစ်သည်။

### ပိန်းဥ၏ ဆိုးကျိုးဖြစ်စေသောအရာများ

ပိန်းဥတွင် အကျိုးများစေသောအချက်များရှိသကဲ့သို့ ဆိုးကျိုးဖြစ်စေသော အချက်တစ်ခုမှာ ယင်းတွင် ကယ်လ်စီယမ်အောက်စာလိတ် (Calcium Oxalate) ဟုခေါ်သော သဘာဝအတိုင်းတွေ့ရသည့် ခန္ဓာကိုယ်အတွင်းဖြစ်ပေါ်သော ဒြပ်ပေါင်းတစ်ခုပါဝင်ခြင်းကြောင့် အဆစ်အမျက်ရောင်ရမ်းခြင်း၊ ဂေါက်ရောဂါကို အစပျိုးစေခြင်း၊ ကျောက်ကပ်တွင်ကျောက်တည်ခြင်း ဖြစ်ပေါ်စေသည်။ ပိန်းဥကို အစိမ်းစားပါက ယင်းတွင်ပါဝင်သော အောက်စာလိတ် (Oxalate)ကြောင့် လည်ပင်းကို မအီမသာဖြစ်စေပြီး ပါးစပ်တွင်း၌ ထုံကာ တောက်တတ်သည်။ တချို့သောပိန်းဥအမျိုးအစားများသည် ချွဲကျိကျိများ ထုတ်သောကြောင့် ပါးစပ်ယားယံပြီး စပ်ဖျဉ်းဖျဉ်းဖြစ်စေသည်။ ထိုသို့ဖြစ်ပါက ပိန်းဥကိုချက်ပြုတ်ခြင်းဖြင့် ဓာတ်ပြယ်စေနိုင်သည်။ ကြီးမားသောပိန်းဥပင်ကြီးများတွင် မည်သည့်အစိတ်အပိုင်းမဆို အစိမ်းစားမိပါက ရုတ်တရက်နာကျင်ခြင်း၊ နှုတ်ခမ်းပါးစပ်နှင့် လျှာရောင်ရမ်းခြင်း၊ အပူလောင်ခြင်းများဖြစ်စေသည်။ ရောင်ရမ်းခြင်းကြောင့် တံတွေးများခြင်း၊ အသက်ရှူရန်ခက်ခဲခြင်း၊ အစာစားရာတွင် မျိုချရန်ခဲယဉ်းကာ စကားပြောရန်ခက်ခဲခြင်းများကြုံရမည်။ မျိုချမိပါက အစာအိမ်ရောဂါဖြစ်စေနိုင်သည်။ ပိန်းဥတွင် ကျန်းမာရေးအတွက်အကျိုးရှိသော အပင်မှထွက်သည့် ပိုလီဖီနော(Polyphenol) ဒြပ်ပေါင်းပါရှိသဖြင့် ကင်ဆာရောဂါအမျိုးမျိုးကိုကာကွယ်ပေးပြီး ကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ကျစေနိုင်သောအစွမ်းရှိသည်။ ပိန်းဥတွင် တွေ့ရသော Polyphenol သည် ကြက်သွန်နီ၊ ပန်းသီးနှင့် လက်ဖက်တို့တွင်ရှိသော ကွာဆက်တင် (Quercetin) ဒြပ်ပေါင်းအမျိုးအစားဖြစ်သည်။ ယင်းဒြပ်ပေါင်းသည် ကင်ဆာဆဲလ်များကိုသေစေနိုင်ပြီး ကင်ဆာရောဂါအမျိုးမျိုးဖြစ်ပေါ်ခြင်းကို နှေးကွေးစေသည်။ ယင်းသည် ဓာတ်တိုးဆန့်ကျင်မှု (Antioxidant)ကို ကာကွယ်ပေးနိုင်သော အစွမ်းထက် Free Radical များကို ကာကွယ်ပေးသည်။

ပိန်းဥအစိမ်းတွင်ပါဝင်သော Oxalate ဓာတ်သည် ဂေါက်ရောဂါနှင့် ကျောက်ကပ်တွင် ကျောက်တည်ခြင်းတို့ကို အားပေးစေနိုင်သဖြင့် သေချာစွာ အပူပေးချက်ပြုတ်ပြီးမှသာ စားသောက်သင့်သည်။ ပိန်းဥကို အလွန်ကြိုက်နှစ်သက်ကြသော အဆိုပါရောဂါရှိသူများသည် Oxalate ဓာတ်ပြယ်စေရန် ပိန်းဥကို နွားနို့ သို့မဟုတ် ကယ်လ်စီယမ်ကြွယ်ဝစွာပါရှိသော အစားအစာတစ်ခုခုဖြင့် တွဲဖက်၍စားသင့်သည်။ သို့သော် မလိုလားအပ်သော ပြဿနာများ မဖြစ်စေရေးအတွက် ထိုရောဂါဝေဒနာရှင်များအနေဖြင့် ပိန်းဥနှင့်ပိန်းရိုးတို့ကို ရှောင်နိုင်လျှင် ပိုကောင်းသည်။

### ပိန်းရိုးဟင်းခါး

ပိန်းပင်မှပင်စည်ဖြစ်သည့် ပိန်းရိုးကိုမူ ဟင်းခါး သို့မဟုတ် ဟင်းချိုအဖြစ် စားသောက်လေ့ရှိကြသည်။ ပိန်းဥနှင့် ပိန်းရိုးတို့တွင် Oxalate ဓာတ်ပါရှိသဖြင့် အစိမ်းစားမိပါက ထိုဓာတ်များသည် လူကို အဆိပ်ဖြစ်စေသည်။ ထို့ကြောင့် Oxalate ဓာတ်များပျက်ပြယ်သွားစေရန် ပိန်းဥကို မချက်ပြုတ်မီ တစ်ညတာ ကြိုတင်၍ ရေစိမ်ထားသင့်သည်။

### သွေးအားနည်းရောဂါကာကွယ်ပေးသည့် ပိန်းရွက်

လူတစ်ဦးသည် ၁၀-၂၀ မီလီဂရမ်ရှိသော သံဓာတ်ပါဝင်သည့် အစားအစာကို စားသုံးသော်လည်း သံဓာတ် ၁ မီလီဂရမ်ခန့်သာ ၎င်း၏ခန္ဓာကိုယ်က စုပ်ယူနိုင်သည်။ အစာအာဟာရတွင် သံဓာတ်နည်းပါးပါက သံဓာတ်ချို့တဲ့သော သွေးအားနည်းရောဂါဖြစ်စေတတ်သည်။ အစာအာဟာရမှရရှိသော သံဓာတ်သည် ခန္ဓာကိုယ်အတွင်း အဓိကလိုအပ်သော အရင်းအမြစ်ဖြစ်သည်။ ပိန်းရွက်သည် သံဓာတ်ပေါကြွယ်ဝသော အဓိကအရင်းအမြစ်ဖြစ်သောကြောင့် ပိန်းရွက်ကို ပုံမှန်ချက်ပြုတ်စားသောက်ခြင်းဖြင့် သွေးအားနည်းရောဂါကို ကာကွယ်ပေးနိုင်သည်။ ပိန်းရွက်တွင် ထရီအိုနင်း(Threonine ) ဟုခေါ်သော အမိုင်နိုအက်စစ်တစ်မျိုး ပါဝင်သည်။ ယင်းအမိုင်နိုအက်စစ်သည် သာမန်အရေပြားအတွက် အဓိကပါဝင်ပစ္စည်းဖြစ်ပြီး ခန္ဓာကိုယ်အတွက် ကျုံ့နိုင်ဆန့်နိုင်သော ပရိုတင်းဓာတ်တစ်မျိုးကို ထုတ်ပေးသည်။ လုံလောက်သော Threonine အမိုင်နိုအက်စစ်ပမာဏသည် အသက်ကြီး၍ အရေပြားတွန့်ခြင်းနှင့် အသားအရေတွန့်ခြင်းတို့ကို ကာကွယ်ပေးသည်။ Threonine အမိုင်နိုအက်စစ်ပါသော ပိန်းရွက်ကို ချက်ပြုတ်စားသောက်ခြင်းဖြင့် အသားအရေကို ကြည်လင်ပြီး အရွယ်တင်နုပျိုစေသည်။

### ပိန်းဥ၏ကျန်းမာရေးအတွက် အရေးပါမှု

ပိန်းဥ၏ကျန်းမာရေးအတွက် အရေးပါပုံများအနေဖြင့် အမြင်အာရုံကို တိုးတက်ကောင်းမွန်စေခြင်း၊ ကြက်မျက်သင့်ဝေဒနာရှင်များကို အကျိုးပြုခြင်း၊ မျက်စိအစိုဓာတ်ကို ထိန်းသိမ်းပေးခြင်း၊ မျက်ဝန်းတစ်ဝိုက်ရှိ အရေပြားကို တင်းရင်းစေခြင်း၊ ခန္ဓာကိုယ်အတွင်း အောက်ဆီဂျင်ပြတ်လပ်မှုကြောင့် သေသွားသောဆဲလ်များ ပြန်လည်တည်ဆောက် ထုတ်လုပ်မှုကို အထောက်အကူပြုပေးခြင်း၊ နှုတ်ခမ်းနာခြင်း၊ ကွဲအက်ခြင်းတို့ကိုသက်သာကောင်းမွန်စေခြင်း၊ အရိုးများကို ကျန်းမာသန်စွမ်းစေရန် အထောက်အကူပြုခြင်း၊ သွေးထဲရှိ သကြားပမာဏကို ပုံမှန်ဖြစ်စေခြင်း၊ လည်ပင်းအကျိတ်၊ သိုင်းရွိုက်ဂလင်း ပြဿနာများကို သက်သာကောင်းမွန်စေခြင်း၊ အာရုံကြောများကို တိုးတက်ကောင်းမွန်စေခြင်း၊ မအီမသာဖြစ်ခြင်း၊ ပျို့အန်ခြင်းနှင့်မူးဝေထိုင်းမှိုင်းခြင်းတို့ကို ကာကွယ်ပေးခြင်း၊ မိတ်၊ အင်ပျဉ်ကဲ့သို့သော အရေပြားပေါ်တွင် အဖုအပိမ့်အနီကွက်ထခြင်းတို့ကို သက်သာစေခြင်း၊ ဆံပင်ကျွတ်ခြင်းကို ကာကွယ်ပေးသည့်အပြင် ဆံပင်ကိုနက်စေခြင်း၊ ကိုလက်စထရောပမာဏ ပုံမှန်ဖြစ်စေခြင်း၊ ကြွက်သားများ တည်ဆောက်မှုကို တိုးတက်ကောင်းမွန်စေခြင်း၊ သွေးတိုးကျစေခြင်း၊ မျိုးပွားခြင်းကိုလည်း ကောင်းစွာအထောက်အကူပြုခြင်း၊ သွားနှင့်သွားဖုံးကျန်းမာရေးကို အထောက်အကူပြုခြင်း၊ အဆုတ်ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေခြင်း၊ ပင်ပန်းနွမ်းလျမှုကို ပြေလျော့စေခြင်း၊ ကိုယ်အလေးချိန်ကျစေခြင်း၊ အကြားအာရုံချို့ယွင်းမှုကို တိုးတက်ကောင်းမွန်စေခြင်း၊ ဒဏ်ရာကို အမြန်ကျက်စေခြင်း၊ အူသိမ်၊ အူမကြီးလုပ်ဆောင်ချက်များကိုအထောက်အကူပြုခြင်း၊ ခန္ဓာကိုယ်တွင်းကျန်းမာရေးကို အထောက်အကူပြုရုံသာမက အရေပြားကျန်းမာရေးကိုလည်း များစွာအကျိုးပြုကာ အရွယ်တင်နုပျိုစေခြင်း၊ နာတာရှည်ဝမ်းလျှောခြင်းမှ ကာကွယ်ပေးခြင်း၊ မကြာခဏအအေးမိခြင်းနှင့် ပြင်ပရောဂါများ အလွယ်တကူဝင်ရောက်ခြင်းတို့ကို ဟန့်တားပေးပြီး ကိုယ်ခံအားကိုလည်း ကောင်းမွန်စေခြင်း စသည့်အကျိုးကျေးဇူးများစွာပေးနိုင်သည့် ပိန်းဥကို လူတိုင်းသင့်တင့်မျှတစွာ စားသုံးသင့်သည်။

အချုပ်အားဖြင့်ဆိုရသော် သဘာဝအလျောက် ပေါက်လေ့ရှိသောပိန်းဥကို စီးပွားဖြစ်ရောင်းဝယ်ဖောက်ကားနိုင်သော ပိန်းဥများအဖြစ် နေရာဒေသများစွာ၌ စိုက်ပျိုးကြမည်ဆိုပါက ပိန်းဥရောင်းကုန်မှ ဝင်ငွေသည် အပိုဝင်ငွေဖြစ်လာနိုင်သည်။ ပိန်းဥကို စီးပွားဖြစ်စိုက်ပျိုးပြီး ပိန်းဥကို သန့်စင်အခြောက်ခံ၍ဖြစ်စေ၊ တန်ဖိုးမြှင့်ပို့ကုန်အဖြစ်ဖြစ်စေ ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်လျှင် နိုင်ငံခြားဝင်ငွေ ရရှိမည်ဖြစ်သည်။ ပိန်းရွက်များကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သဖြင့် တိရစ္ဆာန်အစာခြောက် ပြုလုပ်၍လည်း ရောင်းချနိုင်သည်။ ပိန်းဥတွင် Poly-phenols နှင့် Antioxidant ပါဝင်မှုကြောင့် ကင်ဆာဆဲလ်များ ကြီးထွားခြင်းကို တိုက်ဖျက်စေသည့်အပြင် ခန္ဓာကိုယ်အတွက် ရောဂါဖြစ်စေသော ဓာတ်တိုးခြင်းကို ကာကွယ်ပေးသည်။ ပိန်းဥတွင် ကာဗိုဟိုက်ဒရိတ်များခြင်းကြောင့် ခန္ဓာကိုယ်အားဖြစ်စေခြင်း၊ အမျှင်ဓာတ်များခြင်းကြောင့် အစာချေဖျက်အားကောင်းစေခြင်း၊ ပိုတက်ဆီယမ်ပါဝင်ခြင်းကြောင့် သွေးဖိအားကို ထိန်းသိမ်းစေခြင်း စသည့် ကျန်းမာရေးအတွက် အကျိုးများစွာ ရရှိစေနိုင်သည့်ပိန်းဥကို အစာလည်းဆေး၊ ဆေးလည်းအစာဆိုသော်လည်း တန်လျှင်ဆေး၊ လွန်လျှင် ဘေးဖြစ်တတ်သောကြောင့် သင့်တင့်မျှတစွာ စားသုံးသင့်ကြောင်း ရေးသားလိုက်ရပါသည်။

## အသိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၄-၁-၂၀၂၅ ရက်နေ့ ဝ၄၂ဝ အချိန်တွင် အလံတင်အခမ်းအနားနှင့် ဝ၇ဝဝ အချိန်တွင် နိုင်ငံတော် အလံအလေးပြုပွဲနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားအား ပြည်သူ့ရင်ပြင်၌ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကိုခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှ တောင်သို့မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်း တံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**




# ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ပထမ (၁၀) ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး၊ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမှုမြဲအောက်လျော့နည်းနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၆ ဒီဂရီဖာရင်ဟိုက်မှ ၇၅ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၆ ဒီဂရီဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၆ ဒီဂရီဖာရင်ဟိုက်မှ ၉၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၃၄ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၄၂ ဒီဂရီဖာရင်ဟိုက်မှ ၅၂ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၅၃ ဒီဂရီဖာရင်ဟိုက်မှ ၆၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၂ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၀ ရာခိုင်နှုန်း မှ ၇၀ ရာခိုင်နှုန်းအတွင်းနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ၇၁ ရာခိုင်နှုန်း မှ ၈၁ ရာခိုင်နှုန်းအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း) တို့တွင် ၈၂ရာခိုင်နှုန်းမှ ၉၂ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၂၀ မီလီမီတာမှ ၃၀ မီလီမီတာအတွင်း၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ၃၁ မီလီမီတာမှ ၄၁ မီလီမီတာအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၄၂ မီလီမီတာမှ ၅၂ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိခဲ့သည်။

**(မိုး/ဇလ)**

# (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဖျော်ဖြေပွဲနှင့် ဈေးရောင်းပွဲတော်များဆောင်ရွက်ထားရှိမှုနှင့် တွံတေးမွေးမြူရေးဇုန်အတွင်း ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေးသည် ယမန်နေ့မွန်းလွဲပိုင်းက တာဝန်ရှိသူများနှင့်အတူ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ဘုရင့်နောင် တိုးချဲ့ပန်းခြံအတွင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်အထိ ကျင်းပဆောင်ရွက်လျက်ရှိသည့် (၇၇ )နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဖျော်ဖြေပွဲနှင့် ဈေးရောင်းပွဲတော်၌ ပြည်သူများဝယ်ယူအားပေးနေမှုနှင့် ပန်းခြံအတွင်း အပန်းဖြေအနားယူနေမှုကိုကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကမာရွတ်မြို့နယ် ပြည်လမ်းမပေါ်ရှိ မြေအောက်လူသွားဥမင်ကို အသုံးပြု၍ ပြည်သူများစိတ်ချမ်းမြေ့စွာ သွားလာနေမှုကိုလည်းကောင်း၊ ဒဂုံမြို့နယ် ဦးဝိစာရလမ်းပေါ်ရှိ ဘုရားဖူးပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်ပြုလုပ်ထားသည့် မြေအောက်လူသွားဥမင်ကိုအသုံးပြု၍ ဘုရားဖူးပြည်သူများ လွတ်လပ်စွာဖြတ်သန်းသွားလာနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် တွံတေးမြို့နယ် တလုတ္တော်ကျေးရွာအနီး တွံတေးမွေးမြူရေးဇုန် အဝင်လမ်းတစ်လျှောက်လမ်းဘေးဝဲ/ယာ သန့်ရှင်းသာယာသပ်ရပ်ရေးနှင့် အရိပ်ရလေကာပင်များ၊ အလှပန်းပင်များနှင့် တယ်ပင်များ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ မွေးမြူရေးဇုန်အပိုင်း(၂)တွင် 90mm HDPE ပိုက်လိုင်း ပေ ၁၅၀၀၀ ဆက်သွယ်ပြီး ဆိုလာစနစ်အသုံးပြု၍ ၈ လက်မစက်ရေတွင်း အနက်ပေ ၅၀၀နှင့် ရေထွက်နှုန်း ၁ နာရီ ၈၀၀၀ ဖြင့်ရေဖြန့်ဖြူးပေးဝေနေမှုကိုလည်းကောင်း၊ကန်ကြီးကုန်းကျေးရွာရှိ ကန်ကြီးကုန်း ကန်ရေပြင်ထိန်းသိမ်းထားရှိမှု၊ မွေးမြူရေးဇုန် အပိုင်း(၂)၌ ပုဂ္ဂလိကလုပ်ငန်းရှင်များက ငုံး ၊ ဥစားကြက်၊ အသားစားကြက်နှင့် ဝက်မွေးမြူထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## (၁-၁-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၂၈၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်ရှိသွေးကြောများ သွေးလည်ပတ်မှုကောင်းစေသည်။

# တရားမဝင် သစ်မျိုးစုံ၊ ကျောက်မျက်ရတနာများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဇန်နဝါရီ ၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကိုဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဒီဇင်ဘာလ ၃၁ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လေယာဉ်ခရီးစဉ်အမှတ်TG-301/SF-11990ဖြင့် ထိုင်းနိုင်ငံ၊ဘန်ကောက်မြို့မှ လိုက်ပါလာသည့် အိန္ဒိယနိုင်ငံသား ခရီးသည် (၁)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စိန်ဟုယူဆရသော အဖြူရောင်ကျောက်ပွင့်(အသေး) (၅၅၀ ဒသမ ၁)ဂရမ် **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄၂၀၇၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Pajero မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ သထုံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပြည်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် (၁ ဒသမ ၅၃၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၀၄၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၂၀၄၀)** ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နှင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆၂၃၉၄၀၄၀)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင်တရားမဝင်ကုန်သွယ်မှုများသည်အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့်သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၀ | ၃၁၂၀ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၀ | ၃၀၈၀ | ၄၅၀၅ | ၃၃၇၅ | ၃၀၉၅ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၅၅ | ၃၄၁၀ | ၃၉၀၀ |
| 95 Ron | ၃၁၂၀ | ၃၂၃၀ | ၃၂၀၀ | ၃၁၃၅ | ၃၂၄၀ | ၃၂၅၅ | ၃၂၇၀ | ၃၁၉၀ | ၄၅၆၀ | ၃၄၈၅ | ၃၂၀၅ | ၃၂၁၀ | ၃၂၈၀ | ၃၂၄၅ | ၃၂၆၅ | ၃၅၂၀ | ၄၀၅၀ |
| HSD (500 ppm) | ၂၆၃၅ | ၂၇၅၀ | ၂၇၁၅ | ၂၆၅၀ | ၂၇၅၅ | ၂၇၇၀ | ၂၇၉၀ | ၂၇၀၅ | - | ၃၀၀၀ | ၂၇၂၅ | ၂၇၂၅ | ၂၇၉၅ | ၂၇၆၀ | ၂၇၈၀ | ၃၀၄၀ | ၃၉၀၀ |
| HSD (50 ppm) | ၃၂၆၀ | ၃၃၇၅ | ၃၃၄၀ | ၃၂၇၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၁၅ | ၃၃၃၀ | ၄၈၃၀ | ၃၆၂၅ | ၃၃၅၀ | ၃၃၅၀ | ၃၄၂၀ | ၃၃၈၅ | ၃၄၀၅ | ၃၆၆၅ | - |
| HSD (10 ppm) | ၃၂၆၀ | ၃၃၇၅ | ၃၃၄၀ | ၃၂၇၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၁၅ | ၃၃၃၀ | - | ၃၆၂၅ | ၃၃၅၀ | ၃၃၅၀ | ၃၄၂၀ | ၃၃၈၅ | ၃၄၀၅ | ၃၆၆၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၃၉ | ၂၉၂၉ |
| 95 Ron | ၂၉၄၆ | ၃၀၃၈ |
| HSD (500 ppm) | ၂၄၇၈ | ၂၅၅၇ |
| HSD (50 ppm) | ၃၀၈၃ | ၃၁၇၄ |
| HSD (10 ppm) | ၃၀၈၃ | ၃၁၇၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ချမ်းအေးသာစံမြို့နယ်တွင် ငွေကျပ်သိန်း ၅၇၅၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂ သိန်း ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁

ချမ်းအေးသာစံမြို့နယ်တွင် ငွေကျပ်သိန်း ၅၇၅၀ တန်ဖိုးရှိဘိန်းဖြူ ၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာလ ၂၇ ရက်ညနေ ၃ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ ၃၅ လမ်းနှင့် ၅၅ လမ်းထောင့်တွင်ဟိန်းသူအောင်မောင်းနှင်ပြီး သန်းဇော်ငြိမ်းလိုက်ပါလာသည့် HIACE မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၂ ဒသမ ၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ညနေ ၃ နာရီခွဲအချိန် ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ ၅၄ (A)လမ်း x ၃၂(A)လမ်းထောင့်ရှိ မူးယစ်ဆေးဝါးများသယ်ဆောင်ခိုင်းသူ သိန်းနိုင်ဦး၏ နေအိမ်မှ ဘိန်းဖြူ ၈ ဒသမ ၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂ သိန်း ဆက်လက်သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ်သိန်း ၅၇၅၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၁ ကီလိုနှင့်စိတ်ကြွရူးသွပ်ဆေးပြား ၂ သိန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

(သတင်းစဉ်)



ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

### ညအပူချိန် လျော့နည်းခဲ့သော စခန်းများ၏ ၁-၁-၂၀၂၅ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၀.၀ | ၃၂.၀ |
| ပြင်ဦးလွင်မြို့ | ၅.၂ | ၄၁.၄ |
| ဟဲဟိုးမြို့ | ၅.၄ | ၄၁.၇ |
| တီးတိန်မြို့ | ၅.၅ | ၄၁.၉ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း)နှင့် ပင်လောင်းမြို့ | ၆.၀ | ၄၂.၈ |
| လွိုင်လင်မြို့ | ၇.၁ | ၄၄.၈ |
| ပူတာအိုမြို့ | ၇.၂ | ၄၅.၀ |
| မြစ်ကြီးနားမြို့ | ၇.၄ | ၄၅.၃ |







## အစုရှယ်ယာရှင်များအဖွဲ့ အထူးအစည်းအဝေးမှတ်တမ်း

“Kyaw (KMA) Media & Advertising Company Limited”သည် (၂၇-၁၂-၂၀၂၄)နေ့ အထူးအစည်းအဝေးဆုံးဖြတ်ချက်များအရ ကုမ္ပဏီ၏မတည်ငွေရင်းအား(ကျပ်သိန်းတစ်ထောင်)တိတိမှ(ကျပ်သိန်းရှစ်ဆယ်)တိတိသို့ လျှော့ချသွားရန်ဆွေးနွေးကြရာ အစုရှယ်ယာရှင်များက သဘောတူအတည်ပြုကြောင်းဆုံးဖြတ်ကြပါသည်။

## အစုရှယ်ယာမတည်ရင်းနှီးမြှုပ်နှံငွေလျှော့ချခြင်း

ZO INPUI COMPANY LIMITED ၏ ကုမ္ပဏီဒါရိုက်တာအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ Share Amount သိန်း(1,000)မှ သိန်း(50)သို့ လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

KHIN MG WIN(MD)
ZO INPUI COMPANY LIMITED

## ပျောက်ဆုံးကြောင်း

ဦးဝင်းအောင်(ဘ)ဦးချစ်ဆိုင် ၁၀/မဒန(နိုင်)၀၅၃၀၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၈၉၀၄၉၄၄

## ပျောက်ဆုံးကြောင်း

ယဉ်မင်းထွေး(ဘ)ဦးမောင်ငယ် ၁၀/သထန(နိုင်)၂၁၈၆၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၅၄၂၆၅၁

## ပြည်ထဲရေးဝန်ကြီးဌာန
## စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
## Profile အောင်မြင်သည့်ကုမ္ပဏီအမည်စာရင်း ကြော်ငြာခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သောစက်နှင့်စက်ပစ္စည်းများ၊ လုံခြုံရေးသုံးပစ္စည်းများ၊ စစ်ဆေးရေးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ အခြားရုံးသုံးပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာတင်သွင်းထားသောလုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၂-၁-၂၀၂၅ ရက်နေ့မှစတင်၍ သက်ဆိုင်ရာတပ်ဖွဲ့/ ဦးစီးဌာန(ရုံးချုပ်)များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ စက်နှင့်စက်ပစ္စည်းဝယ်ယူမှုလုပ်ငန်းများအတွက် ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံတင်သွင်းရမည့်ကုမ္ပဏီများအနေဖြင့် လုပ်ငန်းအုပ်စုအမှတ်စဉ်အလိုက် ၆-၁-၂၀၂၅ ရက်နေ့မှစတင်၍ သတ်မှတ်နေ့ရက်များတွင် ၀၈၃၀ နာရီမှ ၁၀၀၀ နာရီအထိ ဒက္ခိဏသီရိမြို့နယ်၊ ကြာပင်အုပ်စု၊ ထန်းတပင်ကျောက်မျက်ကွက်သစ်၊ တော်ဝင်ရတနာလမ်း(ဆုတောင်းပြည့်ကျောင်းတိုက်အနီး)ရှိ **ဒက္ခိဏခရိုင် မီးသတ်စခန်း**တွင် တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသောဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖုန်း-၀၆၇-၃၄၁၂၅၁၂၊ ၀၆၇- ၃၄၁၂၄၀၂

( ခ ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၆၇-၃၄၁၂၇၇၊ ၀၆၇- ၃၄၁၂၈၂၁

**စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ညီညီအောင်(ဘ)ဦးအေးသန်း ၁၂/ဥကတ(နိုင်)၁၅၉၇၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 246105)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၀၃၉၅

## ပျောက်ဆုံးကြောင်း

ကျိန်ရှင်းမန်း(ဘ)ဦးဝုန့်ဆွင်းပေါင် ၄/တတန(နိုင်)၀၁၆၀၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း

တိုးအောင်(ဘ)ဦးထွန်းသောင်း ၁၂/လကန(နိုင်)၀၅၃၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း

ဦးထွန်းအေး(ဘ)ဦးသိန်းမောင် ၁၂/တတန(နိုင်)၀၇၁၂၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း

သီတာဝင်း(ဘ)ဦးနေမင်း ၉/မခန(နိုင်)၂၈၂၀၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း

နှင်းဥရွှေရည်(ဘ)ဦးတင်ရှိန် ၈/တတက(နိုင်)၂၂၄၄၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 540101)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း

နဒီသဲမောင်(ဘ)ဦးချစ်သဲမောင် ၁၃/မမတ(နိုင်)၀၅၄၇၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၁၁၉၅၀၈

## ပျောက်ဆုံးကြောင်း

လီရှောင်လို(ဘ)လီဟိုက်ရှန်း ၁၃/လကန(နိုင်)၀၁၄၃၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 348777)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၇၇၉၅၄၅၇

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ရေလည်ကွေ့ရွာနေ သီတာလင်း(ဘ)ဦးလှမြင့် ၉/ဝတန(နိုင်)၂၆၄၇၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 680135)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၅၈၀၅၅၇

## ပျောက်ဆုံးကြောင်း

မိအားစော(ဘ)ဦးအေးသိန်း ၁၀/ကမရ(နိုင်)၁၃၇၄၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၁၅၄၆၇၅

## ပျောက်ဆုံးကြောင်း

ရဲသွေးဝင်း(ဘ)ဦးဝင်းမြင့် ၁၀/မလမ(နိုင်)၂၃၀၁၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၈၀၄၇၆၉၉

## ပျောက်ဆုံးကြောင်း

ထိုက်ဇင်မာအောင်(ဘ)ဦးမြင့်အောင် ၁၀/မလမ(နိုင်)၁၈၉၈၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၅၄၂၆၅၁

## ပျောက်ဆုံးကြောင်း

သန်းထိုက်(ဘ)ဦးစံညွန့် ၁၀/မဒန(နိုင်)၀၈၇၈၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၂၆၉၁၅၄၃

## ပျောက်ဆုံးကြောင်း

ထွန်းထွန်းနိုင်(ဘ)ဦးလှဦး ၁၂/သခန(နိုင်)၀၅၂၉၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 077086)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၁၃၉၆၃၇

## ပျောက်ဆုံးကြောင်း

ကြူကြူထွန်း(ဘ)ဦးကြည်ထွန်း ၁၂/ဥကတ(နိုင်)၁၀၁၈၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၂၆၀၃၅၄

## ပျောက်ဆုံးကြောင်း

ချစ်ကိုကို(ဘ)ဦးလှရွှေ ၁၀/မလမ(နိုင်)၂၇၂၆၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၇၆၄၉၅၂၀

## ပျောက်ဆုံးကြောင်း

ဝေဝေနှင်း(ဘ)ဦးဝင်းလှိုင်ဦး ၁၀/ဘလန(နိုင်)၁၇၆၇၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၉၂၇၂၃၆

## ပျောက်ဆုံးကြောင်း

ချိုချိုမော်(ဘ)ဦးလှထွန်း ၁၂/ကတတ(နိုင်)၀၀၀၆၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၈၀၄၇၆၉၉

## ပျောက်ဆုံးကြောင်း

သင်းသင်းမော်(ဘ)ဦးသိန်းဝင်း ၁၂/အစန(နိုင်)၀၆၅၈၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 993678)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၄၀၈၈၀၂၉၅

## ပျောက်ဆုံးကြောင်း

နန့်နွေဇင်မိုး(ဘ)ဦးလှမိုး ၁၄/ကပန(နိုင်)၂၆၇၄၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

ခင်လှသွယ်(ဘ)ဦးထွန်းရင် ၁၂/သဃက(နိုင်)၁၃၃၃၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၁၈၁၇၄၁၂

## ပျောက်ဆုံးကြောင်း

ချမ်းထက်အောင်(ဘ)ဦးညွန့်လှိုင် ၉/နထက(နိုင်)၂၂၁၅၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၉၃၉၃၇၈၂

## ဖခင်အမည်မှန်

သာစည်မြို့နယ်၊ ဆည်ကြီး(တ)၊ ဆည်ကြီးအလက(ခွဲ)မှ ဒေါ်တင်တင်ငြိမ်း၏ဖခင်အမည်မှန်မှာ ဦးရွှေဝ DX ၀၂၀၈၈၄ ဖြစ်ပါကြောင်း။
ဦးရွှေဝ

## ပျောက်ဆုံးကြောင်း

ဒေါ်သန်းအေး(ဘ)ဦးချစ်စိန် ၁၂/တတန(နိုင်)၀၇၁၂၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း

သန်းတင်(ဘ)ဦးကျော်ဖေ ၁၁/ကဖန(နိုင်)၀၀၆၄၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 593261)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၇၂၈၅၀၃

## ပျောက်ဆုံးကြောင်း

ဖူးရတီကျော်(ဘ)ဦးကျော်စွာမြင့် ၁၂/ဥကမ(နိုင်)၁၉၅၉၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၄၇၁၇၆၃

## ပျောက်ဆုံးကြောင်း

ဖြိုးမေမေအောင်(ဘ)ဦးသိန်းသိန်း ၁၂/ဒဂရ(နိုင်)၀၂၀၉၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

ပိုးနန္ဒာကျော်(ဘ)ဦးခင်ဇော်ထွန်း ၈/ပခက(နိုင်)၃၄၀၃၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း

ကျော်မင်းဘို(ဘ)ဦးမြင့်စိန် ၁၄/မမန(နိုင်)၂၁၉၀၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပျောက်ဆုံးကြောင်း

မောင်ဝဏ္ဏစိုး(ဘ)ဦးစိုးတင့် ၁၂/လမတ(နိုင်)၀၀၃၀၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၀၇၅၄၇၈၀

## အစုရှယ်ယာမတည်ရင်းနှီးမြှုပ်နှံငွေလျှော့ချခြင်း

SANG SANG A & E LIMITED ၏ ကုမ္ပဏီဒါရိုက်တာအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ Share Amount(303,312,000) (သုံးထောင့်သုံးဆယ့်သုံးသိန်းတစ်သောင်းနှစ်ထောင်)ကျပ်မှ (151,560,000)(တစ်ထောင့်ငါးရာတစ်ဆယ့်ငါးသိန်းခြောက်သောင်း)ကျပ်တိတိသို့ လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

HNIN YU HTUT (DIRECTOR)
SANG SANG A & E LIMITED

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရွှေညောင်မြို့၊ ရတနာ-၁ ရပ်ကွက်နေ အဘ ဦးသက်လွင် ၁၃/တကန(နိုင်)၀၃၈၂၉၂ ၏သား မောင်တေဇာနိုင်သည် မိဘဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဦးသက်လွင်

## ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နေ အောင်သူ(ဘ)ဦးကံတင် ၈/နမန(နိုင်)၁၇၉၈၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 469668)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၂၄၄၂၆၃၈

## ပျောက်ဆုံးကြောင်း

ဒေါ်နီမာ(ဘ)ဦးမြင့်ဆွေ ၁၂/မဂဒ(နိုင်)၁၅၄၁၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**အလိမ္မာစာမှာရှိ**

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ “ရွှေစင်အကယ်ဒမီရွှေဆိုင်”အား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းမျိုးစုံ ၃ ပိဿာ ၅၅ ကျပ်သားခန့် (တန်ဖိုးငွေကျပ်သိန်း ၃၀၀၀၀ ခန့်)အား လုယက်မှုကျူးလွန်သူ တရားခံအမျိုးသား ၂ ဦးအား သက်သေခံရွှေထည်ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့ ညနေ ၅ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ ၇၇ လမ်း၊ ၃၆ လမ်းနှင့် ၃၇ လမ်းကြားရှိ “ရွှေစင်အကယ်ဒမီရွှေဆိုင်”၌ ရွှေဆိုင်ပိုင်ရှင် ဒေါ်ဝင်းဝင်းအေး(၅၂)နှစ်သည် ဆိုင်ပိတ်ပြီး ဆိုင်အတွင်းအရောင်းဝန်ထမ်းများနှင့်အတူရှိနေစဉ် နံပါတ်မပါ Click အနက်ရောင်ဆိုင်ကယ် ၁ စီးဖြင့် Mask များတပ်ဆင်ထားသည့် အမျိုးသား ၃ ဦး(စိစစ်ဆဲ)ရောက်ရှိလာပြီး ၁ ဦးမှာ ဆိုင်ပေါက်ဝတွင်စောင့်နေကာ ပစ္စတိုသေနတ်ကိုယ်စီကိုင်ဆောင်ထားသည့် အမျိုးသား ၂ဦးမှာ ဆိုင်အတွင်းသို့ဝင်ရောက်၍ သေနတ်ပြခြိမ်းခြောက်ပြီး ကောင်တာဘေးစားပွဲပေါ်တွင်တင်ထားသော ရွှေထည်အတုံး/ဆွဲကြိုး/လက်ကောက်ထည့်ထားသည့်ပလတ်စတစ်ပုံး ၃ပုံးအတွင်းမှရွှေထည်ပစ္စည်းမျိုးစုံ စုစုပေါင်းရွှေအလေးချိန် ၃ ပိဿာ ၅၅ ကျပ်သားခန့်(တန်ဖိုးငွေကျပ်သိန်း ၃၀၀၀၀ ခန့်)အား လုယက်ယူဆောင်ထွက်ပြေးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး မဟာအောင်မြေမြို့မရဲစခန်း(ပ)၃၃၀/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့် အမှုရေးဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။




မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ “ရွှေစင်အကယ်ဒမီရွှေဆိုင်”အား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းမျိုးစုံ ၃ ပိဿာ ၅၅ ကျပ်သားခန့် (တန်ဖိုးငွေကျပ် သိန်း ၃၀၀၀၀ ခန့်)အား လုယက်မှုကျူးလွန်သူ တရားခံ အမျိုးသား ၂ ဦး (ဝဲမှယာ) တရားခံ ဖြိုးသက်အောင်(ခ) ဖြိုးလေး၊ ဇင်မျိုးထိုက်(ခ) ဇင်မျိုးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူတရားခံများအား ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်းသတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ “ရွှေစင်အကယ်ဒမီရွှေဆိုင်” အား လုယက်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် ဆိုင်ကယ် ၂ စီးအနက် 36W/ 96027 Honda CBR 150 အမျိုးအစားဆိုင်ကယ်အား ချမ်းအေးသာစံမြို့နယ်၊ “အလင်းရောင်” ဆိုင်ကယ်ပြုပြင်ရေးဆိုင်၌ အမျိုးသားတစ်ဦး(စိစစ်ဆဲ)မှပြန်လည်ရောင်းချပေးရန် လာရောက်အပ်နှံထားကြောင်းသိရှိရ၍ စောင့်ဆိုင်းဖမ်းဆီးခဲ့ရာ လုယက်မှုကျူးလွန်ခဲ့သည့်တရားခံ ပုသိမ်ကြီးမြို့နယ်၊ ငွေ့ကြီးကုန်းကျေးရွာနေ ဖြိုးသက်အောင်(ခ) ဖြိုးလေး(၂၅)နှစ်(ဘ)ဦးတင်အောင်အား ဒီဇင်ဘာလ ၂၃ ရက်နေ့ ညနေ ၄ နာရီ ၂၀ မိနစ်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်ရှိ “K-Mandalay” လက်ဖက်ရည်ဆိုင်အနီး၌ ဖမ်းဆီးရမိခဲ့ပြီး လုယက်ကျူးလွန်ရာမှ ဝေစုအဖြစ်ရရှိခဲ့သည့် ရွှေထည်ပစ္စည်းများအား ၎င်းနေအိမ်၌ သိမ်းဆည်းထားကြောင်းထွက်ဆိုချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေခဲ့ရာ ၎င်း၏နေအိမ်ရှိ Air Cooler အတွင်းမှ သက်သေခံရွှေထည်ပစ္စည်းမျိုးစုံ (၆၂)ကျပ်သား၊ (၄)ပဲ၊ (၂)ရွေးအား သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ဖမ်းဆီးရမိတရားခံ ဖြိုးသက်အောင်(ခ)ဖြိုးလေး၏ ထွက်ဆိုချက်အရလုယက်မှုကျူးလွန်ရာ၌ပါဝင်သူ တရားခံ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်နေ ဇင်မျိုးထိုက် (ခ)ဇင်မျိုး(၂၉)နှစ်(ဘ) ဦးဖဲမောင်အား ဒီဇင်ဘာလ ၂၄ ရက်နေ့ နံနက် ၂ နာရီခွဲတွင် ၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် SGG-47W/12410 Honda Click ဆိုင်ကယ် ၁ စီး၊ နေအိမ်အပေါ်ထပ်ရှိ Air Con အပေါ်မှ လုယက်ကျူးလွန်ရာမှ ဝေစုအဖြစ်ရရှိခဲ့သည့် ရွှေထည်ပစ္စည်းမျိုးစုံ (၂၄)ကျပ်သားခန့်တို့အားလည်းကောင်း။

ဒီဇင်ဘာလ ၂၅ ရက်နေ့ ည ၁၀ နာရီခွဲတွင် ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄) ရပ်ကွက်တွင်နေထိုင်သော ဖမ်းဆီးရန်ကျန် တရားခံ အောင်မျိုးသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ တရားခံ အောင်မျိုးသူအား တွေ့ရှိရခြင်းမရှိဘဲ ၎င်းအသုံးပြုသော KYN-47B/5913 Honda Fit ယာဉ်၏ လေထိုးစက်အံ့ဝှက်ခန်းအတွင်းမှ လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့်ရွှေထည်ပစ္စည်းမျိုးစုံ ၇၈ ကျပ်၅ မူးသားအားလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဖြိုးသက်အောင်(ခ) ဖြိုးလေးနှင့် ဇင်မျိုးထိုက်(ခ)ဇင်မျိုးတို့၏ ထွက်ဆိုချက်အရ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ၎င်းတို့နှင့် ခင်မင်ရင်းနှီးသူ မြဝတီမြို့နေ ဖမ်းဆီးရန်ကျန် တရားခံအောင်မျိုးသူနှင့် ဝင်းမြတ်သူတို့ ၂ ဦးမှာ မန္တလေးမြို့သို့ ရောက်ရှိနေကြောင်းသိရှိရသဖြင့်သွားရောက်တွေ့ဆုံခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် အောင်မျိုးသူထံတွင် ပစ္စတိုသေနတ် ၂ လက်ရှိကြောင်း၊ ၎င်းပစ္စတိုသေနတ်များအား အသုံးပြုကာ အောင်မျိုးသူမှခေါင်းဆောင်၍ ၎င်းတို့ ၄ ဦးသည် မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက် ၇၇ လမ်း၊ ၃၆ လမ်းနှင့် ၃၇ လမ်းကြားရှိ “ရွှေစင်အကယ်ဒမီရွှေဆိုင်”အား ဝင်ရောက်လုယက်ရန် တိုင်ပင်ခဲ့ကြကြောင်း၊ နောက်ရက်များတွင် “ရွှေစင်အကယ်ဒမီရွှေဆိုင်”အနီးပတ်ဝန်းကျင်သို့ သွားရောက်ကာ တစ်ဦးချင်းအလှည့်ကျ ၇ ရက်ခန့်အခြေအနေစောင့်ကြည့်ခဲ့ကြပြီး ဒီဇင်ဘာလ ၁၈ ရက်နေ့ ညနေ ၅ နာရီအချိန်တွင် ရွှေဆိုင်လုံခြုံရေးဝန်ထမ်း ပြန်သွားပြီးနောက် ဖြိုးသက်အောင်(ခ) ဖြိုးလေး၊ ဝင်းမြတ်သူ၊ အောင်မျိုးသူတို့မှ CLICK ဆိုင်ကယ်ဖြင့်လည်းကောင်း၊ ဇင်မျိုးထိုက်(ခ)ဇင်မျိုးမှ CBR ဆိုင်ကယ်ဖြင့်လည်းကောင်း သွားရောက်ခဲ့ပြီး ဇင်မျိုးထိုက်(ခ)ဇင်မျိုးမှ ရွှေဆိုင်အနီး၌ CBR ဆိုင်ကယ်အား ကျယ်လောင်ဆူညံစွာ မောင်းနှင်၍ပတ်ဝန်းကျင်အား အာရုံလွှဲထားပြီး အောင်မျိုးသူနှင့် ဝင်းမြတ်သူတို့မှ ပစ္စတိုသေနတ်များကိုယ်စီကိုင်ဆောင်၍ ဖြိုးသက်အောင်(ခ) ဖြိုးလေးနှင့်အတူ ရွှေဆိုင်အတွင်းဝင်ရောက်ကာ ဆိုင်ဝန်ထမ်းများအား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများအား လုယက်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း။



(ဝဲမှယာ) ဖမ်းဆီးရန်ကျန် တရားခံ ဝင်းမြတ်သူ၊ အောင်မျိုးသူ။

လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် ရွှေထည်ပစ္စည်းများအား ခေါင်းဆောင်ဖြစ်သူ အောင်မျိုးသူနှင့် ဝင်းမြတ်သူတို့မှ (၁)ပုံ၊ ဖြိုးသက်အောင်(ခ)ဖြိုးလေးနှင့် ဇင်မျိုးထိုက်(ခ)ဇင်မျိုးတို့မှ (၁)ပုံစီ အသီးသီးခွဲဝေယူခဲ့ကြောင်း၊ ရွှေထည်ပစ္စည်းများအား ခွဲဝေရာတွင် ချိန်ခွင်ဖြင့် အတိအကျမခွဲဘဲ အရွယ်အစားအလိုက်ခန့်မှန်း၍ ဆွဲကြိုး၊ ခေါက်သီး၊ လက်ကောက်၊ လက်စွပ်၊ အကြီးအသေး စသည်တို့ကို အချိုးကျခွဲဝေယူခဲ့ကြခြင်းဖြစ်ကြောင်းနှင့် လုယက်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် ပစ္စတိုသေနတ် ၂ လက်မှာ အောင်မျိုးသူမှ မြဝတီမြို့၌ နေထိုင်စဉ် အမျိုးသားတစ်ဦး(စိစစ်ဆဲ)ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် “ရွှေစင်အကယ်ဒမီရွှေဆိုင်” အား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများအား လုယက်မှုကျူးလွန်ခဲ့သည့် ဖမ်းဆီးရမိတရားခံ ဖြိုးသက်အောင်(ခ) ဖြိုးလေးနှင့် ဇင်မျိုးထိုက်(ခ) ဇင်မျိုးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရန်ကျန်တရားခံ အောင်မျိုးသူနှင့် ဝင်းမြတ်သူတို့အား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

---

# ညောင်လေးပင်ခရိုင်၊ မူးမြို့နယ်၊ သေဂေလူရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များထောင်ထားသည့် မိုင်းနင်းမိပြီး ဒေသခံပြည်သူ ၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ




**နေပြည်တော် ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ မူးမြို့နယ်၊ သေဂေလူရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထောင်ထားသည့် မိုင်းနင်းမိပြီး ဒေသခံပြည်သူ ၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းဖြစ်စဉ်မှာမှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ဒေသကောင်းစားရေးဟုသုံးနှုန်း၍ အမှန်တကယ်တွင် လူနေ မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်းများကြောင့် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏နေရပ်မှ ယာယီနေရပ်စွန့်ခွာနေရကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် အစိုးရအုပ်ချုပ်မှု ယန္တရားများ ရပ်တန့်စေရန်အတွက် ဌာနဆိုင်ရာအဆောက်အဦများ၊ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်းများ လုပ်ဆောင်နေသည်ကို ပြည်သူအားလုံးအသိပင်ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်းကြောင့် ပြည်သူများသေဆုံးရသည်ကို ဖုံးကွယ်ပေးရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန်အတွက် အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

## အကြိမ်(၇၀)မြောက် ကျပ်(၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့

| အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု | အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု | အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု |
|---|---|---|
| င - ၆၁၃၂၃၀ | ဃ - ၃၃၆၀၆၈ | ဇ - ၉၀၂၆၈၈ |

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀) ဆုများ

| | |
|---|---|
| စ - ၃၅၄၁၈၇ | ဇ - ၇၅၇၁၆၆ |
| ဃ - ၃၆၉၄၀၇ | င - ၉၃၆၆၃၆ |

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀) ဆုများ

| | |
|---|---|
| ဇ - ၁၄၀၂၁၇ | ဇ - ၃၆၁၈၀၂ |
| စ - ၂၁၄၃၅၉ | က - ၉၅၈၃၄၄ |
| ဆ - ၃၃၃၄၆၈ | |

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀) ဆုများ

| | | |
|---|---|---|
| ဂ - ၁၁၂၀၉၉ | ဇ - ၅၈၈၁၉၆ | စ - ၈၂၀၅၂၁ |
| ဇ - ၁၃၆၀၆၁ | ခ - ၆၁၁၉၁၆ | င - ၈၃၂၉၂၁ |
| ခ - ၂၀၇၅၇၈ | ဃ - ၈၀၅၅၉၀ | ဂ - ၉၉၈၃၁၅ |
| ခ - ၄၇၈၄၂၉ | | |

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀) ဆုများ

| | |
|---|---|
| စ - ၁၂၀၂၉၅ | ဂ - ၇၇၇၉၈၁ |
| ဃ - ၁၄၀၄၃၆ | င - ၈၁၂၄၆၁ |
| ဃ - ၁၅၈၉၅၈ | ဆ - ၈၁၆၆၈၆ |
| က - ၂၉၀၂၉၂ | စ - ၈၁၇၄၂၀ |
| ဂ - ၃၈၃၂၆၆ | ခ - ၈၉၈၉၃၁ |
| က - ၆၂၈၆၅၃ | ဇ - ၉၅၆၇၃၃ |
| စ - ၇၁၄၄၃၁ | |

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀) ဆုများ

| | | |
|---|---|---|
| ဂ - ၂၀၀၃၉၈ | င - ၃၃၀၃၁၁ | င - ၇၃၆၈၂၅ |
| င - ၂၂၁၄၆၇ | စ - ၃၆၅၄၀၇ | င - ၈၀၀၁၄၉ |
| ဇ - ၂၃၄၆၉၇ | က - ၄၇၀၈၀၂ | ဂ - ၈၉၂၀၉၅ |
| ခ - ၂၄၃၆၆၉ | ဆ - ၄၉၂၁၇၉ | င - ၉၈၅၉၁၃ |
| က - ၂၄၅၄၄၂ | ဂ - ၆၀၆၃၁၄ | ခ - ၉၉၄၁၀၄ |
| က - ၂၇၄၂၀၀ | | |

### ဆုတစ်ဆုချင်းကျပ် (၁၀) သိန်းဆုများ

| | | |
|---|---|---|
| က - ၁၂၈၀၀၂ | င - ၅၀၁၉၅၅ | စ - ၇၄၈၆၁၉ |
| က - ၁၈၇၈၁၆ | ခ - ၅၈၀၉၁၅ | င - ၇၇၅၆၁၇ |
| ဇ - ၂၅၇၁၃၆ | ဇ - ၅၈၆၅၂၆ | က - ၈၄၂၁၃၀ |
| စ - ၃၆၈၀၃၁ | ခ - ၆၄၃၅၈၃ | ဂ - ၈၆၉၃၃၀ |
| ဆ - ၃၇၂၉၆၇ | ဇ - ၇၀၁၇၈၆ | ဇ - ၉၃၆၁၂၄ |

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၃) ယူနစ်

| | |
|---|---|
| င - ၁၂၆၂၁ | င - ၈၇၃၂၉ |
| ဆ - ၁၇၀၄၃ | |

အကွာရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၈) ယူနစ်

| | |
|---|---|
| က - ၂၀၆၂ | က - ၇၀၁၃ |
| ဃ - ၃၆၄၇ | င - ၇၂၆၀ |
| ဂ - ၃၉၄၅ | ဃ - ၈၉၀၂ |
| င - ၄၆၁၀ | ဂ - ၉၆၉၆ |

အကွာရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၆) ယူနစ်

| | | |
|---|---|---|
| ဆ - ၄၀၀ | ခ - ၇၂၉ | ခ - ၇၈၀ |
| ဂ - ၄၅၁ | ဂ - ၇၅၁ | ဇ - ၉၃၆ |

အကွာရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ (၃) ယူနစ်

| | |
|---|---|
| ဇ - ၄၂ | ဇ - ၉၅ |
| က - ၆၇ | |

အကွာရာနှင့် ရှေ့ဂဏန်း (၂) လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု (၁) ယူနစ်

က - ၃

အကွာရာနှင့် ရှေ့ဂဏန်း (၁) လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည်ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | |
|---|---|
| ဆ - ၃၉၀၄၀၆ | ဂ - ၇၆၇၄၆၆ |
| ဆ - ၄၆၆၂၉၅ | ဇ - ၉၀၉၄၁၄ |

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၂) ယူနစ်

က - ၃၆၅၉၅ စ - ၈၄၆၈၇

အကွာရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၂) ယူနစ်

က - ၁၀၀၇

ဂ - ၁၈၂၆

အကွာရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၂) ယူနစ်

စ - ၂၀၉

ဃ - ၂၄၀

အကွာရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တွင်ကျင်းပသည့် အကြိမ်(၇၀) မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၃၉၁၂၀) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်းကံထူးရှင် (၁၃၉၁၂၀)ဦးဖြစ်ပါသည်။

၂။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင်ဖွင့်လှစ်မည့် (၇၁)ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့်အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၈) လုံးဖြစ်ပါသည်။

၃။ အကြိမ်(၇၀)မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဆုမဲများအနက် ကျပ် (၁၀) သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂-၁-၂၀၂၅)ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၃-၁-၂၀၂၅) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.ird.gov. mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS
Certification
UKAS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com


ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
RHINO PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
PREMIUM QUALITY CEMENT
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
THE BEST QUALITY TYRE

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

---

❖ **အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြို့ရွာများရှိ ပြည်သူလူထုများ၏နေအိမ်များ၌ ဝင်ရောက်နေထိုင်၍ အကာအကွယ်ယူတိုက်ခိုက်ကြခြင်းဖြစ် . . .**

❖ **၎င်းတို့ယာယီအားဖြင့် ထိန်းသိမ်းထားသည့်မြို့ရွာများ၊ နေရာဒေသများတွင်လည်း ပြည်သူလူထုကိုအကာအကွယ်ယူ၍ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှကောက်နုတ်ချက်)

---



ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS) ပန်းပွဲတော်တွင် လာရောက်အပန်းဖြေသူများဖြင့်စည်ကားနေမှုကိုတွေ့ရစဉ်။

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS) ပန်းပွဲတော်သို့ အေးချမ်းပျော်ရွှင်စွာ လာရောက်အပန်းဖြေသူများနှင့် စည်ကားများပြားလျက်ရှိ

ပြင်ဦးလွင် ဇန်နဝါရီ ၁

နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE.FALLS) ပန်းပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ အေးချမ်းပျော်ရွှင်စွာ လာရောက်အပန်းဖြေသူများနှင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ပြင်ဦးလွင်-လားရှိုး ကားလမ်းမကြီးအနီးရှိ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE.FALLS)အား နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းတစ်ခုအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ပြီး အဆင့်မြင့် ခေတ်မီ 5D LED DIGITAL မှန်တံတား၊ ခေတ်မီ ကလေးကစားကွင်း၊ Jumping Cloud၊ ကြိုးတံတား၊ အလှသစ်လုံးအိမ်၊ တောတွင်းလျှောက်လမ်း၊ အမှတ်တရအလှဓာတ်ပုံရိုက်ကူးရန်နေရာများ၊ အဆင့်မြင့်ကော်ဖီဆိုင်နှင့် စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ **စာမျက်နှာ ၁၅ ကော်လံ ၁** ❏

---

**မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ “ရွှေစင်အကယ်ဒမီရွှေဆိုင်”အား သေနတ်ပြခြိမ်းခြောက်၍ရွှေထည်ပစ္စည်းမျိုးစုံ ၃ ပိဿာ ၅၅ ကျပ်သားခန့်(တန်ဖိုးငွေကျပ်သိန်း ၃၀၀၀၀ ခန့်)အား လုယက်မှုကျူးလွန်သူ တရားခံအမျိုးသား ၂ ဦးအား သက်သေခံရွှေထည်ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ**

စာ - ၂၉ သို့

**တရားမဝင် သစ်မျိုးစုံ၊ ကျောက်မျက်ရတနာများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

စာ -၂၇ သို့

**ချမ်းအေးသာစံမြို့နယ်တွင် ငွေကျပ်သိန်း ၅၇၅၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၁ ကီလိုနှင့်စိတ်ကြွရူးသွပ်ဆေးပြား ၂ သိန်း ဖမ်းဆီးရမိ**

စာ - ၂၇ သို့